
# ယင်းရောင်တော်

ဒေဒွန်ခင်းမှုန်မှုန်



စာမူခွင့်ပြုချက်အမှတ် ၅၁၄/၉၉ (၅)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၈၄/၉၉ (၉)

ပထမအကြိမ်၊ ၁၉၉၉-ခုနှစ်
အုပ်ရေ-၅၀၀။

တန်ဖိုး * ၃၀-ကျပ်

ထုတ်ဝေသူ * ဝင်းမြင့်အောင်စာပေ (မြ-၀၁၅၁၂)
၃၁၅၊ ၂-ခ ရပ်ကွက်၊
ထောက်ကြန့်တိုးချဲ့၊
မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

မျက်နှာဖုံးရိုက် * ဦးဝင်းနိုင်(၀၅၃၅၁)
ဝေယံပုံနှိပ်တိုက်၊
အမှတ် ၂၅/၂၇၊ တက္ကသိုလ်ရိပ်သာ
လမ်းသစ်၊ ဆရာစံရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ * ဒေါ်ခင်ကြွေ (မြ-၀၄၇၈၀)၊
ရတနာမဥ္ဇူပုံနှိပ်တိုက်၊
အမှတ်-၂၀၇၊ ဝေဇယန္တာလမ်း၊
၁၆/၂-ရပ်ကွက်၊ သယ်န်းကျွန်း၊
ရန်ကုန်မြို့။

ဖြန့်ချိရေး * အောင်မြင်စာပေ
၂၉-ဃ၊ သီတာလမ်း၊ ကျောက်မြောင်း၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။

## ဤစာတ်လမ်းတွင် ပါဝင်သောအခန်းစဉ်များ

၁။ လူမဟုတ်သော မိန်းကလေး
၂။ မီးဝင်းဝင်းတောက်မျက်လုံးများ
၃။ ဓာတ်တိုင်ကို ထုံးသုတ်ထားသလို လူတစ်ယောက်
၄။ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ရည်ရွယ်သောအလှူ
၅။ မှုန်မှုန်က ဒေါ်သင်းထုံ ဖြစ်သွားခြင်း
၆။ ပုံပြောကောင်းသော မိန်းမချော
၇။ လူကောင်းလျှင် ခေတ်ကောင်းမည်
၈။ ငှက်ကြီးတောင်နှင့် ဖိတ်ခေါ်သူ
၉။ အချစ်မမြဲသော မောင်ချစ်မြဲ
၁၀။ ဖြေလျှော့အာရုံ
၁၁။ ဆင်တူယိုးမှား
၁၂။ ရောဂါ ခြေရာကောက်
၁၃။ အဝေးကိုနှင်
၁၄။ စိတ်ရှုပ်ခြင်းသည် ဒေါသသဘောကိုဆောင်၏
၁၅။ အားလုံးကို နားလည်မိခြင်း
၁၆။ လိပ်ပြာရှိရာ ပန်းကလေးလာ
၁၇။ နှစ်ခါကွဲတဲ့အသည်း မဖြစ်စေချင်
၁၈။ ငွေနှင်းမှုန်မှုန်

# အခန်း (၁)

## လူမဟုတ်သော မိန်းတစ္ဆေ

လမင်းကြီးက ထိန်ထိန်သာနေသည်။

ဆောင်းရာသီ နတ်တော်လဖြစ်၍ ငွေနှင်းများက မှုန်ဝေနေအောင် ကျနေကြသည်။

ငွေနှင်းဖြူဖြူများကိုဖြတ်သန်းကျရောက်ရသောကြောင့် အလင်းသည်မပီ။ ဝန်းကျင်တစ်ခွင် အပြင်သည် မှုန်တရီဝိုးတဝါး အလင်းမျှသာ ရှိသည်။

လရောင်ခြည် တိုက်ရိုက်ထိခွင့်ရသော အရာဝတ္ထု အစိတ်အပိုင်းများကို မျက်လုံးဖြင့် မြင်ရသော်လည်း လရောင် စွေစောင်းစွာ ကျရောက်သည့် အရာများကိုမူ ပီပြင်စွာ မမြင်ရချေ။

သို့ဖြစ်၍ မြင်ကွင်းသည် လင်းတချို့ မှောင်တချို့ မြင်နေရသည်။ မြင်ရသည့် မြင်ကွင်းထဲတွင် ဖုန်းဆိုးပင်များ၊ ချုံပုတ်များက ကြီးစိုးမင်းမူနေ၏။

ချုံနွယ်ပိတ်ပေါင်းများက မြေဝင်းကျယ်ကြီးထဲတွင် ထွေးရှုပ်စွာ ပေါက်ရောက်နေကြ၏။

အချို့သည် စိမ်းစိုလျက်၊ အချို့သည် ဝါကျင် ခြောက်သွေ့လျက်၊ အချို့အပင်များတွင် အရွက်မရှိ၊ သစ်ကိုင်းသစ်ခက်များသာရှိသည်။ အချို့ ခြောက်သွေ့ကျိုးပြတ်နေကြသည်။

အဝါ၊ အနီရောင် အပွင့်ကလေးများပွင့်သည့် ကုလားမနားကပ် ပန်းချုံများ၏ အကြားတွင်မူ သေသေချာချာကြည့်ပါက အုတ်ဂူဖြူဖြူလေးကို တွေ့နိုင်သည်။ အုတ်ဂူလေးနှင့် မလှမ်းမကမ်းတွင်ကား ရိုးတံကျဲကျဲနှင့် ကုက္ကိုပင်အိုကြီး ရှိသည်။

ထိုကုက္ကိုပင်အိုကြီးတွင် သစ်ကပ်ပင်များ၊ နွယ်ပင်များ ရစ်သိုင်းလျက် ရှုပ်ရှုပ်ထွေးထွေး ရှိနေသည်။ ကုက္ကိုပင်အိုကြီး၏ ထိပ်ဖျားနားဆီ အကိုင်းအခက်များကြားတွင်ကား လဝန်းဝါဝါကြီး ရှိနေသည်။

လပြည့်ကျော်နှစ်ရက်နေ့လဖြစ်၍ အတော်လေး ပြည့်ဝန်း နေပေသေးသည်။



ထို လဝန်းဝါဝါ၊ ကုက္ကိုပင်အိုကြီး၊ ဖုန်းဆိုးတောနှင့် အုတ်ဂူဖြူဖြူလေးကို အချိန်အတန်ကြာသည့်တိုင် တွေတွေငေးငေး ကြည့်နေမိသူတစ်ဦး ရှိပါ၏။

ထိုသူကား မှုန်မှုန်ဟုခေါ်သော မိန်းမချောလေးပင်ဖြစ်သည်။

မှုန်မှုန်၏ အိပ်ခန်းပြတင်းပေါက်မှ လှမ်း၍ကြည့်လျှင် အထက်ပါမြင်ကွင်းများကို အတိုင်းသား မြင်တွေ့နေရသည်။

မှုန်မှုန်သည် မှန်ပြတင်းအပြင်ဘက်တွင် မြင်နေရသော လရောင်ပက်ဖျန်းထားသည့် သဘာဝပန်းချီကားကို တွေ့ရသောအခါ အားမရနိုင်သဖြင့် မှန်ပြတင်းကိုပါ ဖွင့်လှစ်လျက် ကြည့်နေမိခြင်း ဖြစ်သည်။

ပြတင်းကို ဖွင့်ထားသောကြောင့် ထိုဖုန်းဆိုးတောကို ဖြတ်သန်းတိုက်ခတ်လာသည့် ညင်းညံ့ညံ့ လေနုအေးကလေးက အခန်းတွင်းသို့ ဝင်ရောက်လာနေလေသည်။

ထို လေနုအေးကလေးထဲတွင် ငွေနှင်းမှုန်မှုန်တို့လည်း ရောနှောပါလာကြလေသည်။ လေနုအေးကလေး တသုန်သုန် တိုက်ခတ်နေသောကြောင့် ပြတင်းပေါက် ခန်းဆီးလိုက်ကာ ပန်းနုရောင်အစကလေးများမှာလည်း တလွင့်လွင့် ရှိနေ၏။

ချမ်းစီးသောရသသည် မိန်းကလေးမှုန်မှုန်ကို လွှမ်းခြုံထားနေရသော်လည်း မိန်းကလေးသည် ချမ်းစီးမှု ရသဝေဒနာကို သတိထားမိပုံမပေါ်။ သူမ၏မျက်လုံးများသည် ခြံကျယ်ကြီးအတွင်းမှ အုတ်ဂူဖြူဖြူလေးဆီသို့သာ စူးစိုက်ကျရောက်နေသည်။

အသက်ပင်မရှူသလောက် ကျောက်ရုပ်တစ်ရုပ်သဖွယ် ငြိမ်သက်နေခြင်းမျိုးဖြင့် ငြိမ်သက်နေခြင်း ဖြစ်သည်။

အကြာကြီး ကြည့်နေမိသည်။

မည်မျှကြာကြာ ကြည့်နေမိသည်မသိ၊ မှုန်မှုန် သတိမထားမိချေ။ ကုန်လွန်သွားသော အချိန်များကို မှတ်သားထားနိုင်စွမ်းလည်း ရှိပုံမရ။

"မှုန်မှုန်....မှုန်မှုန်"

မိန်းကလေးမှုန်မှုန်၏ အိပ်ခန်းအဝတွင် အမျိုးသမီးကြီးတစ်ဦး ရောက်လာပြီး လှမ်းခေါ်လိုက်သည်။

မှုန်မှုန် လုံးဝမကြားပေ။

သို့ဖြစ်၍ အမျိုးသမီးကြီးက ထပ်မံ၍ ခေါ်ငင်လိုက်လေသည်။

"မှုန်မှုန်....မှုန်မှုန်"

ခေါ်လျက် အနားသို့ ရောက်လာကာ မှုန်မှုန်၏ပခုံးနှစ်ဖက်ကို ကြင်နာစွာ ဆုပ်ကိုင်လိုက်သည်။



"ဘယ်အချိန်ရှိနေပြီလဲ မှုန်မှုန်ရယ်"

စိုးရိမ်မကင်းသော လေသံဖြင့် ပြောလိုက်သည်အထိ မှုန်မှုန်က လှည့်မကြည့်သေး၊ သူမ၏အကြည့်များက ပြတင်းအပြင်ဘက်မှာပဲ ရှိနေသေးသည်။

"ဒေါ်လေး ပြောနေတာ ကြားရဲ့လား မှုန်မှုန်"

ဒေါ်လေးရွှေခင်က လက်မောင်းကို ထပ်မံ လှုပ်ယမ်း၍ ပြောလိုက်၏။

သည်တော့မှပင် မှုန်မှုန်က ဒေါ်ရွှေခင်ဘက်သို့ ဖြည်းဖြည်းချင်း လှည့်ကြည့်သည်။

မှုန်မှုန်၏အကြည့်က အေးစက်စက် ခြောက်သွေ့သွေ့နိုင်လွန်းသည်ဟု ဒေါ်ရွှေခင် ထင်မြင်သည့်အပြင် စိုးရိမ်စိတ်ကြောင့် ဒိတ်ခနဲ ခံစားလိုက်ရသည်။

မှုန်မှုန်သည် ဒေါ်ရွှေခင်ကို ခေတ္တမျှ စေ့စေ့စူးစူးကြည့်နေလျက်....

"ဘယ်အချိန်ရှိနေပြီလဲ"

ဟု တစ်လုံးချင်း ပြန်၍ မေးလိုက်သည်။

ဒေါ်ရွှေခင်က စားပွဲပေါ်တွင် တင်ထားသည့် နာရီကလေးကို မျက်စိတစ်ချက်ဝင့်ကြည့်ကာ....

"နာရီပြန်တစ်ချက်ရှိနေပြီ မှုန်မှုန်"

ဟု ပြန်၍ဖြေလိုက်သည်။

"နာရီပြန်တစ်ချက် ဟုတ်လား"

"အင်းလေ"

"နာရီပြန်တစ်ချက်ဆိုတော့ တစ်နာရီပေါ့"

"အင်းပေါ့"

"တစ်နာရီဆိုရင် အစောကြီးရှိသေးတာပဲ ဒေါ်လေးရယ်"

မှုန်မှုန်က လေသံအေးအေးဖြင့် ပြောသည်။

ဒေါ်ရွှေခင် စိတ်ညစ်သွားမိ၏။

"ဘယ်ကလာ အစောကြီးရှိရမှာလဲ မှုန်မှုန်ရယ်၊ နာရီပြန် တစ်ချက်ဆိုတာ ညဥ့်နက်လှပြီ၊ ဒါဟာ လူတွေအိပ်ချိန် တူမလေးရဲ့"

"လူတွေအိပ်ချိန်၊ ဟုတ်သလား ဒေါ်လေး"

မှုန်မှုန်က ကြောင်စီစီကြည့်ရင်း ပြန်မေး၏။

"အင်းပေါ့၊ အားလုံး အိပ်နေရမယ့် အချိန်ပေါ့"

မှုန်မှုန်က ခေါင်းကို ဖြည်းဖြည်း ယမ်းခါ လိုက်သည်။

"မှုန်မှုန်က လူမှ မဟုတ်တာ"

တစ်လုံးချင်း ပြောလိုက်သည့် မှုန်မှုန့် စကားကြောင့် အိပ်မှုန်စုံမွှားဖြစ်နေသော ဒေါ်ရွှေခင်၏ မျက်လုံးအစုံသည် ဇီးကွက်တစ်ကောင်ကဲ့သို့ ဝိုင်းစက်ပြူးကျယ်သွားလေ၏။



"ဘာ....ဘာဖြစ်တယ် မှုန်မှုန်၊ မှုန်မှုန်က လူမဟုတ်ဘူး ဟုတ်လား၊ လူမဟုတ်ရင် ဘာလဲ ပြောစမ်းပါဦး"

ဒေါ်ရွှေခင်၏ မေးခွန်းကို ချက်ချင်း မဖြေသေးဘဲ ကြောင်စီစီကလေး ငေးနေပြန်သည်။

"ပြောလေ မှုန်မှုန်၊ လူမဟုတ်ရင် ဘာလဲ"

ဒေါ်ရွှေခင် လေသံထဲတွင် စိုးရိမ်စိတ်တွေ ပါနေသည်။ မှုန်မှုန်က အတန်ကြာ ငြိမ်သက်နေပြီးမှ လေးလေးပင်ပင် ပြန်ဖြေသည်။

"မှုန်မှုန်လဲ မသိဘူး"

"ဘာဖြစ်တယ်၊ မသိဘူးဟုတ်လား"

"အင်း....မှုန်မှုန့်ကိုယ် မှုန်မှုန် လူ မဟုတ်တာတော့ သိတယ်"

ဒေါ်ရွှေခင်က ခေါင်းကို တဗျင်းဗျင်းမြည်အောင်ကုတ်လိုက်မိ၏။

"ဘာလို့ လူ မဟုတ်ရမှာလဲ၊ လူ မဟုတ်ရင် ညည်းက နတ်လား၊ ဥစ္စာစောင့်လား၊ အို....ဖွဟဲ့၊ ငါက ဘာတွေ ပြောနေမှန်း မသိဘူး"

ဒေါ်ရွှေခင်က သွားပွါးစပ်ကို သူ ပြန်၍ လက်ဝါးနှင့် ပိတ်လိုက်မိ၏။

"မပြောတတ်ဘူး"

"မပြောတတ်တာက အရေးမကြီးဘူး၊ ကြည့်စမ်းပါဦး၊ ပြတင်းပေါက်ကြီးကလဲ ဖွင့်ထားလိုက်တာ နှင်းတွေဝင်ကုန်ပြီ၊ အအေးပတ်တော့မှာပဲ"

ဒေါ်ရွှေခင်က ပြောပြောဆိုဆို ပြတင်းတံခါးကို ဆွဲ၍ ပိတ်လိုက်၏။

"ဘာဖြစ်လို့ တံခါးပိတ်ရတာလဲ"

"နှင်းတွေ မဝင်အောင်လို့ပေါ့"

"နှင်းတွေ ဘာဖြစ်လို့ မဝင်ရမှာလဲ၊ ဝင်ပါစေ ဒေါ်လေးရယ်၊ ငွေနှင်းလေးတွေက ဖြူစင်တယ်၊ အပြစ်ကင်းတယ်၊ အေးမြတယ်၊ တကယ့်ကို ချစ်စရာကောင်းတဲ့ နှင်းကလေးတွေပါ ဒေါ်လေးရယ်"

"အေး....ဟုတ်တော့ ဟုတ်ပါတယ်၊ အပြစ်ကင်းတယ် ဆိုတာတော့ မဟုတ်နိုင်ဘူး မှုန်မှုန်၊ နှင်းတွေ ဝင်လာလို့ အဆုတ် အအေးပတ်နိုင်တယ်၊ ဖျားနိုင်တယ်၊ အနည်းဆုံး နှာစေး ချောင်းဆိုးတော့ ဖြစ်နိုင်တယ်"

"အဟွတ်....အဟွတ်....အဟွတ်"

ဒေါ်ရွှေခင်၏ စကားမဆုံးခင်မှာပင် မှုန်မှုန်က ချောင်းတဟွတ်ဟွတ်ဖြင့် ဆိုးလေ၏။



"ဟော....ပြောရင်း ဆိုရင်း ချောင်းတွေတောင် ဆိုးလာပြီ"

ဒေါ်ရွှေခင်က စိုးရိမ်စွာပြော၏။

"ကဲကဲ....အိပ်တော့ သမီး၊ ဒေါ်လေး စောင်ခြုံပေးမယ်နော်"

"မှုန်မှုန် မအိပ်ချင်သေးဘူး ဒေါ်လေးရယ်"

"မအိပ်ချင်သေးဘူး ဟုတ်လား၊ ဘာ လုပ်ချင်သေးသို့လဲ သမီးရယ်"

"မှုန်မှုန်....လရောင်အောက်က ရှုခင်းတွေကို ကြည့်နေချင်သေးတယ်"

"လရောင်အောက်က ရှုခင်း ဟုတ်လား"

"အင်း...."

ဒေါ်ရွှေခင်က မှုန်မှုန့်စကားကြောင့် ယောင်ယမ်းပြီး မှန်ပြတင်းပေါက်ကို ကြည့်လိုက်မိသည်။

မှန်ပြတင်းမှ တစ်ဆင့် ဖုန်းဆိုးတောများ၊ကုက္ကိုပင်အိုကြီးနှင့်ချုံနွယ်များ ပိတ်ဖုံးမတတ်ရှိနေသော အုတ်ဂူ ဖြူဖြူလေးကို လှမ်းတွေ့လိုက်ရ၏။

ဘာကြောင့်မှန်းမသိ။ အုတ်ဂူ ဖြူဖြူကလေးကို တွေ့မိသည်နှင့် ဒေါ်ရွှေခင်မှာ ကျောထဲ စိမ့်ခနဲ ဖြစ်သွားပြီး

ကြက်သီးဖြန်းဖြန်း ထသွားမိ၏။ သို့သော် ချက်ချင်းပင် ဣန္ဒြေဆည်လိုက်ရသည်။

"ပြတင်းအပြင်က လရောင်အောက် ရှုခင်းက သမီး ပြောသလောက် ကြည့်စရာမကော:င်းပါဘူး"

"ဘာဖြစ်လို့ ကြည့်စရာ မကောင်းရမှာလဲ"

"ဘာကြည့်စရာ ရှိလို့လဲ၊ ဖုန်းဆိုးတောရယ်၊ ကုက္ကိုပင်အိုကြီးရယ်၊ ဟို....ဟိုသင်း....အုတ်ဂူဖြူဖြူ တစ်လုံးရယ်"

မှုန်မှုန်က ပြုံးလိုက်၏။ ထိုအပြုံးသည် အဓိပ္ပာယ် ပါသလိုလိုနှင့် အေးစက်စက် နိုင်လွန်းသည်ဟု တွေးမိကာ ဒေါ်ရွှေခင် ကျောထဲစိမ့်သွားမိပြန်၏။

"အဲဒီ ဒေါ်လေး ပြောတဲ့ ဖုန်းဆိုးတော ဆိုတာရယ်၊ ကုက္ကိုပင်အိုကြီးရယ်၊ အုတ်ဂူဖြူဖြူလေးရယ် ဆိုတာတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် အဲဒါတွေဟာ လရောင် မှုန်ဝါး ဝါး အောက်မှာ ဘယ်လောက် ကြည့်လို့ ကောင်းသလဲ၊ ဘယ်လောက် စိတ်ဝင်စားစရာ ကောင်းသလဲ၊ သေသေ ချာချာ စူးစူးစိုက်စိုက်ကြည့်တတ်ဦးမယ်ဆိုရင် ကုက္ကိုပင်အိုကြီးရဲ့ အကိုင်းအခက်တွေပေါ်မှာ အောက်ကို တွဲလောင်း အိပ်နေကြတဲ့ လင်းဆွဲတွေကိုတောင် တွေ့နိုင်သေးတယ်"

"လင်းဆွဲငှက်တွေ ဟုတ်လား"

"အင်း....လင်းဆွဲတွေ၊ လင်းဆွဲငှက်တွေ မဟုတ်ပါဘူး ဒေါ်လေးရဲ့၊ လင်းဆွဲဟာ အတောင်ပ ါပေမယ့် ငှက်အမျိုး



အနွယ်ထဲ မပါဘူး၊ ငှက်က ဥကပေါက်တာ၊ လင်းဆွဲက ကြွက်တွေလို အကောင်လိုက်မွေးတာ၊ ပြီးတော့ နို့တိုက်သတ္တဝါတွေ"

"တော်ပါပြီအေ....ဆက်မပြောပါနဲ့တော့၊ ငါ ရွံ့ရှာန်းလို့ပါ"

"လင်းဆွဲကို ရွံတယ် ဟုတ်လား"

"အေး....ဘယ်လောက်ရွံ့စရာကောင်းသလဲ၊ကြွက်လိုလို၊ ခွေးလိုလို၊ မျက်လုံးတွေက မြူးမြူး ကြောင်ကြောင်နဲ့၊ ပြီးတော့ တောင်ပံတွေကလဲ ပျော့စိစိ ပြောင်ချောချော၊ အိုအေ....ပြောရင်းနဲ့ အူတောင် ယားလာပြီ"

ဒေါ်ရွှေခင်က ပခုံးနှစ်ဖက်တွန့်ရင်း ပြောလိုက်သည်။

"ဘာပဲဖြစ်ဖြစ် မှုန်မှုန် ကတော့ လရောင်အောက်က အဲဒီ ရှုခင်းတွေကို ထိုင်ပြီး ကြည့်နေရတာကို စိတ်ဝင်စားတယ်၊ ဘယ်လောက် ကြာကြာထိုင်ပြီး ကြည့်ကြည့် ရိုးသွားအီသွားတယ်လို့တောင် မထင်ရဘူး"

မှုန်မှုန့် စကားကြောင့် ဒေါ်ရွှေခင်မှာ မျက်မှောင်ကြုတ်လျက်....

"ကဲကဲ....အိပ်ချင်သည်ဖြစ်စေ၊ မအိပ်ချင်သည်ဖြစ်စေ၊ မယ်မင်းကြီးမ အိပ်တော့၊ အိပ်ချိန်ထက် အများကြီးကျော်နေပြီ၊ အိပ်....အိပ်"

ဟု ပြောလိုက်လေရာ မှုန်မှုန်မှာ မလှဲချင် လှဲချင်နှင့် လှဲချလိုက်လေ၏။

ထိုအခါကျမှပင် ဒေါ်ရွှေခင်လည်း ခုတင်ခြေရင်းတွင် ချထားသည့် စောင်ကို ယူ၍ဖြန့်ကာ မှုန်မှုန့်ကို ခြုံပေးလိုက်သည်။

ထို့နောက် ဇာခြင်ထောင်ကို အသာအယာ ဆွဲချလျက် ခုတင်ဘေးတွင် သေသေသပ်သပ် ဖိညှပ် ပေးလိုက်သည်။

"ကဲ ကဲ....မှုန်မှုန်၊ဘာကိုမှ မစဉ်းစားဘဲ အိပ်လိုက်တော့နော်၊ မနက်မိုးလင်းရင် မှုန်မှုန် ကြိုက်တတ်တဲ့ စထရော်ဘယ်ရီသီးယိုနဲ့ ပေါင်မုန့်မီးကင် အဆင်သင့်လုပ်ထားမယ်၊ ပြီးတော့ ကော်ဖီမွှေးမွှေးလေးနဲ့ သောက်ကြ စားကြရအောင်နော်"

ဒေါ်ရွှေခင်က တူမလုပ်သူကို ဖျောင်းဖျောင်းဖျဖျ ချော့မော့ ပြောလိုက်သည်။

"မှုန်မှုန် စထရော်ဘယ်ရီယိုနဲ့ ပေါင်မုန့်မီးကင် အရသာကို ကြိုက်တာတော့ မှန်ပါတယ် ဒေါ်လေးရယ်၊ ဒါပေမယ့်...."

"ဒါပေမယ့် ဘာဖြစ်သလဲ"

"လရောင်အောက်မှာ တွေ့နေရတဲ့ အုတ်ဂူဖြူဖြူလေးကို လှမ်းကြည့်နေရတဲ့ အရသာလောက်တော့ မမက်မောပါဘူး"



"ဟော"

မှုန်မှုန့်စကားကြောင့် ဒေါ်ရွှေခင် အံ့အားသင့်ကာ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ ကြက်သီးတဖြန်းဖြန်း ထသွားသည်။ ထို့နောက် ပန်းနုရောင် ဇာခန်းဆီးကို လက်ဖြင့်ဆွဲဖယ်လျက် မှုန်မှုန့်အခန်းထဲမှ ကသုတ်ကယက် ထွက်လာခဲ့မိလေတော့သည်။

●

# အခန်း (၂)

## မီးဝင်းဝင်းတောက် မျက်လုံးများ

"ဘာဖြစ်တယ် ရွှေစင်၊ သမီးက ည,ညမအိပ်ဘဲ ငုတ်တုတ်ထိုင်ထိုင်နေတယ် ဟုတ်လား"

မှုန်မှုန်၏ဖခင်ဖြစ်သူ ဦးဖေခင်က ညီမဖြစ်သူ ဒေါ်ရွှေခင်အား အံ့သြစွာဖြင့် မေးလိုက်၏။ ဦးဖေခင်၏ မေးခွန်း' ထုတ်လိုက်သံသည် အတန်ငယ် ကျယ်သွားသောကြောင့် ဒေါ်ရွှေခင်က မျက်မှောင်ကြုတ်လိုက်၏။

"ဟာ.... ကိုကိုကလဲ တိုးတိုးပြောစမ်းပါ၊ တော်ကြာ မှုန်မှုန် ကြားသွားပါဦးမယ်"

ဒေါ်ရွှေခင် ခပ်တိုးတိုးလေသံဖြင့် ပြော၏။

"သမီးအိပ်ခန်းနဲ့တို့ဧည့်ခန်းက ဝေးပါတယ် ရွှေခင်ရာ၊ ပြီးတော့ ဒီအချိန် နေ့လယ်မနေ့ခင်းက သမီး တစ်ပြန်အိပ်တဲ့အချိန် မဟုတ်လား"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် သူ့အကြောင်းကို ပြောနေတာ သူမသိရင် အကောင်းဆုံးပေါ့"

"ပြောစမ်းပါဦး ရွှေခင်၊ သူ အဲဒီလို ည,ည မအိပ်ဘဲနေတာ တော်တော်ကြာပြီလား"

"အင်း.... ဘယ်လောက်ကြာပြီလဲတော့ မပြောတတ်ဘူး၊ ကျွန်မနဲ့ ပက်ပင်းဆုံတာကတော့ ဒါပါနဲ့ဆို သုံးခါလောက် ရှိနေပြီ၊ ဒီလိုပဲ ပြတင်းပေါက်ကြီးဖွင့်ဖွင့်ပြီး ခုတင်ပေါ်ကနေ အပြင်ကို ငုတ်တုတ်ထိုင်ထိုင်ကြည့်နေတာ မျက်တောင်မခတ်ဘူး၊ အထူးသဖြင့်ကတော့ ကုက္ကိုပင်အိုကြီးနားက အုတ်ဂူဖြူဖြူလေးဆီကိုပဲ၊ အမယ်လေး.... ပြောရင်းဆိုရင်း ကြက်သီးတောင်ထလာပြန်ပြီ"

"နင်ကလဲ ကျွန်ရရနေစမ်းပါ ရွှေခင်ရယ်၊ ကဲ.... ပြောစမ်းပါဦး၊ အဲဒီ အုတ်ဂူဖြူဖြူလေးဆီကို ဘာဖြစ်လို့ အကြာကြီး ထိုင်ထိုင်ငေးကြည့်နေရတာလဲ"

"အဲဒါတော့ ကျွန်မလဲ ဘယ်ပြောတတ်ပါ့မလဲ၊ ကိုကိုကလဲ"

"နှစ်ခါသုံးခါတောင် ရှိပြီဆို၊ ညကြီးသန်းခေါင် ဘာ ထိုင်ထိုင်ကြည့်နေတာလဲ၊ မေးကြည့်ပါလား"



"တစ်ခါမှ မေးမကြည့်ဖူးသေးဘူး"

"တူဝရီးအချင်းချင်းပဲ ရွှေခင်ရယ်၊ ကိုယ့်တူမ ဘာဖြစ်သလဲ သိရအောင် မေးကြည့်မှပေါ့"

"ဘာမှလုပ်မနေနဲ့၊ဒီပြဿနာဖြစ်ရတာ ကိုကို့ကြောင့်"

"ဘာဖြစ်တယ် ရွှေခင်၊ ငါ့ကြောင့် ဟုတ်လား"

ဦးဖေခင်က တအံ့တဩဖြင့် မေးလိုက်၏။

"ဟုတ်တယ်လေ၊ ကိုကိုက ဘာဖြစ်လို့ မှုန်မှုန့်ကို အဲဒီအခန်းထဲမှာ အစကတည်းက ဘာဖြစ်လို့ထားရတာလဲ"

"အမယ်လေး.... ငါထားတာမဟုတ်ပါဘူးနော်၊ ညည်းတူမက သူ့ဘာသာ ဒီအခန်းမှာနေချင်တယ်ဆိုလို့ ထားပေးရတာပါ"

"ဘာပဲဖြစ်ဖြစ် မှုန်မှုန် အခြေအနေ မမှန်တာတော့ သေချာနေပြီ ကိုကို၊ ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲ"

ဒေါ်ရွှေခင်၏ မေးခွန်းကို ဦးဖေခင် မဖြေနိုင်ဘဲ ငိုင်တွေငေးမောနေလေသည်။

"ပြောပါဦး ကိုကိုရဲ့၊ ဘယ်လိုလုပ်ကြမလဲ"

"နေစမ်းပါဦး၊ သိပ်လဲမလောပါနဲ့၊ ဒီကိစ္စ ငါစဉ်းစားပါဦးမယ်၊ နင်ပြောသလောက်လဲ အခြေအနေ ဆိုးမယ်မထင်ပါဘူး ရွှေခင်ရယ်"

"ကိုကိုက ပေါ့နေနဲ့နော်၊ ခုဟာက ဘာမှန်းမသိ၊ ညာမှန်းမသိ၊ ပယောဂလား ဘာလား၊ ကြောက်စရာကြီး"

"တော်စမ်းပါဟယ်၊ နင်ကလဲ အရေးထဲမှာ သည်းမခံနိုင်စမ်းပါနဲ့"

ဦးဖေခင်က ငေါက်ဆတ်ဆတ် ပြောလိုက်သောကြောင့် ဒေါ်ရွှေခင်မှာ ဇက်ကလေးပုဝင်သွား၏။ ထိုအခိုက် မီးဖိုဘက်မှ အသံဗလံများ ကြားလိုက်ရသဖြင့် ဒေါ်ရွှေခင်ရော ဦးဖေခင်ပါ အသံလာရာသို့ နားစွင့်မိလိုက်ကြလေ၏။

မကြာခင်မှာပဲ မီးဖိုချောင်အတွင်းမှ ကြောင်ကလေး ဖိုးတိုး ပါးစပ်ထဲတွင် ကြွက်ကလေးတစ်ကောင် ကိုက်ချီလာသည်ကို တွေ့ရသောကြောင့် ဒေါ်ရွှေခင်က 'တော်ပါသေးရဲ့၊ ဖိုးတိုး ကြွက်ခုပ်တာကိုး'ဟု ရေရွတ်လိုက်လေ၏။

"နင်ကလဲ ဘာမှန်းညာမှန်းမသိ၊ အရေးထဲ ကြောက်နေပြန်ပါပြီ"

"မလန့်ဘဲနေပါ့မလားကိုကိုရဲ့၊ ကိုကို့သမီးဟာ ကြောက်စရာ လန့်စရာ မြင်ကွင်းတွေကို ညကြီးသန်းခေါင် ထ,ထကြည့်နေတာကိုး"

"သူကတောင် မကြောက်လို့ကြည့်ရဲသေးတာဟာ"

"မလုပ်ပါနဲ့ကိုကို၊ ရွှေခင်က ဒရယ်ကူလာ သွေးစုပ်ဖုတ်ကောင်ကားတွေ ကြည့်ဖူးထားတာနော်"



"မဆိုင်ပါဘူးဟာ၊ သွေးစုပ်ဖုတ်ကောင်က မြန်မာပြည်မှာ မရှိပါဘူး၊ အနောက်နိုင်ငံက သချိုင်းဂူကြီးတွေ၊ ရဲတိုက်ကြီးတွေထဲမှာ နေတဲ့ကောင်တွေပါ၊ ပြီးတော့ ဘာကယ်လဲရှိမှာမဟုတ်ပါဘူး၊ စာရေးဆရာတွေ စိတ်ကူးသက်သက်ယဥ်ထားတဲ့ ဇာတ်ကောင်တွေနေမှာပါ"

"ဘာပဲဖြစ်ဖြစ် ရွှေခင်ကတော့ ကြောက်တယ် ကိုကို"

"ငါ တစ်ခုစဥ်းစားမိတယ် ရွှေခင်"

"ပြော ကိုကို"

"အနောက်ဘက်ခန်းက ပစ္စည်းဟောင်းတွေ ထားတဲ့အခန်းကိုရှင်းပြီး သမီးကိုရွှေ့ထားပေးရင် မကောင်းဘူးလား"

'အင်း....ကောင်းသားပဲ ကိုကို၊ ဒါပေမယ့်...."

"ဒါပေမယ့် ဘာဖြစ်သလဲရွှေခင်၊ ပြောစမ်းပါဦး"

"ကိုကို့သမီးက လက်ခံပါ့မလား"

"လက်မခံလို့ဘယ်ဖြစ်မလဲ၊ သူကသမီးပဲ၊ မိဘက ဒီလိုသင့်တော်တယ်ထင်လို့ လုပ်ပေးတာ သူလက်ခံရမှာပေါ့"

"ဒီလိုရှိသေးတယ်လေ ကိုကို"

"တော်....ရွှေခင်၊ ဘာမှဆက်မပြောနဲ့တော့၊ ဒီဘက်ကအခန်းကိုသာအမြန်ဆုံးရှင်းလင်းပြီး မှုန်မှုန်ကိုရွှေ့ထားပေးလိုက်၊ ကြားလား"

"ဟုတ်ကဲ့"

ဦးဖေခင်က သဟောက်သဟမ်းပြောလိုက်သောကြောင့် သာ ဒေါ်ရွှေခင်ခေါင်းညိတ်လိုက်ရသော်လည်းစိတ်ထဲကမူ ထိုကိစ္စကို လွယ်ကူပိမ့်မည် မထင်ချေ။

မည်သို့ပင်ဖြစ်စေ အစ်ကိုဖြစ်သူဦးဖေခင်၏ဆုံးဖြတ်ချက် ဖြစ်နေ၍ ဒေါ်ရွှေခင်မှာ ပယ်လှန်၍မဖြစ်သဖြင့် အိမ်ဖော် ထွေးရီ၊ ဒရိုင်ဘာ မောင်မှင်တို့၏ အကူအညီဖြင့် အနောက် ဘက် အခန်းကို ရှင်းလင်းရလေ၏။

အနောက်ဘက်က အခန်းသည် အိမ်ရှိ အပိုပစ္စည်းများ ထားသော အခန်းဖြစ်သောကြောင့် ရှုပ်ထွေး ပွေလီနေ သည်။

ကုလားထိုင် ဆက်တီ အဟောင်း အပျက်များ၊ ဗီရို ဟောင်းများ၊မှန်အိမ်ဟောင်း၊သေတ္တာဟောင်းများ၊ခုတင် ဟောင်းများ စသည်ဖြင့် ရှေးဟောင်းပစ္စည်း အတော် များများ ရှိနေသည်။ ဖုန်များထူထပ်၍ ပင့်ကူမှေးများ ရက် ကန်းယှက်လျက် ရှိနေသည်။

ဒေါ်ရွှေခင်၊ မောင်မှင်နှင့် ထွေးရီတို့သုံးယောက်သား ဖုန်အပေပေ၊ချေးအလိမ်းလိမ်းဖြင့်ရွှေ့ကြပြောင်းကြသည်။ ရှင်းကြလင်းကြသည်။သုံးနာရီခန့်ကြာသည့်တိုင် မနေမနား ရှင်းမှ အဆင်ပြေသလောက် ဖြစ်သွားသည်။



အခန်းရှင်းနေသည်ကို မြင်သောကြောင့် ဘာမသိဘာမသိ ဖြင့် မှုန်မှုန်ကလည်း လာရောက် ကူရှင်းပေးသည်။ ပြီး သလောက် ရှိတော့မှ ဘာစိတ်ကူးရသည်မသိ။ မှုန်မှုန်က မေးခွန်းတစ်ခု ကောက်၍မေးလိုက်၏။

"အခန်းကိုရှင်းနေတာ ဘာလုပ်မလို့လဲ ဒေါ်လေး"

မှုန်မှုန်၏အမေးကို ရုတ်တရက် အဖြေရခက်သွားသည်။

"ဟို....ဟိုသင်း"

"အမယ်လေး....ပြောမယ့်ဟာကို ဈေးကိုင်နေပြန်ပြီ"

"ဟိုလေ...ဒီအခန်းထဲမှာ မှုန်မှုန့်ကိုရွှေ့သိပ်မလို့"

"ဘာ...."

မှုန်မှုန်၏ 'ဘာ'ခနဲ ရေရွတ်လိုက်သံက မြည်ဟိန်းသွား သောကြောင့် ဒေါ်ရွှေခင်သာမက မောင်မှင်ရော ထွေးရီ ပါ အလန့်တကြား ဖြစ်သွားမိကြသည်။

မှုန်မှုန်က ဘာမှမပြောတော့ဘဲ အနောက်ဘက်အခန်း တွင်းမှ ချာခနဲ လှည့်ထွက်သွားသည်။ ကြွေခွက် ရေဘုံပိုင် တွင် လက်ကိုဆေးပြီးနောက် သူမအိပ်ခန်းဘက်ဆီသို့ ပြန် သွားပြီး အခန်းထဲမှ ပြန်ထွက်မလာတော့ချေ။

ဒေါ်ရွှေခင်သည် စိတ်မသက်မသာစွာဖြင့်ပင် အခန်း ကို လက်စသတ်ရှင်းပြီးနောက် ခုတင် အပိုတစ်လုံးကို ဆင်

သည်။ စားပွဲ၊ မီးအိမ်များကို စနစ်တကျ ထားပေးသည်။ နာရီပိုင်းအတွင်း နေချင့်စဖွယ် အခန်းကလေးတစ်ခု ဖြစ်သွားသည်။

ထိုနေ့ တစ်နေ့လုံး ဦးဖေခင် လုပ်ငန်းကိစ္စ တစ်ခုဖြင့် အပြင်သို့ ထွက်နေပြီး ညနေစောင်းမှပင် ပြန်လာခဲ့လေသည်။ ပြန်ရောက်သည်နှင့်ပင် ညီမလုပ်သူအား မေးခွန်းထုတ်လေ၏။

"ဘယ့်နှယ်လဲ ရွှေခင်၊ အခန်းရှင်းခိုင်းတာ ရှင်းပြီးပြီလား"

"ရှင်းပြီးပါပြီ ကိုကို၊ ခုတင်တွေ စားပွဲတွေလဲ အဆင်သင့် ပြင်ထားပြီးပါပြီ"

"ကောင်းတယ်"

ဦးဖေခင်က ကောင်းတယ်ဟု တစ်ခွန်းတည်းသာ ပြောလိုက်ကာ သူ့အခန်းရှိရာ အိမ်ဦးခန်းဘက်သို့ လျှောက်သွားပြီး အဝတ်အစား လဲလေသည်။

ဦးဖေခင်က ကောင်းတယ်ဟု ပြောသော်လည်း ဒေါ်ရွှေခင်မှာ မကောင်းနိုင်ပါ။ တူမဖြစ်သူ မကျေမနပ် ဖြစ်သွားခဲ့သည့် အချက်ကို အစ်ကိုဖြစ်သူအား ပြောရခက်နေသည်။



ဦးဖေခင်က ခဏနေလျှင် ဧည့်ခန်းဘက်သို့ ပြန်၍ လျှောက်လာခဲ့ရင်း ဆက်တီတွင် ဝင်ထိုင်လိုက်ကာ သတင်းစာကို ကောက်ဖတ်နေသည်။

ဒေါ်ရွှေခင်က မျက်နှာချင်းဆိုင် ဆက်တီတွင် ထိုင်ရင်း ဘာကနေ ဘယ်လိုပြောရမှန်းမသိအောင် အကြံခက်နေလေသည်။ အတန်ကြာသည်အထိ အစ်ကိုဖြစ်သူကို စကားမစဖြစ်ချေ။

သတင်းစာတစ်စောင်လုံး ကုန်စင်အောင် ဖတ်ပြီးသည်အထိ ဒေါ်ရွှေခင်ငြိမ်သက်နေသည်ကို အမှတ်ထားမိသွားဟန်တူသော ဦးဖေခင်က သတင်းစာကိုဖယ်လိုက်ပြီးမျက်မှန်ဖြုတ်လျက် မေးလေ၏။

"ဟဲ့...ရွှေခင်၊ နင့်တူမကို အခန်းပြောင်းဖို့ ပြောပြီးပြီလား"

"ပြောပြီးပြီ ကိုကို"

"ဘာပြောလဲ"

"ဘာမှမပြောဘူး"

"ဘာကို ဘာမှမပြောတာလဲ"

"ကြည့်ရတာ လုံးဝပြောင်းမယ့်ပုံမရှိဘူး"

ဒေါ်ရွှေခင် စကားကြောင့် ဦးဖေခင်မျက်မှောင်ကြုတ်လိုက်၏။

"မပြောင်းလို့ ဘယ်ဖြစ်မလဲရွှေခင်ရဲ့၊ မိဘက ကောင်းမယ်ထင်လို့ စီစဉ်တာကို သားသမီးက ဘာဖြစ်လို့ငြင်းပယ်ရမလဲ"

"ကျွန်မတော့ အစ်ကိုတို့ သားအဖကြားမှာ ဘာမှ မပြောတတ်တော့ဘူး"

ဒေါ်ရွှေခင်က စိတ်ညစ်ညူးစွာဖြင့် ပြောလိုက်၏။

"မပြောထွက်လို့မရဘူး၊ ပြောတတ်ရမယ်၊ ပြောကို ပြောတတ်ရမယ်"

ဒေါ်ရွှေခင်က ခေါင်းကို တဗျင်းဗျင်းကုတ်လိုက်၏။

"ကဲ....ရွှေခင်၊ သန်းတွေ များနေရင်လဲ နောက်မှ သေသေချာချာရှင်း၊ ခုတော့ ငါ့ရှေ့လာပြီး သန်းတွေ တဗျင်းဗျင်း ကုတ်မနေနဲ့၊ သွား....ထမင်းပွဲပြင်ခိုင်းချေတော့၊ မှုန်မှုန်ကိုလဲ တစ်ခါတည်းခေါ်လိုက်၊ ထမင်းအတူစားမယ်လို့"

ဒေါ်ရွှေခင် ထိုင်ရာမှ မထချင်ထချင်ဖြင့် ထခဲ့ရသည်။ နောက်ဖေး မီးဖိုချောင်ထဲတွင် ထွေးရီနှင့်အတူ ထမင်းပွဲပြင်ရသည်။ထမင်းပွဲပြီးပြင်သည်နှင့် ဦးဖေခင်ကို အကြောင်းကြားသည်။ မှုန်မှုန်ကိုခေါ်သည်။

"ထမင်းစားကြမယ် မှုန်မှုန်"



ဒေါ်ရွှေခင်က မှုန်မှုန့်အခန်းထဲဝင်လာပြီး ခုတင်ဘေးတွင် ရပ်လျက် ခေါ်လိုက်၏။

မှုန်မှုန်က ခုတင်ပေါ်တွင် မှောက်လျက်သား အနေအထားတွင် ရှိနေသည်။ အိပ်ပျော်ဟန်တော့မတူချေ။

"မှုန်မှုန်....ဒေါ်လေး ပြောနေတယ်လေ"

"ကြားတယ်၊ မစားတော့ဘူး၊ ဒေါ်လေးတို့ဘာသာစားကြတော့"

"မဟုတ်သေးဘူးလေ မှုန်မှုန်ရယ်"

ဒေါ်ရွှေခင်က ခုတင်ပေါ်တွင် တင်ပါးလွှဲ ထိုင်ချလိုက်ရင်း မှုန်မှုန့် ပခုံးကို ကြင်ကြင်နာနာဆုပ်ကိုင်လှုပ်ယမ်းလျက် ပြောလိုက်၏။

"ထမင်းမစားလို့ ဘယ်ဖြစ်ပါ့မလဲ မှုန်မှုန်ရယ်၊ လာပါ၊ သမီးက လိမ္မာပါတယ်"

"ပြောပြီးပါရောလား ဒေါ်လေးရယ်၊ မှုန်မှုန် မစားတော့ပါဘူးလို့"

ဒေါ်ရွှေခင်က ခေါင်းကို တဗျင်းဗျင်း မြည်အောင် ကုတ်ပစ်လိုက်မိသည်။

"နင်တို့ သားအဖနှစ်ယောက်ကြားမှာ ငါတော့ လုံးပါးပါးတော့မယ် ထင်တယ် မှုန်မှုန်"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့ရမလဲ၊ မှုန်မှုန်တို့သားအဖက တစ်ယောက်က အဖြူဆို တစ်ယောက်က အမည်း၊ တစ်ယောက်က ဝါးလုံးဆို တစ်ယောက်က ဝါးစိမ်း"

"ဘာပဲဖြစ်ဖြစ် မှုန်မှုန်ကတော့ မစားနိုင်ဘူး ဒေါ်လေး"

"ငါတော့ သေတောင် သေလိုက်ချင်တယ်"

"ဒေါ်လေးထက် ပိုပြီး မှုန်မှုန်က သေချာတယ်၊ သိလား"

"ဘာဖြစ်လို့လဲ"

"ကိုယ် မပြောင်းချင်တဲ့ အခန်းကို ပြောင်းခိုင်းလို့ပေါ့"

ဒေါ်ရွှေခင် ရှုံ့မဲ့သွားသည်။ ထမင်းစားခန်းထဲသို့ ပြန်ထွက်လာခဲ့သည်။

ဦးဖေခင်က နှမဖြစ်သူ၏မျက်နှာကိုလှမ်းကြည့်ရင်း မေးလိုက်၏။

"မှုန်မှုန် ဘာဖြစ်လို့ ပါမလာတာလဲ"

"မစားချင်ဘူးတဲ့"

"ထမင်းမစားရအောင် သူက အာဟာရသိဒ္ဓိပြီးနေလို့လား၊ ဘာဖြစ်လို့ မစားရမှာလဲ"



"သူ့ကို အခန်းပြောင်းပေးတဲ့အတွက် မကျေနပ်လို့တဲ့လေ"

ဦးဖေခင် နှုတ်ခမ်းမွှေးကြောကြီးများ တွန့်သွားအောင် မျက်မှောင်ကြုတ်ပစ်လိုက်သည်။

မှုန်မှုန်က စိတ်ကြီးသည်၊ သူ့အမေ ငယ်ငယ်တုန်းကနှင့်တူသည်။ မှုန်မှုန့်အမေ မခင်သုန်တုန်းကလည်း သည်လိုပဲဖြစ်၏။

သူ့ကို မာမာပြော၍ ဘယ်တုန်းကမှ မရခဲ့။ မခင်သုန် စိတ်ကြီး၊ စိတ်မာမှုကြောင့် ယခုကဲ့သို့ အသက်ဆုံးသွားခဲ့ခြင်းဖြစ်သည်။

ဆရာဝန်ပြခိုင်းလျှင် နားမထောင်၊ ဆေးသောက်ခိုင်းသည့် အခါတွင်လည်း နေ့ရွှေ့ညရွှေ့ လုပ်တတ်၏။ အများနှင့် ဆန့်ကျင်ဘက်သမား။

ဦးဖေခင် သက်ပြင်းတစ်ချက်ချလိုက်မိ၏။

"အင်း....အမေတူသမီးကတော့ ငါ့ကို ဘယ်လောက်ထိ ဒုက္ခဆက်ပြီးပေးနေဦးမလဲ မပြောတတ်ဘူး"

ဦးဖေခင် ညည်းလျက် စားလက်စထမင်း ဆက်၍ စားသည်။ ဒေါ်ရွှေခင်ကလည်း သူ့ခုံတွင်ဝင်ထိုင်၍ ထမင်းစားသည်။

မောင်နှမနှစ်ယောက်စလုံး မှုန်မှုန့်ကိစ္စကြောင့် ထမင်းကို မြိန်အောင် မစားနိုင်ကြ။

ဦးဖေခင်က ခဏအကြာတွင် ထပြီး ရေစင်၌ လက်ဆေးသည်။

"ကဲ....ရွှေခင်၊ နင့်တူမ ထမင်းစားချင်စား မစားချင်နေ၊ အိပ်ခန်းကို ရွှေ့အိပ်ပါစေ၊ ကြားလား"

"ဟုတ်....ဟုတ်ကဲ့ ကိုကို"

စိတ်မြန်လက်မြန် ရှိသော ဦးဖေခင်ကို ဒေါ်ရွှေခင် ကြောက်ရသည်။ ဦးဖေခင်က မထင်လျှင် မထင်သလို နီးရာပစ္စည်းနှင့် ကောက်၍ ပေါက်တတ်သည့်အကျင့် ရှိသည်။ တစ်ဦးတည်းသောသမီးဖြစ်သော်လည်း မှုန်မှုန့်ကို မထင်လျှင် မထင်သလို ရက်ရက်စက်စက် ရိုက်တတ်သည်။

သည့်အတွက် ဒေါ်ရွှေခင် ရင်လေးနေမိသည်။

"ဒီအဖေနဲ့ ဒီသမီးကြားမှာ ငါတော့ ဒုက္ခပဲ"

ဒေါ်ရွှေခင် စိတ်ထဲမှတွေးရင်း ထမင်းကို ဆက်၍မစားနိုင်တော့ချေ။ တစ်ပန်းကန်ကုန်အောင် မစားနိုင်တော့ဘဲ လက်စသတ်လိုက်မိသည်။

ဒေါ်ရွှေခင် ထင်ထားသည့်အတိုင်း ပြဿနာက အိပ်ချိန် ရောက်သည်နှင့် စလေတော့၏။



"ဟဲ့....ရွှေခင်၊ နင့်တူမ ခုထက်ထိ အနောက်ဘက်အခန်းကို မပြောင်းသေးဘူးလား"

ဒေါ်ရွှေခင့် ရင်ထဲတွင် ဒိန်းခနဲမြည်ဟည်းသွားသလို ခံစားရသည်။

ရုတ်တရက် ပြန်၍မဖြေဖြစ်။

"ဟဲ့....ရွှေခင်၊ ငါမေးနေတယ်လေ"

"ဟုတ်....ဟုတ်ကဲ့ ကိုကို၊ မပြောင်းသေးဘူး"

"သွား....နင် အခုသွားထပ်ပြော၊ အခုချက်ချင်းပြောင်းလို့၊ မပြောင်းရင် ငါ့အကြောင်းသိမယ်"

ဦးဖေခင်က အင်္ကျီလက်ကို ပင့်တင်ရင်းက ပြောလိုက်သည်။

ထို့နောက် ညည့်ခန်းထောင့်တွင်သိမ်းထားသည့် နှစ်ပင်လိမ်ကြိမ်လုံးကို သွားဆွဲယူသည်။ ထိုအတွင်း ဒေါ်ရွှေခင်က မှုန်မှုန့် အခန်းထဲသို့ ခပ်သွက်သွက်ဝင်သွားသည်။

"တူမလေး မှုန်မှုန်"

ဒေါ်ရွှေခင်က ဖျောင်းဖျသော လေသံဖြင့် ခေါ်လိုက်သည်။

"ဘာလဲ"

မှုန်မှုန်က လေသံမာဖြင့် ပြန်ထူးသည်။

"အနောက်ဘက် အခန်းကို ပြောင်းအိပ်လိုက်ပါ တူမကြီးရယ်၊ အနောက်ဘက်အိပ်ခန်းထဲမှာ ဒေါ်လေး သပ်သပ်ရပ်ရပ် လှလှပပပြင်ထားပါတယ်၊ ပြီးတော့ တစ်ခန်းလုံး မွှေးကြိုင်နေရအောင် ရေမွှေးတွေလဲ ဖျန်းထားပေးပါတယ်ကွယ်၊ သွားအိပ်လိုက်နော်"

"ဟင့်အင်း"

မှုန်မှုန်က မှောက်လျက်အနေအထားနှင့်ပင် ငြင်းဆိုနေလေသည်။ ဒေါ်ရွှေခင်က စိုးရိမ်သွားမိ၏။

"မရွှေ့လို့မဖြစ်ဘူးလေ သမီးရဲ့၊ ဒီအခန်းထဲမှာဆိုရင် သမီး အိပ်မပျော်ဘူး မဟုတ်လား၊ ညည လသာသာမှာ မျက်လုံးကြောင်ပြီး ထိုင်ထိုင်နေရတယ် မဟုတ်လား၊ အဲဒါ မကောင်းဘူးလေ၊ အိပ်ရေးတွေပျက်ပါများရင် ကျန်းမာရေး ထိခိုက်လာနိုင်တယ်"

မှုန်မှုန်က ဒေါ်ရွှေခင်၏ စကားဆုံးလျှင် အိပ်ရာထဲမှ လူးလဲထပြီး ထိုင်လိုက်သည်။ တစ်နေကုန် ဘယ်ညာလူးလှိမ့်နေရသောကြောင့် ဆံပင်တွေ ဖရိုဖရဲဖွာလန်ကြဲနေသည်။ မှုန်မှုန်က ခေါင်းအုံးတစ်လုံးကိုပိုက်ထားလျက် ငုတ်တုတ်ထိုင်ရာက....

"အိပ်မပျော်လို့ ထိုင်နေတာ မဟုတ်ဘူး"

ဟု ပြောလိုက်၏။



ဒေါ်ရွှေခင် စဉ်းစားရကျပ်သွား၏။

"အိပ်မပျော်လို့ ထိုင်နေတာမဟုတ်ရင် ဘာဖြစ်လို့ ထိုင်နေရတာလဲ တူမရယ်"

"မှုန်မှုန် ပြောပြီးပြီပဲ၊ မှုန်မှုန့်အခန်းရဲ့ ပြတင်းပေါက်ကနေ မြင်နေရတဲ့ တစ်ဖက်ခြံ မြင်ကွင်းတွေကို မှုန်မှုန် စိတ်ဝင်စားလို့ပါလို့"

စိတ်ဝင်စားလို့ပါတဲ့ ပြောလိုက်သည့် စကားအဆုံးတွင် ဒေါ်ရွှေခင် ကြက်သီးဖြန်းခနဲ ထလိုက်မိ၏။ တစ်ဖက်ခြံ ပန်းဆိုးတောများကြား ကုက္ကိုပင်အိုကြီးအောက်တွင် ရှိနေသော အုတ်ဂူဖြူဖြူကလေးကို အာရုံထဲ ပြေး၍ မြင်လိုက်သောကြောင့်ပင်ဖြစ်သည်။

"ဘာပဲဖြစ်ဖြစ်မှုန်မှုန်၊ မှုန်မှုန်အခန်းရွှေ့အိပ်မှဖြစ်မယ်၊ ကိုကို သိပ်စိတ်ထွက်နေပြီ"

"စိတ်ထွက်လဲ မတတ်နိုင်ဘူး"

မှုန်မှုန် ပြောလိုက်သည့်အချိန်နှင့် ဦးဖေခင် အခန်းဝသို့ ရောက်လာသောအချိန် တိုက်ဆိုင်သွားသည်။

မှုန်မှုန် ပြောလိုက်သည့်စကားကို ဦးဖေခင် ကြားဖြစ်အောင် ကြားသွားသည်။

"ဘာဖြစ်တယ် မှုန်မှုန်၊ ဘာပြောလိုက်တယ်၊ စိတ်ထွက်လဲ မတတ်နိုင်ဘူး ဟုတ်လား"

ဦးဖေခင် ဒေါသတကြီး အော်ဟစ်ရင်း ကြိမ်လုံးကို ကိုင်ကာ အခန်းထဲသို့ဝင်လာသည်။

"ဟင်....ပြောပါဦး၊ မတတ်နိုင်ဘူး ဆိုတဲ့စကား"

"ရှမ်း"

ဦးဖေခင် ရိုက်ပြော ပြောလိုက်ခြင်းဖြစ်၏။ ရှမ်းခနဲ မြည်သံနှင့်အတူ နှစ်ပင်ကြိမ်လုံးက မှုန်မှုန်၏ ကျောပေါ်သို့ ကန့်လန့်ဖြတ် ကျရောက်လာသည်။

နာကျင်ခြင်း၊ စပ်ဖျဉ်းဖျဉ်း ဝေဒနာသည် ကျောပြင်ထဲတွင် အသေအချာ ခံစားလိုက်ရ သောကြောင့် မှုန်မှုန်၊ ခန္ဓာကိုယ်ကလေးမှာ တွန့်ခနဲ ဖြစ်သွားမိ၏။သို့သော်လည်း မျက်ရည်မကျဖြစ်အောင် အံ့ကြိတ်၍ ခံနေမိသည်။

"ပြောဦးလေ....မရွှေ့ဘူးလို့"

"မရွှေ့ဘူး"

ဦးဖေခင်မျက်နှာကြီးမှာ ဒေါသဖြင့် နီမြန်းသွားသည်။ သမီးဖြစ်သူ၏ အာခံကာ ပြောလိုက်သောကြောင့် ဦးဖေခင်၏ ဒေါသမှာ အမြင့်ဆုံးဒီဂရီသို့ မြင့်တက်သွားလေသည်။

"ဘာဖြစ်....မရွှေ့ဘူး ဟုတ်လား၊ ကဲ....မရွှေ့နဲ့ဦးဟာ၊ မရွှေ့နဲ့ဦးဟာ"

"ရှမ်း....ရှမ်း....ရှမ်း"



ကြိမ်တစ်ချက် ကျောပေါ်သို့ ကျသွားတိုင်း တွန့်ခနဲ တွန့်ခနဲ ဖြစ်သွားမိသော်လည်း မှုန်မှုန်ကမငိုဘူးဟုဆုံးဖြတ်ထားသည့် အတိုင်း မငို ဖြစ်အောင် အံ့ကြိတ်၍ တင်းခံထားသည်။

ဦးဖေခင်က ဆက်ရိုက်မည်ဟု ကြိမ်လုံးကို လွှဲလိုက်သည့် အချိန်တွင် ဒေါ်ရွှေခင်က ကြိမ်လုံးကို ဆတ်ခနဲ လှမ်းဆွဲထားလိုက်သည်။

"လွှတ်မယ် ကိုကို၊ လွှတ်မယ်"

"ဖယ်စမ်းပါ ရွှေခင်ရယ်၊ လွှတ်ပါစေ၊ဒီလောက်တောင် ဒုက္ခပေးလှတဲ့သမီးမျိုး သေသွားတော့ကော ဘာအရေးသုပ်စရာရှိလို့လဲ၊ နင်ဖယ်"

"တော်ပါတော့ ကိုကိုရယ်၊ ဒီလောက်ဆို ကလေးလဲ တော်တော် နာနေပြီ"

"ဘာကလေးလဲ၊ အလကားလူကြီးတွေကို ဒုက္ခပေးတဲ့ မိန်းကလေးမျိုး၊ တောက်...."

ဒေါ်ရွှေခင် ကြိမ်လုံးကို ပြန်မပေးဘဲ လုယူထားလိုက်သောကြောင့် ဦးဖေခင် ညီမဖြစ်သူကို အလျှော့ပေးလိုက်သည်။လွှတ်ပေးလိုက်သည်။ ထို့နောက် ခြေကို ဆောင့်နင်းဒုန်းနင်း၍ အခန်းထဲမှ ထွက်ခွာသွားခဲ့သည်။

"ဘာဖြစ်လို့ အသားအနာခံချင်ရတာလဲ တူမကြီးရယ်၊ အေးအေးဆေးဆေး ရွှေ့လိုက်ပြီးရော"

မှုန်မှုန်က အံ့ကို တင်းတင်း ကြိတ်ထားရင်းက ပြောလိုက်၏။

မငိုဘူးဟု တင်း၍ ခံထားသော်လည်း ကြိမ်လုံးဒဏ်ရာများ၏ နာကျင်မှုကြောင့် မျက်ဝန်းအိမ်ထဲမှ တစ်ဆင့် ပါးပြင်ပေါ်သို့ မျက်ရည် စီးကြောင်းများ စီးကျ လာလေသည်။

ဒေါ်ရွှေခင် သက်ပြင်းရှည်ကြီးတစ်ချက်ကို ရှိုက်လိုက်၏။

"ဟင်း....ငါတော့ ညည်းတို့ သားအဖကြားမှာ သေချင်စော်တောင် နံလာပြီ"

"ဒေါ်လေးက သေချင်စော် နံရုံတင် နံတာ၊ မှုန်မှုန်က ခုသေလို့ရရင် ခုတောင် သေပစ်လိုက်ချင်သေးတယ်၊ အဖနဲ့ ငါးရာ ငါးကမ္ဘာကို ကြောက်လို့သာ၊ မဟုတ်ရင်လား...."

"အမယ်လေး....မယ်မင်းကြီးမ၊ ဒါ တစ်ခုတော့ မလုပ်လိုက်ပါနဲ့အေ၊ ညည်းက သေရဲလို့သေတာ၊ ဒေါ်လေးက အိမ်မှာ ဆက်နေရဲမှာမဟုတ်ဘူး၊ နားလည်လား"

ဒေါ်ရွှေခင် အကြောက်ကြောက် အလန့်လန့်ဖြင့် တားမြစ်လိုက်၏။ ပြီးနောက် ခုတင် ပေါ်တွင် တင်ပါးလွှဲ၍



…င်ထိုင်လိုက်ကာ တူမဖြစ်သူ၏ ကျောမှဒဏ်ရာကို ကြင်နာ…ွာ လှန်လှောကြည့်ရှုနေသည်။

"ထားလိုက်စမ်းပါ ဒေါ်လေးရယ်"

"ဘာဖြစ်လို့ထားရမှာလဲအေ့၊ နနွင်းနဲ့ ဆားနဲ့ သိပ်ရ…ာပေါ့၊ ဒဏ်ဖြစ်သွားလိမ့်မယ်"

ပြောပြောဆိုဆို ဒေါ်ရွှေခင်က မီးဖိုဘက်သို့ထွက်သွား…ိုက်ပြီး နနွင်းနှင့်ဆားကို …င့်သလောက်ယူရင်း ရေဖြင့် …ော်လာခဲ့သည်။ မှုန်မှုန် ငြင်းပယ်နေသည့် ကြားကပင် …ဒေါ်ဖြစ်သူ၏ ကြင်နာစိတ်ဖြင့် ယုယုယယ ဆေးလိမ်း…းလေသည်။

"သိပ်စပ်လား တူမလေး"

"ရပါတယ် ဒေါ်လေးရယ်"

ရပါတယ်ဟုသာ ပြောလိုက်ရသော်လည်း ဒဏ်ရာနှင့် …ဆားတွေ့တိုင်း သွေးခများ တွန့်ခနဲ တွန့်ခနဲနေအောင် စပ်…ဖျဉ်း ဝေဒနာကို ခံစားနေရရှာသည်။

ဝစုပေါင်း အရှိုးရာလေးချက်ဖြစ်၍ အတော်ကြာကြာ…း အောင့်ခံလိုက်ရသည်။

"အင်း....ငါ့အစ်ကို ဦးဖေခင် ကလဲ စိတ်က လက်ဘစ်…ာ်၊ မှုန်မှုန်ကလဲ ပေကတ်ကတ်နဲ့ ဆိုတော့ ကြားက ငါ…နံခက်တယ် မှုန်မှုန်"

ဒေါ်ရွှေခင်က ဆေးလိမ်းပေးရင်း ညည်းလိုက်၏။

"တော်ပါတော့ ဒေါ်လေးရယ်၊ ပြီးတာတွေ ပြန်ပြီး ပြောဖို့ မကြိုးစားပါနဲ့တော့၊ အခုကိစ္စလဲကြည့်၊ မှုန်မှုန့် ဘက်က ဘာတွေအပြစ် အကြီးအကျယ်လုပ်နေလို့ အိမ်ခန်းကို ရွှေ့ခိုင်းရတာလဲ၊ ကိုယ်နေတဲ့အခန်းကိုတောင်မှ ကိုယ်နေချင်တဲ့အခန်းကို မရွေးချယ်ရတော့ဘူးလား"

"သမီးမှုန်မှုန် ညည မအိပ်ဘဲ ထိုင်ထိုင်နေလို့ အိပ်ရေးပျက်ပြီး ကျန်းမာရေး ထိခိုက်မှာ စိုးလို့ပေါ့"

"ညည မအိပ်ဘဲ နေအောင် လုပ်ခဲ့တာ ဘယ်သူလဲ၊ ဖေဖေပဲ မဟုတ်လား"

"ဒီလိုမပြောရဘူးလေ၊ ကိုကိုက မှုန်မှုန့်အတွက် စိုးရိမ်စိတ်နဲ့ တားမြစ်ခဲ့တာ မဟုတ်လား"

"တော်ပြီ....တော်ပြီ၊ ဒေါ်လေးလဲ ဖေဖေနဲ့ အလိုတူအလိုပါပဲ၊ သွားသွား....သွား၊ မှုန်မှုန့် အခန်းထဲမှာ မနေနဲ့တော့၊ မတရားဘူး မတရားဘူး၊ ဖေဖေလဲမတရားဘူး၊ ဒေါ်လေးလဲ မတရားဘူး၊ မှုန်မှုန့် အပေါ်မှာ ဘယ်သူမှ မတရားဘူး၊ တစ်လောကလုံး မတရားဘူး၊ သွား....သွား....ခုထွက်သွား"

မှုန်မှုန်က အော်ဟစ်ပစ်လိုက်သောကြောင့် ဒေါ်ရွှေခင် လန့်ဖျပ်သွားသည်။



မှုန်မှုန်၏ မီးဝင်းဝင်းတောက်တော့မတတ် မျက်လုံးများကိုကြည့်ပြီး ပို၍လန့်ဖျပ်သွားမိ၏။

မျက်နှာပေါ်တွင် ဆံပင်စတွေ ဖရိုဖရဲ ကျရောက်နေသည်ကို မြင်ရသောအခါ မှုန်မှုန့်မျက်နှာသည် သရဲသဘက် းနေသလိုပင် ဒေါ်ရွှေခင့်စိတ်ထဲ၌ မြင်နေမိသည်။

သို့ဖြစ်၍ မှုန်မှုန်နှင့်အတူ ဆက်မနေရဲတော့ဘဲ အခန်းထဲမှ ထွက်သွားခဲ့လေတော့သည်။

●

## အခန်း (၃)

### ဓာတ်တိုင်ကိုထုံးသုတ်ထားသလိုလူတစ်ယောက်

တစ်နေ့သောအခါ မှုန်မှုန်တို့နေထိုင်ရာ အေးသာယာရပ်ကွက်တွင်းသို့ ဒေါက်တာငွေနှင်းဟု ခေါ်သည့် အသက်သုံးဆယ်အရွယ်ခန့် ဆရာဝန်တစ်ဦး ရောက်လာသည်။

မိဘနှစ်ပါးထံမှ အမွေရလိုက်သည့်ငွေများဖြင့် မြေကွက်ကျယ်ကျယ်တစ်ခု ဝယ်ယူကာ နှစ်ထပ်တိုက်ကလေးတစ်လုံး ဆောက်၏။

နှစ်ထပ်တိုက်ကလေးသည် များစွာ မကြီးကျယ်လှသော်လည်း သပ်သပ်ရပ်ရပ်ကလေး ဖြစ်၏။ လှလှပပကလေး ဖြစ်၏။

နံဘေးတွင် ကားဂိုဒေါင်တစ်ခုရှိကာ အိမ်ရှေ့မျက်နှာစာတွင် ဂျပန်မြက်ခင်း စိမ်းစိမ်းကို ခပ်ကျယ်ကျယ် စိုက်ထား၏။

မြက်ခင်း ပတ်ပတ်လည်တွင်မူ နှင်းဆီ ပန်း ချုံ များ၊ ပွင့်တူရွက်တူ ပင်များ၊ စံပယ်အိုးပုတ်ပင်များ စိုက်ပျိုးထားသေး၏။

အိမ်ခြံ ခေါင်းရင်းဘက်တွင် သစ်ခွမျိုးစုံကိုလည်း စနစ်တကျ စိုက်ပျိုးထား၏။

နှစ်ထပ်အိမ်ကလေးကို လှပစွာဆောက်လုပ်၍ လက်စသတ်ပြီးသောအခါ ပန်းပင်များ၊ သစ်ခွပင်များကို ရှင်သန်အောင် ပြုစုလေ၏။

ပြီးသည်နှင့် အိမ်တက်မင်္ဂလာ ဆွမ်းကျွေးလုပ်၏။ မင်္ဂလာတရားကို အတူတကွနာယူကြပါရန် ရပ်ကွက် လူကြီးသူမများကို အဓိကထား၍ ဖိတ်ကြား၏။

ဒေါက်တာငွေနှင်း အဓိကထား၍ ဖိတ်ကြားသည့်အထဲတွင် ဦးဖေခင်နှင့်ဒေါ်ရွှေခင်တို့မောင်နှမလည်း ပါ၏။

ဦးဖေခင်သည် . ခပ်အေးအေး နေတတ်သူဖြစ်၍ အလှူမင်္ဂလာဆောင်များကို သွားလေ့မရှိပေ။ ဒေါ်ရွှေခင်ကသာ အပျိုကြီးတစ်ဦးပီပီ အလှူ မင်္ဂလာဆောင် သွားသည့်အလုပ်ကို ဒိုင်ခံ၍လုပ်ခဲ့သူဖြစ်၏။



ထို့ကြောင့် ဒေါက်တာငွေနှင်း၏အလှူကိုလည်း ဒေါ်ရွှေခင်ကိုပင် သွားရန် အမိန့်ချခြင်းခံရ၏။

"ဒေါက်တာငွေနှင်းရဲ့ အိမ်တက်ကို နင်ပဲသွားလိုက်ပါ ရွှေခင်"

ခါတိုင်း အလှူ မင်္ဂလာဆောင်များကိုမူ ဒေါ်ရွှေခင် ငြင်းပယ်လေ့မရှိ။ ဆွေမျိုးများ ဖြစ်ချင်လည်းဖြစ်မည်။ သို့တည်းမဟုတ် ခင်မင်ရင်းနှီးသည့် မိတ်ဆွေသင်္ဂဟများ ဖြစ်ချင် ဖြစ်မည်။ ယခုမူ ဒေါက်တာငွေနှင်းဆိုသည့်လူကို တစ်ခါမျှ မြင်တွေ့ဖူးခြင်းမရှိချေ။

ယခုမှ ရပ်ကွက်ထဲသို့ရောက်လာသည့် လူသစ် ဖြစ်နေသည်။ သည့်အတွက် ဒေါ်ရွှေခင် အလှူသွားရမည်ကို ဝန်လေးနေသလို ဖြစ်နေမိသည်။

"ဒီတစ်ခါတော့ ကိုကိုပဲ သွားလိုက်ပါလား"

"ဘာဖြစ်လို့လဲ"

"ဒေါက်တာငွေနှင်းကို တစ်ခါမှမတွေ့ဖူးသေးတာ"

ဦးဖေခင် ကျွတ်ခနဲလုပ်လိုက်၏။

"ဟ....ငါလဲ ဘယ်နှစ်ခါတွေ့ဖူးသေးလို့တုံး၊ ဒီရပ်ကွက်ထဲ ခုမှ ပြောင်းလာတဲ့ဥစ္စာ၊ နင်ကလဲ လုပ်မနေစမ်းပါနဲ့၊ သွားမှာသာ သွားလိုက်စမ်းပါ၊ ခါတိုင်းလဲ သာရေး နာရေး နင်ပဲသွားလာခဲ့တဲ့ဥစ္စာ"

"ခုဟာက မျက်နှာစိမ်း ကိုကိုရဲ့"

"စိမ်းစိမ်းကျက်ကျက်ဟာ၊ နင်တစ်ယောက်တည်းသွားရမှာ ကြောင်နေရင်လဲ မှုန်မှုန်ကိုခေါ်သွား"

"မှုန်မှုန်ကို ခေါ်သွားရမယ်"

"အင်းလေ....ခေါ်သွားပေါ့၊ ဘာဖြစ်လို့လဲ"

"ကိုကို့သမီးက လိုက်ပါ့မလား၊ ဟိုကိစ္စဖြစ်ပြီးကတည်းက အပြင်သွားဖို့ဆိုရင် တွန့်တွန့်နေတာ၊ ပြီးတော့ ဟိုတစ်နေ့က ကိုကိုရိုက်တားတာ မကြာသေးဘူး၊ သူ စိတ်ပြေမှာ မဟုတ်သေးဘူး၊ ခုရက်ပိုင်းမှာ တောင်ပြော မြောက်ပြောတွေလဲ ပြောနေတယ်"

ဒေါ်ရွှေခင့်စကားကြောင့် ဦးဖေခင် မျက်မှောင်ကြုတ်လိုက်သည်။

"ဒါဖြင့်လဲ နင့်သဘောပဲလေ၊ ထွေးရီကိုပဲ ခေါ်ချင်ခေါ်သွားလေ"

ငြင်းပယ်မရသောကြောင့် ဒေါက်တာငွေနှင်း၏ အလှူသို့ ဒေါ်ရွှေခင် သွားရန် တာဝန်ယူရတော့သည်။

တစ်ယောက်တည်း ကြောင်တက်တက် ဖြစ်နေမည်စိုး၍ တစ်ယောက်ယောက် အဖော်ခေါ်သွားရန်ဆုံးဖြတ်ရသည်။ ဟုတ်သော်ရှိ မဟုတ်သော်ရှိ အစ်ကိုဖြစ်သူ၏ ဆန္ဒအတိုင်း တူမမှုန်မှုန်ကို ခေါ်ကြည့်ရသည်။



"ဘာဖြစ်တယ် ဒေါ်လေး၊ မှုန်မှုန်က အလှူလိုက်ရမယ် ဟုတ်လား"

"အေးလေ"

"ဟား ဟား ဟား ဟား ဟား"

မှုန်မှုန်က ရယ်စရာမရှိဘဲ ဝါးလုံးကွဲ ရယ်ချလိုက်သောကြောင့် ဒေါ်ရွှေခင် လန့်သွားသည်။ သူ့တူမ ဘာဖြစ်သွားပြီလဲဟု စိုးရိမ်သွားသည်။ မှုန်မှုန့်ကို စူးစူးစိုက်စိုက် ကြည့်မိသည်။

ဆံပင်တွေကို မဖြီးမသင်ဘဲ ထားသောကြောင့် ဖရိုဖရဲ ဖွာလန်ကြဲနေသည်။

"မှုန်မှုန်က အလှူလိုက်ရမယ်....ဟုတ်လား၊ ဟာ....ဟ.... ရယ်စရာကြီး"

"ဒေါ်လေးအလှူခေါ်တဲ့ကိစ္စကရယ်စရာမှမဟုတ်တာဘဲ တူမရယ်"

"ရယ်စရာမဟုတ်ရင် ငိုစရာလား၊ ဒီလိုလဲ ဟုတ်မယ် မထင်ပါဘူး၊ အလှူဆို၊ အိမ်တက်အလှူဆိုတာ အသုဘလို ငိုစရာမှ မဟုတ်တာ၊ ဒေါ်လေးကလဲ"

"ဟုတ်ပါတယ်"

"ဘာဟုတ်တာလဲ"

မှုန်မှုန်က မျက်လုံးကြီးပြူးပြီး မေးလိုက်၏။

ဒေါ်ရွှေခင် လန့်ဖျပ်သွားသည်။

"ဟို....ဟိုသင်းလေ မှုန်မှုန်ရဲ့၊ ငိုစရာ မဟုတ်ဘူးလို့ ပြောတာကို ဟုတ်တယ်လို့ ပြောတာ"

"ငိုစရာမဟုတ်လို့ မှုန်မှုန်က ရယ်တာ အပြစ်လား"

"မဟုတ်ပါဘူး၊ အပြစ်မဟုတ်ပါဘူး"

"ဒါဖြင့် ရယ်မယ်....ရယ်မယ်၊ အားရအောင်ရယ်မယ်၊ ဟား ဟား ဟား ဟား ဟား"

ဒေါ်ရွှေခင်သည် စိတ်ညစ်သွားသည်။ မှုန်မှုန့်အတွက် လည်း စိုးရိမ်သွားမိသည်။

မှုန်မှုန် စိတ်ဖောက်ပြန်သွားလေပြီလားဟူသောအတွေး ကြောင့် ရင်ထဲတွင်ထိတ်လန့်နေသည်။

"သတိထားလေမှုန်မှုန်၊ သတိထားမှပေါ့"

ဒေါ်ရွှေခင့်စကားကြောင့် မှုန်မှုန် အားပါးတရ ရယ် မောနေခြင်းကို တခဏ ရပ်ဆိုင်းပစ်လိုက်၏။ မျက်နှာကို လည်း ချက်ချင်း တည်ပစ်လိုက်၏။

ထို့နောက် ဒေါ်ရွှေခင်ကိုစေ့စေ့ကြည့်ကာ....

"ဘာလဲ....ဒေါ်လေးက မှုန်မှုန့်ကို ရူးသွားပြီလို့ ထင်လို့ လား"



"မဟုတ်....မဟုတ်"

"ဘာလို့မဟုတ်ရမှာလဲ၊ ဟုတ်ရမယ်၊ ဟုတ်ကို ဟုတ်ရ မယ်၊ ဒေါ်လေး မှုန်မှုန့်ကို ရူးနေတယ် ထင်တယ် မဟုတ် လား၊ မရူးဘူး၊ မရူးဘူး၊ တစ်သက်လုံး မရူးဘူး၊ သူများ တကာကို ဒုက္ခပေးတဲ့ ဒေါ်လေးတို့ ဖေဖေတို့သာ ရူးသွား မှာ ကြောက်ရတာ နားလည်လား၊ ကဲ....ပြော၊ ဒေါ်လေး ခုနက ပြောတဲ့ အိမ်တက်ဆွမ်းကျွေး အလှူဆိုတာ ဘယ် မှာလဲ"

"ဟိုဘက် လမ်းထဲက တိုက်သစ်ကို ပြောင်းလာတဲ့ ဒေါက်တာငွေနှင်း ဆိုတဲ့လူရဲ့ အလှူ"

ဒေါက်တာငွေနှင်း ဆိုသော နာမည်ကို ကြားလိုက်ရ သည်နှင့် မှုန်မှုန် ပြုံးသွားသည်။

"ဒေါက်တာငွေနှင်း တဲ့လား ဒေါ်လေး"

"ဟုတ်တယ်"

"မဆိုးဘူး၊ ဒီနာမည် မဆိုးဘူး၊ မှုန်မှုန် သဘောကျ တယ်၊ ဒေါက်တာငွေနှင်း ဆိုတော့ ငွေရောင် နှင်းကလေး ပေါ့၊ ဟာ....ဟ၊ ဆောင်းဆိုသည်က အေးမြခြင်းကို သရုပ် ဖော်တယ်၊ ငွေနှင်းဖြူက သန့်စင်တယ်လို့ အဓိပ္ပာယ်ကို ယူမယ်"

မှုန်မှုန်က တစ်ချိန်က ခေတ်စားခဲ့သော အဆိုကျော် တွံတေးသိန်းတန်၏ ဆောင်းရယ်,နှင်းရယ်,ကိုယ့်ချစ်သူရယ် သီချင်းထဲမှ စာသားတစ်ပိုဒ်ကို သံနေသံထားဖြင့် ဟစ်၍ ဆိုလိုက်သည်။

"ဟုတ်တယ်၊ငွေနှင်းဖြူဆိုတာ သန့်စင်တဲ့ အဓိပ္ပာယ်ပဲ၊ ဒေါက်တာငွေနှင်း ဆိုတာ သဘောမနောကောင်းတဲ့ လူ တစ်ယောက် ဖြစ်နိုင်တယ်၊ လိုက်မယ်၊ မှုန်မှုန် လိုက်မယ်"

ဒေါ်ရွှေခင် တအံ့တဩဖြစ်သွားမိသည်။ မှုန်မှုန် ဘယ် ကိုမှ မသွားဖြစ်သည်မှာ ကြာပြီ။ ယခုလို လွယ်လွယ်ကူကူ လိုက်မည်ဆိုသောအခါ အမှန်ပင် အံ့ဩသွားမိသည်။

"တကယ်ပြောတာလား မှုန်မှုန်"

"တကယ် မဟုတ်ဘူး၊ နှစ်ကယ်, သုံးကယ်၊ အကယ် တစ်ရာ...."

"ဒါဖြင့် ရေမိုးချိုး၊ အင်္ကျီ လဲချည် လဲလေ"

"အဲဒါတွေမလုပ်ရင် အလူက လက်မခံဘူးတဲ့လား"

"လက်မခံတာတော့ မဟုတ်ဘူးပေါ့ မှုန်မှုန်ရယ်၊ လှလှ ပပလေး လုပ်သွားမှ ကောင်းမှာပေါ့"

"လုပ်မယ် လုပ်မယ်၊ လှတပတ ကလေး ဖြစ်အောင်ကို လုပ်ရမယ်"



ပြောပြောဆိုဆို မှုန်မှုန်က အိပ်ရာမှ လူးလဲထလိုက်သည်။ ချက်ချင်းပင် ရေမိုးချိုးလျက် မကြာခင် မှန်တင်ခုံရှေ့သို့ ရောက်လာသည်။ ပြောသည့်အတိုင်းပင် အလှကို သေသေ ချာချာပြင်သည်။

အလှပြင်သည်ကို မမြင်ရသည်မှာ သုံးလေးငါးလ ရှိပြီ ဖြစ်၍ တူမဖြစ်သူကိုကြည့်ရင်း ဒေါ်ရွှေခင် အံ့လည်းအံ့ဩ၊ ဝမ်းလည်း သာနေမိသည်။

စိတ်ပါသက်ပါ အလှ ပြင်လိုက်သောအခါ မှုန်မှုန်၏ အလှတရားတွေက ပေါ်လွင်လာသည်။ သုံးလေးလအတွင်း အနည်းငယ် ပိန်လှီသွားသည်မှလွဲ၍ မှုန်မှုန် အလှမပျက်ပါ။ ပါးသေး တင်ကျယ်သော ခန္ဓာကိုယ်အလှကလည်း ထဘီကို တင်းတင်း ရစ်ရစ် ဝတ်လိုက်သောအခါ ပေါ်လွင်လာ သည်။ ဝတ်ကောင်းစားလှများကလည်း နဂိုကလှပြီးသား အလှကို ပိုမိုတင့်တယ် တောက်ပသွားစေသည်။

"ငါ့တူမက သိပ်လှတာပဲ"

"ဒေါ်လေးကလဲ၊ တူဝရီးအချင်းချင်း မြှောက်ပေးနေ ပြန်ပြီ"

"မြှောက်ပေးတာ မဟုတ်ဘူး၊ တကယ်ပြောနေတာ၊ မှုန်မှုန် အခုလို ပြင်ပြင်ဆင်ဆင်မနေတာ ဘယ်လောက်ကြာ

သွားပြီလဲ၊ ခုလို လှလှပပမမြင်ရတာကြာပြီလေ၊ အဲဒီလိုပဲ အမြဲနေစမ်းပါ မှုန်မှုန်ရယ်”

မှုန်မှုန်က ဘာမှပြန်မပြောဘဲ မှန်ထဲတွင် ပေါ်နေသည့် သူ့အရိပ်ကိုကြည့်ရင်း ပြုံးလိုက်မဲ့လိုက်လုပ်နေသည်။မှုန်မှုန် အလှပြင်နေစဉ် ဒေါ်လေးရွှေခင်ကလည်း အလှူသွားရန် တင့်တယ်သည့် အဝတ်အစားများကို ဝတ်ဆင်ရသည်။

မကြာခင် တူဝရီးနှစ်ယောက်သား ပြင်ဆင်ပြီးကြသော ကြောင့် အလှူအိမ်ရှိရာသို့ ထွက်လာ ခဲ့ကြသည်။ အိမ်ချင်း သိပ်မဝေးသောကြောင့် ခြေကျင်ပင်လျှောက်ခဲ့ကြသည်။

ထိုအခါ လူမနေသော နံဘေးခြံဝင်းကျယ်ကြီးကို ရှေ့မှ ဖြတ်သွားကြရသည်။

မှုန်မှုန့် အိပ်ခန်းနံဘေးက မြင်နေရသည့် ဖုန်းဆိုးတော နှင့် အုတ်ဂူဖြူဖြူကလေးရှိရာခြံကျယ်ကြီးပင်ဖြစ်သည်။

ထိုခြံကြီးရှေ့သို့ရောက်သောအခါ မှုန်မှုန်က လှည့်ကြည့် လှည့်ကြည့် လုပ်နေသောကြောင့် ဒေါ်ရွှေခင်က လက် မောင်းကို လှမ်းဆွဲကာ မြန်မြန် လျှောက်ဖို့ ပြော နေ ရသည်။


“ဘာကြည့်နေတာလဲ မှုန်မှုန်၊ မြန်မြန်လျှောက်စမ်းပါ အေ....”



“ဘာဖြစ်လို့ မြန်မြန်လျှောက်ရမှာလဲ ဒေါ်လေးရယ်၊ ဖြည်းဖြည်းပေါ့၊တော်ကြာ မြန်မြန်လျှောက်တာနဲ့ ချွေးတွေ ထွက်ပြီး အလှူအိမ်ရောက်ရင် အလှတွေ ပျက်နေပါဦးမယ်”

ဒေါ်ရွှေခင်က နှုတ်ခမ်းမဲ့လိုက်၏။

“မှုန်မှုန်က အလှပျက်မှာကြောက်နေ၊ ဒေါ်လေးတော့ ဒီခြံကျယ်ကြီးရှေ့က ဖြတ်လျှောက်ရတာကိုပဲ ကြက်သီးတွေ ထလှပြီ မှုန်မှုန်ရဲ့”



“ဘာဖြစ်လို့ ကြက်သီး ထရတာလဲ”

“ဒီခြံထဲမှာ အုတ်ဂူကြီး ရှိနေတယ်လေ”

“အုတ်ဂူကြီးက ဘာလုပ်နိုင်တာမှတ်လို့လဲဒေါ်လေးရဲ့၊ ဟင်း....ဟင်း”

မှုန်မှုန်နှင့် စကား ဆက်ပြောနေလျှင် ဆုံးတော့မည် မဟုတ်သောကြောင့် ဒေါ်ရွှေခင် ဆက်မပြော တော့ဘဲ ခြေလှမ်းတွေကိုသာ သွက်သွက်လှမ်းခဲ့မိလေ၏။

“ဖြည်းဖြည်းလျှောက်ပါ ဒေါ်လေးရဲ့၊ နောက်က လူ လိုက်လာတာ..ကျနေတာပဲ၊ အုတ်ဂူကြီးကလဲ လိုက်မလာ ပါဘူး”

ဒေါ်ရွှေခင် စကားတုံ့ပြန်မနေဘဲ ခြေလှမ်းကို မှန်မှန် ဆက်လျှောက်နေသည်။

မကြာခင် လမ်းချိုးကွေ့သို့ ရောက်လာပြီး ချိုးဝင်လာခဲ့ပြီးနောက် ဒေါက်တာငွေနှင်း၏ ဘိုက်သစ်ကလေးရှိရာသို့ ရောက်လာခဲ့ကြလေ၏။

ဒေါ်ရွှေခင်နှင့် မှုန်မှုန်တို့ ရောက်သွားသည့် အချိန်သည် အတော် နောက်ကျနေပြီ ဖြစ်သောကြောင့် လူ အတော်နည်းသွားပြီဖြစ်သည်။

ဒေါက်တာငွေနှင်း ဆိုသူမှာ ဒေါ်ရွှေခင်နှင့် မှုန်မှုန်တို့ ထင်မှတ်ထားကြသည်ထက် ပိုမိုငယ်ရွယ်လေသည်။

ထို့အပြင် ယောကျ်ားပီသသော လက္ခဏာများရှိထျက် ချောမောခံ့ညားသော လူတစ်ယောက်ဖြစ်သည်။

"ကြွပါခင်ဗျာ....ကြွပါ"

ဒေါက်တာငွေနှင်း ကိုယ်တိုင် ခရီးဦးကြိုပြုသောအခါ ဒေါ်ရွှေခင်က သူ့ကိုယ်သူ မိတ်ဆက်ပေးရလေသည်။

"အဒေါ်က ဒေါ်ရွှေခင်ပါ၊ ဦးဖေခင်ရဲ့ ညီမပါ"

"ဪ....ကန်ထရိုက်ကြီး ဦးဖေခင်ရဲ့ နှမပေါ့နော်"

"ဟုတ်ပါတယ် ဒေါက်တာ၊ ဟောဒါက ဦးဖေခင်ရဲ့ သမီး၊ အဒေါ်ရဲ့တူမ မှုန်မှုန် ပါ"

"ဪ....မှုန်မှုန် တဲ့လား"

"ဟုတ်ပါတယ်ရှင်၊ ကျွန်မက မှုန်မှုန်ပါ ဒေါက်တာ၊ ဒေါက်တာက ဒေါက်တာငွေနှင်း နော်၊ ငွေနှင်း ဆိုတဲ့



"အစစအရာရာပေါ့ မှုန်မှုန်ရယ်၊ သူ့ရဲ့စည်းစိမ်ချမ်းသာရော၊ သူ့ရဲ့ဥပဓိရုပ်ရည်ရောပေါ့၊ ဒေါ်လေးထင်ထားတာထက် ဒေါက်တာငွေနှင်းက ပိုချောတယ်"

"ဒေါ်လေး စိတ်ဝင်စားနေတယ်ပေါ့"

"ကြုံကြိုးစီရာ မှုန်မှုန်ရယ်၊ ငါ့အသက်အရွယ်နဲ့ ဒါမျိုးတွေ စိတ်ကူးပါ့မလား၊ အမှန်အတိုင်းပြောတာပါတဲ့"

မှုန်မှုန်က အဒေါ်ဖြစ်သူ၏မျက်နှာကို စေ့စေ့ကြည့်ပြီး သဘောကျစွာ ရယ်မောလိုက်လေသည်။

## အခန်း (၄)

### ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ရည်ရွယ်သောအလှ

"ဘာပြောတယ် ငွေနှင်း၊ အိမ်တက်အလှူတုန်းက တွေ့လိုက်ရတဲ့ မိန်းကလေးတစ်ယောက်ကို မင်း မျက်စိထဲက မထွက်ဘူး ဟုတ်လား"

ဒေါက်တာငွေနှင်း၏ စကားကို သူငယ်ချင်း ဖြစ်သူ ဒေါက်တာရဲထွန်းက တအံ့တသြ ပြန်၍မေးလိုက်၏။

"ဟုတ်တယ် ရဲထွန်း"

ဒေါက်တာရဲထွန်းက မျက်မှောင်ကြုတ်လျက် ဒေါက်တာ ငွေနှင်းကို စေ့စေ့စပ်စပ် ကြည့်လိုက်သည်။

"နေစမ်းပါဦး လူပျိုကြီးရဲ့၊ ဘာလဲ...လူပျိုကြီးဘဝက ငုတေစိတ်ကျချင်နေပြီလား"

ဒေါက်တာငွေနှင်းက ခေါင်းကိုယမ်းခါလိုက်၏။

"ဒါဖြင့် ပြောစမ်းပါဦး၊ ခါတိုင်း မိန်းကလေးအကြောင်း စကားစရင်တောင် စိတ်မဝင်စားသလိုနေတဲ့လူဆိုတော့ အံ့သြစရာပဲ"

"ဒီလိုကွ သူငယ်ချင်းရ၊ အဲဒီနေ့ကလာတဲ့ ဧည့်သည်တွေထဲမှာ ကန်ထရိုက်တာကြီးဦးဖေခင်ရဲ့သမီး မှုန်မှုန်ဆိုတဲ့ မိန်းကလေးတစ်ယောက်လဲ ပါတယ်၊ သူ့အဒေါ်နဲ့ပါလာတာ"

"သူ့အဒေါ်ကို အသာထားစမ်းပါ၊ ဒီ မှုန်မှုန်ဆိုတာကလေးက သိပ်ပြီးချောတာပဲလား"

"ချောတယ်ဆိုတာထက် စိတ်ဝင်စားစရာ ပိုကောင်းတယ်လို့ ပြောရမှာပဲ"

"ဘာဖြစ်လို့"

"သူ့ကိုကြည့်ရတာ စိတ်မမှန်ဘူးလို့ ထင်တယ်၊ တွေ့တွေ့ချင်းမှာပဲ ရယ်စရာပြောလိုပြော၊ မျက်လုံးအကြည့်တွေကလဲ မမှန်ဘူး"

"ရူးကြောင်ကြောင်အမူအရာတွေကိုကြည့်ပြီး မောင်ရင်က စိတ်ဝင်စားနေတာလား"

ဒေါက်တာငွေနှင်းက ခေါင်းကို ယမ်းခါလိုက်၏။



"သူ့နှုတ်ခမ်းက ပြုံးနေပေမယ့် သူ့မျက်လုံးတွေက ပြုံးနိုင်ဘူး၊ ရီဝေနေတယ်၊ သူ့မှာ နက်နဲတဲ့ခံစားမှုတွေ ရှိနေတယ်လို့ ပြောနိုင်တယ်"

"ဒါပဲလား၊ချစ်စရာကောင်းတဲ့အချက်တွေကော မပြောတော့ဘူးလား"

"ချောတဲ့မိန်းကလေးတိုင်း၊ ချစ်စရာကောင်းတဲ့ မိန်းကလေးတိုင်း စိတ်ဝင်စားစရာကောင်းတာ မဟုတ်ဘူး သူငယ်ချင်းရဲ့"

ဒေါက်တာရဲထွန်းက ခေါင်းကို တဆတ်ဆတ်ညိတ်လိုက်သည်။

"ဒါဖြင့်လဲ အဲဒီ မှုန်မှုန်ဆိုတဲ့မိန်းကလေးရဲ့ စိတ်ဝင်စားစရာကောင်းတဲ့ ပုံစံကို ပြောစမ်းပါဦး၊ ရင်က ဘယ်လောက်၊ ခါးက ဘယ်လောက်၊ တင်က ဘယ်လောက်၊ တဲ....တဲ....တဲ"

"အကောင်းပြောနေရင်း ဖောက်ဖောက်မလာစမ်းပါနဲ့ ရဲထွန်းရာ၊ မှုန်မှုန့်ကို ငါ စိတ်ဝင်စားတာက အဲဒါတွေ မဟုတ်ဘူး၊ အဲဒါတွေ မဟုတ်ဘူးဆိုပေမယ့် မှုန်မှုန်ကတော့ လှပါတယ်၊ မင်းပြောသလို ဒီကနေ့ ခေတ်စားနေတဲ့ မိန်းကလေးတွေရဲ့ အချိုးကျတဲ့ ခန္ဓာကိုယ်မျိုးပါပဲ၊ ချောတာလဲ ပြောစရာမရှိပါဘူး၊ ဒါပေမယ့်...."

"အင်း....အဲဒီဒါပေမယ့်က စိတ်ဝင်စားစရာ ကောင်းမယ်ထင်တယ် ငွေနှင်း"

"ဟုတ်တယ်၊ ရုပ်ကလေးချောသလောက် မှုန်မှုန်ရဲ့ စိတ်က တစ်မျိုးဖြစ်နေတယ်လို့ ငါထင်တယ်"

"ဆိုက်ကိုဇစ် ဖြစ်ချင်နေတာလား၊ စိတ်မမှန်ဘူးဆိုပါတော့"

"ဟုတ်လိမ့်မယ်၊ ငါ့ကို ခုပဲတွေ့တယ်၊ ခုပဲနောက်တယ်ကွာ"

"ဘယ်လိုနောက်တာလဲ"

"ဒေါက်တာငွေနှင်းဆိုတဲ့အတိုင်း အသားက ဖြူဖွေးနေတာပဲ၊ မှတ်တိုင်ကို ထုံးသုတ်ထားသလိုပဲနော်တဲ့"

"ပျော်တတ်လို့နေမှာပေါ့"

ဒေါက်တာငွေနှင်းက ခေါင်းကို သွက်သွက်ယမ်းခါပစ်လိုက်သည်။

"မဟုတ်ဘူး သူငယ်ချင်း၊ ပျော်တတ်တယ်ပဲ ထားပါဦး၊ တစ်ကြိမ်တည်းတွေ့ဖူးတဲ့ သူတစ်ယောက်ကို ဘယ်သူက ဒီလောက်ထိနောက်မှာလဲ၊ ပြီးတော့ ငါ သူ့မျက်လုံးတွေကို သေသေချာချာကြည့်ကြည့်တယ်၊ အိပ်ရေးမဝတဲ့သူ့ရဲ့ မျက်လုံးမျိုး၊ ရီဝေနေတယ်ကွ၊ စဉ်းစားစရာပဲ"



"အင်း....ဒါဆိုတော့ မင်းပြောသလို စဉ်းစားစရာပေါ့၊ အေးကွာ....စဉ်းစားတာလဲ စဉ်းစား၊ မင်းနဲ့ငါ နှစ်ယောက်ပေါင်းရေးကြမယ့် ခေတ်ပေါ်ရောဂါကျမ်းကြီးကိုလဲ ပြီးအောင် လက်စသတ်ဖို့လဲ စဉ်းစားပါဦး"

ဒေါက်တာရဲထွန်း၏ စကားအဆုံးတွင် ဒေါက်တာငွေနှင်းက သက်ပြင်းရှည်ကြီး ချလိုက်၏။

"ဟူး...လုပ်တာပေါ့ကွာ၊ အဲဒီစာတမ်းကြီးထဲ စိတ်ရောကိုယ်ရော နှစ်ထားခဲ့တာ သုံးနှစ်နီးပါးတောင် ရှိပြီမဟုတ်လား၊ ဒီတော့လဲ နည်းနည်းပါးပါးတော့ ငြီးငွေ့လာတာပေါ့၊ စိတ်အပန်းပြေလက်အပန်းပြေ တခြားအကြောင်းလေး ဘာလေး စဉ်းစားချင်စိတ်တွေ ပေါ်လာတာပေါ့ ရဲထွန်းရယ်"

ရဲထွန်းက ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

"အေးပါကွာ၊ ငါကိုယ်တိုင်လဲ စာထဲခေါင်းနှစ်ထားရတဲ့ နာရီတွေ များလာရင် တစ်ခါတစ်ခါလဲ အမေရိကားမှာတုန်းက ကြည့်ခဲ့တဲ့ ကယ်ရိုလင်းကလေးကို သတိရပြီး စိတ်ကူးယဉ် စားမြုံ့ပြန်မိတာပါပဲ ငွေနှင်းရယ်"

ဒေါက်တာရဲထွန်း ဖြောင့်ချက်ပေးလိုက်သောကြောင့် ဒေါက်တာငွေနှင်းက ကျေနပ်စွာပြုံးလိုက်၏။

"ဒီလိုမှပေါ့သူငယ်ချင်းရယ်၊ တကယ့်တကယ် ယောကျာ်း ပီသတဲ့သူတွေဟာ အမှန်တရားကို ပြောတတ်တဲ့ လူတွေပဲကွ"

"မင်းပြောတာနဲ့ ငါတောင် ဘဝင်မြင့်ရမလိုဖြစ်နေပြီ၊ ဪ....ဒါနဲ့ နေစမ်းပါဦး၊ မင်းပြောတဲ့ အဲဒီ မှုန်မှုန်ဆိုတဲ့ ကောင်မလေးက တော်တော် ချောလို့လား၊ နာမည်ကတော့ သိပ်မဟုတ်ပါဘူး သူငယ်ချင်းရာ၊ ဒီခေတ်ကြီးထဲမှာ တော်တော်တုံးတဲ့ နာမည်တစ်ခုပဲ၊ စိတ်ဝင်စားစရာ လုံးဝ မရှိဘူး"

ဒေါက်တာငွေနှင်းက အဓိပ္ပာယ်ပါပါ ပြုံးလိုက်၏။

"နာမည်ကသာ ရိုးရိုးကြီး ဖြစ်နေတာပါကွာ၊ လူက တော်တော်ချောပါတယ်"

"ဗီဒီယိုမင်းသမီးတစ်ယောက်လောက်ကိုချောသလား"

ဒေါက်တာငွေနှင်းက ခေါင်းကို ယမ်းခါပစ်လိုက်လေသည်။

"မင်း မေးတဲ့ မေးခွန်းက လွဲနေတယ်ကွ၊ ဗီဒီယို မင်းသမီးတွေကို တကယ်ချောပါတယ်လို့ မင်း အာမခံနိုင်လို့လား၊ သူတို့က မျက်နှာကစပြီး တစ်ကိုယ်လုံးကို အာတီဖီချယ်(အတု)တွေနဲ့ မျက်လှည့်ပြချင်သလိုပြလို့ ရနေတာကွ၊ ဗီဒီယိုဖန်သားပြင်ပေါ်မှာ ချောနေ လှနေတာနဲ့ အပြင်



မှာလဲ ဒီလိုပဲ လှပါ့မယ်လို့ မင်း အာမခံနိုင်သလား၊ မှုန်မှုန်ကတော့ ဒီလိုမဟုတ်ဘူး၊ အထူးတလည် မိတ်ကပ်တွေ ဖို့နေအောင် လိမ်းမထားဘဲနဲ့ကို အဲဒီ မင်းပြောတဲ့ ဗီဒီယို မင်းသမီးတွေအားလုံးထက် သာတယ်လို့ ငါတော့ ထင်တာပဲ"

"ဟား....ဟား....ဟား၊ တယ်ဆိုတဲ့စာပါလား၊ မင်း ညွှန်းလွန်းအားကြီးလို့ ငါတောင် ခုချက်ချင်း လိုက်ကြည့်ချင်တဲ့စိတ်တွေ ပေါ်လာပြီ ငွေနှင်းရဲ့"

"အမယ်လေး....ဒါလေးတော့ ချမ်းသာပေးပါ၊ မင်းက နိုင်ငံတကာလှည့်လာပြီး ဖြစ်ချင်သလိုဖြစ်လာတဲ့လူ၊ ငါ့ရဲ့ မှုန်မှုန်လေးကိုတော့ ဒုက္ခမပေးလိုက်ပါနဲ့ သူငယ်ချင်းရယ်"

"အမယ်လေး....သည်းနေလိုက်တာ ငွေနှင်းရယ်၊ မှုန့်ဆီကြော်က ဘယ်နားနေမှန်းမသိသေးဘူး၊ ချောင်းဆိုးရောဂါနဲ့ တည့်ပါ့မလား လုပ်နေပြန်ပြီ"

"နှုတ်ခမ်းနာနဲ့ လှုပ်စမ်းပါ ငွေနှင်းရယ်"

"မင်းမှာ နှုတ်ခမ်းနာမှ မရှိဘဲကွ၊ တစ်ခါတစ်ခါ ချောင်းဆိုးရင်ကျပ်တော့ ဖြစ်တတ်တယ် မဟုတ်လား....

"ထားပါတော့ကွာ၊ မင်း ဒီလောက်တောင် မှုန်မှုန် ဆိုတဲ့ ကောင်မလေးကို စိတ်ဝင်စားနေရင် နောက်ထပ် တွေ့ဖို့ အကြံအဖန်လုပ်ရမှာပေါ့"

"အဲဒါ စဉ်းစားနေတာ"

"ငါ အကြံပေးမယ်လေ"

"လုပ်စမ်းပါဦး"

"လွယ်ပါတယ်ကွာ၊ အခု အိမ်တက်အတွက် အလှူလုပ်ပြီးပြီဆိုတော့ ဘုရားကိုးဆူ ဖြစ်ဖြစ်၊ အဘိုး နှစ်ပတ်လည် ဖြစ်ဖြစ်၊ အိုကွာ....ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ရည်စွယ်တဲ့ အလှူဖြစ်ဖြစ် အလှူတစ်ခုထပ်လုပ်ပြီး ထပ်ဖိတ်ကွာ၊ အဲဒါဆိုရင် အစားမက်တဲ့ မောင်ရင့်ကောင်မလေး လာစားဦးမှာပဲ၊ ကဲ....မကောင်းဘူးလား"

"တော်စမ်းပါကွာ၊ မင်းဟာကလဲ၊ မှုန်မှုန့်ကို ထပ်တွေ့ချင်နေတာနဲ့ အလှူတစ်ခု ထပ်လုပ်ရဦးမယ်ဆိုတော့ မလွန်လွန်းဘူးလား၊ မိန်းကလေးတစ်ယောက်ကို တစ်ခါ ထပ်တွေ့ဖို့ ငွေသောင်းနဲ့သိန်းနဲ့ချီ အကုန်ခံရမှာလား"

"ကုသိုလ်လဲရ ငမ်းလဲရလေ"

"တော်စမ်းပါ၊ မင်းသာ အကြံပေးအရာရှိလုပ်လို့က တော့ ဟင်း....မပြောလိုက်ချင်ဘူး"

"မပြောချင်လဲနေတော့ကွာ၊ ငါ သွားမယ်၊ အင်း.... စာတမ်းအကြောင်း ဆွေးနွေးပါတယ်၊ မှုန်မှုန့်အကြောင်း ပြောတာနဲ့ အချိန်အများကြီးကုန်သွားတာပဲ"

ပြောပြောဆိုဆို ဒေါက်တာရဲထွန်းက သူ့ကို နှုတ်ဆက်ပြီး ပြန်သွားလေ၏။



အိမ်တွင် ဒေါက်တာငွေနှင်း တစ်ယောက်တည်း ကျန်ရစ်ခဲ့သောကြောင့် မှုန်မှုန့် အကြောင်းကို ပို၍ တွေးဖြစ်လေတော့၏။

မှုန်မှုန်၏ ကရုဏာသက်ဖွယ်ကောင်းသော မျက်နှာကလေးနှင့် စွဲမက်ဖွယ်ကောင်းသော ခန္ဓာကိုယ်ကလေး၏ အရိပ်အယောင်တို့သည် ဒေါက်တာငွေနှင်း၏ နှလုံးသားတွင် စွဲထင်လျက်ရှိ၏။

"မှုန်မှုန်....မှုန်မှုန်ရယ်"

●

# အခန်း (၅)

## မှုန်မှုန်က ဒေါ်သင်းထုံ ဖြစ်သွားခြင်း

“မှုန်မှုန်....မှုန်မှုန် မအိပ်သေးဘူးလားဟင်”

ဒေါ်ရွှေခင်က စိုးရိမ်လွန်သောလေသံဖြင့် ပြောရင်း အခန်းထဲသို့ ဝင်လာလေ၏။

မှုန်မှုန်၏အခန်းထဲတွင်ကား မှုန်မှုန်သည် ထုံးစံအတိုင်း ညဉ့်နက်သည်အထိ မအိပ်နိုင်သေး။

ခုတင်ပေါ်တွင် တင်ပျဉ်ခွေအနေအထားဖြင့် မှန်ပြတင်းပေါက်ကို ဖွင့်ထားပြီး တစ်ဖက်ခြံဝင်းသို့ လှမ်းကြည့်လျက်ရှိသည်။

ပြတင်းအပြင်ဘက်တွင် နှင်းငွေ့များက မှုန်နေအောင် ကျနေကြသည်။ လဝန်းဝါဝါသည် မပီဝိုးတဝါး။

နှင်းမှုန်များအောက်တွင် ဖုန်းဆိုးတောများရှိသည်။

ကုက္ကိုပင်အိုကြီး ရှိသည်။

ကုက္ကိုပင်အိုကြီးအောက်တွင် အုတ်ဂူဖြူဖြူကလေး ရှိသည်။

မှုန်မှုန်က ထိုအုတ်ဂူဖြူဖြူကလေးရှိရာသို့ ငေးစိုက်ကြည့်နေဆဲ ဒေါ်ရွှေခင်က လှမ်းခေါ်လိုက်ခြင်းဖြစ်သောကြောင့် မှုန်မှုန် မကြားချေ။ သူ့အာရုံက တခြားသို့ရောက်နေသည်။

"မှုန်မှုန်"

ဒေါ်ရွှေခင်က လေသံကိုမြှင့်၍ ခေါ်လိုက်ပြန်သည်။

မှုန်မှုန်က ငေးငိုင်နေဆဲ။

"မှုန်မှုန်....ဒေါ်လေး ခေါ်နေတယ်လေ"

ဒေါ်ရွှေခင်က မှုန်မှုန့် ပခုံးကလေးကို လာရောက်ဆုပ်ကိုင်ပြီး လှုပ်ယမ်းခေါ်ငင်လိုက်၏။

သည်တော့မှပင် မှုန်မှုန်က ခေါင်းကို ဖြည်းဖြည်းချင်း လှည့်လာသည်။

ထိုကဲ့သို့ခေါင်းလှည့်လာရာတွင်လည်း လူတစ်ယောက်၏ လှုပ်ရှားမှုဟန်ပန်မျိုးနှင့်မတူဘဲ စက်ရုပ်တစ်ရုပ် လှုပ်ရှားပုံမျိုးနှင့် ဆင်တူနေသည်။



ခန္ဓာကိုယ်ကသာ အိပ်ခန်းတွင်း၌ ရှိနေသော်လည်း မှုန်မှုန့် စိတ်ဝိညာဉ်သည် တခြားသို့ လွင့်ပါးနေသည်။

ဒေါ်ရွှေခင်သည် တုမဖြစ်သူ မှုန်မှုန်ကို သေသေချာချာ ကြည့်မိရာတွင် ငေးကြောင်လျက် အသက်မဲ့ ခန္ဓာကိုယ်ကဲ့သို့ ဖြစ်နေသည်ကို သတိထားမိလေရာ ထိတ်ခနဲ ခံစားလိုက်ရ ပြီး အစိုးရိမ်ကြီး စိုးရိမ်သွားမိလေ၏။

"မှုန်မှုန် ဘာဖြစ်လို့လဲ၊ မှုန်မှုန် ဘာဖြစ်နေတာလဲ"

ဒေါ်ရွှေခင်က မှုန်မှုန်၏ လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင် လှုပ်ယမ်းရင်း စိုးရိမ်တကြီး မေးလိုက်၏။

မှုန်မှုန်က ဘာမှပြန်မပြော။

ဒေါ်ရွှေခင်ကိုသာ ငူငူကြီး စိုက်ကြည့်နေလေသည်။

"ဒေါ်လေး မေးနေတယ်လေ မှုန်မှုန်၊ ဘာဖြစ်နေတာလဲလို့"

"ဒေါ်လေး....ဟုတ်လား၊ ဘာဒေါ်လေးလဲ၊ မသိဘူး၊ မသိဘူး၊ မှုန်မှုန်....မှုန်မှုန့်ကိုလဲ မသိဘူး၊ ငါ မှုန်မှုန် မဟုတ်ဘူးအေ့၊ ငါက သင်းထုံ၊ ဒေါ်သင်းထုံ၊ ငါက ညည်းထက် အသက်ကြီးတယ်၊ ငါ့ကို မရိုမသေမပြောနဲ့၊ မဆိုနဲ့"

"ဘုရားရေ...."

မှုန်မှုန့် နှုတ်ဖျားမှ စကားဆန်းတွေ ကြားလိုက်ရသောကြောင့် ဒေါ်ရွှေခင် အလန့်တကြားဖြစ်သွားပြီး ကိုင်ထား

သည့် လက်မောင်းများကို လွှတ်ပေးလိုက်မိကာ နောက်သ တစ်လှမ်းပင် ဆုတ်သွားမိ၏။

ထို့နောက် တူမဖြစ်သူကိုစေ့စေ့ကြည့်ကာ ကြက်သီ တဖြန်းဖြန်းထလျက် ကြောက်ရွံ့စိတ်များ ဝင်လာမိတေ တော့၏။

"ဘုရား....ဘုရား....ဒုက္ခပါပဲ၊ ညကြီးမင်းကြီးမှာ မှုန်မှု ကို မကောင်းဆိုးဝါးတွေများ ပူးကပ်နေပြီလား"

ဒေါ်ရွှေခင် စိတ်ထဲမှ တွေးလိုက်မိပြီး ဘာလုပ်ရမှ မသိဘဲ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားလေ၏။

"ဟဲ့....ရွှေခင်၊ ငါ့ကို ဘာလို့ ဒီလောက် စူးစူးဝါးဝ ကြည့်နေရတာလဲ၊ ဘာလဲ....ငါ့ကို တစ္ဆေသရဲမှတ်လို့လာ ငါ သင်းထုံလေ၊ သင်းထုံပါ"

"သင်းထုံတဲ့၊ ဘယ်က သင်းထုံလဲ"

ဒေါ်ရွှေခင် တွေးရင်း ဦးနှောက်စားသွားလေတေ သည်။

"ဒီမှာကြည့်စမ်း ရွှေခင်၊ ငါလေ....ငါ ဟောဟို အုတ်ဂူဖြူဖြူလေးထဲမှာ အကြာကြီးနေရတာ ဘယ်လော ကြာပြီ မှတ်သလဲ....

"ညောင်းလွန်းလို့ မနေနိုင်တော့ဘူး ရွှေခင်ရယ်၊ တော့ မွန်းလဲသိပ်ပြီးမွန်းတာပဲ၊ ကျပ်လဲသိပ်ပြီးကျပ်တာ



ထဲမှာ တီကောင်တွေ၊ မြေကြွက်တွေနဲ့ ရွံ့စရာလဲ သိပ် ကောင်းတာပဲအေ"

မှုန်မှုန်က စိတ်ပျက်လက်ပျက်ဖြင့်ညည်းညူရင်း တစ်လုံး ချင်း ဖြည်းဖြည်းပြောနေသည်ကို ဒေါ်ရွှေခင်က မှင်တက် သလို ခံစားရင်း နားထောင်နေမိလေသည်။

"ငါ့မှာကအေ၊ စကားပြောဖော်ကလဲမရှိ၊ ချမ်းကလဲ ချမ်း၊ ဂူထဲမှာ နေလို့မရတော့ဘူး၊ အဲဒါကြောင့် အပြင်ကို ထွက်လာတာ"

ဒေါ်ရွှေခင်သည် နေရာတွင် အရုပ်တစ်ရုပ်လို တောင့် တောင့်ကြီး ရပ်နေမိသည်။ ဒေါ်ရွှေခင်၏ တစ်ကိုယ်လုံး ကြွေးစေးများပြန်ကာ အာစေးထည့်ထားသလို ဘာစကား မှလည်း မပြောနိုင်ချေ။

ကြက်သီးတဖြန်းဖြန်းသလျက် မှုန်မှုန် ပြောသမျှကိုသာ မျက်လုံးကြီးအပြူးသားဖြင့် ဆက်ပြီး နားထောင်နေမိပြန် လေသည်။

"ဒီမှာ ရွှေခင်၊ အဖော်မဲ့ အထီးကျန်တစ်ယောက်ရဲ့ ဘဝဆိုတာ တော်တော်ကို အနေရခက်ခဲတာ အေရဲ့၊ အဲဒီ ဂူကြီးထဲမှာ နေရတဲ့ ကာလတွေဟာ တကယ့်ကို ခြောက် ခြားပြီး ပျင်းရိငြီးငွေ့စရာကောင်းတာကလား၊ တစ်နေ့

တစ်နေ့ ကုန်နိုင်တယ်လို့ကိုမရှိဘူး၊ နေ့တာတွေ သိပ်ပြ ရှည်လွန်းတယ်....

“အဲဒီလိုပဲ ညဘက်ကျတော့လဲ အထီးကျန် ငါ့အ အိပ်လို့ကိုမပျော်နိုင်ဘူး၊ အဲဒီ ညတွေကလဲ ကုန်ခဲလိုက်တာ ကုန်ခဲလိုက်တာအေ၊ တစ်ညတစ်ညကို တစ်ကမ္ဘာ တ ကမ္ဘာလောက်တောင် ထင်မိတယ် အေရဲ့၊ နားလည်လား

ဒေါ်ရွှေခင်က ယောင်ယမ်းပြီး ခေါင်းညိတ်လိုက် သောကြောင့် မှုန်မှုန်က ဆက်ပြောပြန်သည်။ သူ့စကာ တွေ ပြောနေသည်ကို ကြည့်ရသည်မှာ သာမန်နှင့်မတူ ထူးဆန်းနေသည်။

မှုန်မှုန့် မျက်လုံးများသည် ကြောင်စီစီဖြစ်ကာ အိပ်မ မှ ယောင်ယမ်းပြောနေသလိုမျိုး ဖြစ်နေလေသည်။

“အေးလေ၊ ငါက ငါ့အကြောင်းတွေ ခရေစေ့တွင်းက ပြောပြနေလို့လဲ ညည်းတို့က ငါ့ကို ဘယ်လိုမှ သဘော ပေါက်နိုင်မှာ မဟုတ်ပါဘူး၊ တကယ်တော့ ကိုယ်ချင်းစ တယ် ဆိုတာက ကိုယ်ကိုယ်တိုင်အဲဒီအဖြစ်အပျက်မျိုးကြုံဖူးမ တကယ် စာနာတတ်တာ၊ မဟုတ်ရင်တော့ အလကားပ ကိုယ်ချင်းစာတယ်၊ ကိုယ်ချင်းစာတယ် ပြောနေကြတာ ဟ ဆောင်နေကြတာ....



“လူမှုရေးအရ လိမ်ညာပြောနေကြတာ၊ ကိုယ် ကြုံဖူးမှ တကယ်တမ်း ကိုယ်ချင်းစာတတ်ကြတာ ရွှေခင်ရဲ့၊ ကဲ....ငါ မေးမယ်၊ ညည်း ချစ်သူရည်းစားထားဖူးလား”

ဒေါ်ရွှေခင်က ယောင်ယမ်းပြီး ခေါင်းခါပြမိဖြစ်သွားသည်။

မှုန်မှုန်က နှုတ်ခမ်းကို မဲ့ရွဲ့ပစ်လိုက်၏။

“အေး....အဲဒါကြောင့် ပြောတာ ရွှေခင်ရဲ့၊ ချစ်သူရည်းစားမထားဖူးတဲ့လူတစ်ယောက်ဟာ အချစ်အကြောင်း မသိဘူး....

“အချစ်အကြောင်း မသိရင် အချစ်နဲ့ ကွေကွင်းခွဲခွာရခြင်းရဲ့ ဒုက္ခ၊ အဲ....အဲဒီဒုက္ခကို နားမလည်ဘူး၊ ကိုယ်ချင်းမစာတတ်ဘူး၊ ညည်း....ညည်း ငါ့ရဲ့ဒုက္ခကို မသိပါဘူး ရွှေခင်ရယ်၊ အေးလေ....ညည်းမှ မဟုတ်ဘူး၊ ငါ့ရဲ့ဒုက္ခကို ဘယ်သူမှ မသိကြဘူး”

မှုန်မှုန်သည် စကားတွေပြောနေရင်းက ပါးပြင်ပေါ်သို့ မျက်ရည်များစီးကျလာကြပြီးနောက် ရှိုက်ကြီးတငင် ငိုချလိုက်လေတော့၏။

ဒေါ်ရွှေခင်သည် ပထမတွင် နေရာ၌ရပ်လျက် ကြောင်ငေးကြည့်နေသော်လည်း ရှိုက်ကြီးတငင်ငိုနေသည့် မှုန်မှုန့်

ကို သတိထားမိမှ ရင်ခွင်ထဲသို့ဆွဲသွင်းကာ နှစ်သိမ့်လိုက်မိသည်။

"တိတ်ပါ တူမရယ်၊ တိတ်ပါ၊ တူမလေးနားမှာ ဒေါ်လေး တစ်ယောက်လုံး ရှိနေတာ၊ အားမငယ်ပါနဲ့ကွယ်"

ဒေါ်ရွှေခင်က ယုယုယယ ပွေ့ပွေ့ပိုက်ပိုက်ဖြင့် ပြောလိုက်သော်လည်း မှုန်မှုန်က အပွေ့အပိုက်မခံဘဲ ရင်ခွင်တွင်းမှ အတင်းရုန်းထွက်လိုက်၏။

"ဘာတူမလေးလဲ၊ ငါက ညည်းတူမ မှုန်မှုန်မဟုတ်ဘူး၊ သင်းထုံ.... ဒေါ်သင်းထုံ၊ ဒေါ်သင်းထုံပါလို့ ညဲညည်းကို ဘယ်နှစ်ခါပြောရမလဲ၊ သင်းထုံက ညည်းထက်ကြီးတဲ့လူ၊ ညည်း ငါ့ကို ရိုရိုသေသေ ဆက်ဆံပါ၊ နောက်ကို တူမလေး မှုန်မှုန်လို့ ငါ့ကိုမခေါ်နဲ့၊ ဒေါ်သင်းထုံလို့ ရိုရိုသေသေ ခေါ်၊ ကြားလား"

ဒေါ်ရွှေခင်က ကြောင်ငေးငေးလုပ်နေမိသည်။

ဒေါ်သင်းထုံတစ်ဖြစ်လဲ မှုန်မှုန်ကမကျေနပ်၊မျက်မှောင်ကြုတ်ကြည့်ရင်း....

"ကဲ....ကဲ....ရွှေခင်၊ ညည်းအခန်းကို ညည်း ပြန်တော့၊ ငါ့ဘာသာ လပြည့်ဝန်းကြီးရဲ့သာယာမှု၊ နှင်းမြူလေးတွေရဲ့ အေးမြနူးညံ့မှုတွေကို တစိမ့်စိမ့်ကြည့်ပြီး အရသာခံလိုက်ဦးမယ်"



ဟု ခပ်တည်တည်ပြောလိုက်လေ၏။

"ဟာ....ဟိုသင်း ဘယ်ဖြစ်ပါမလဲ မှုန်မှုန်၊ အဲ....တူမလေး၊ အဲအဲ....ဟိုတို....ဒေါ်ရွှေခင်၊ ဟာ....ဒါလဲ ဟုတ်ပေါင်"

ဒေါ်ရွှေခင်က ဒေါ်သင်းထုံ နာမည်ကို စဉ်းစား၍မရသောကြောင့် ယောင်ယမ်းပြီး သူ့နာမည်သူ ပြန်ခေါ်မိသွားသဖြင့် ပါးစပ်ကို လက်ဝါးဖြင့်ပိတ်၍ စကားဘရိတ်အုပ်လိုက်ရ၏။

"ညည်း ဘာတွေ ယောင်နနဖြစ်နေတာလဲ ရွှေခင်ရဲ့၊ ငါ့နာမည် သင်းထုံပါလို့ ဘယ်နှစ်ခါပြောရမလဲ၊ ဒေါ်သင်းထုံ....ဒေါ်သင်းထုံ၊ ခေါ်ကြည့်စမ်း၊ ဒေါ်သင်းထုံလို့"

တူမကိုချစ်သော အဒေါ်ဖြစ်၍ လိုက်လျောမှုပြုလိုက်ရသည်။

"ဒေါ်သင်းထုံ"

"ခေါ်ဦး"

"ဒေါ်သင်းထုံ"

"နောက်ထပ်တစ်ခါ"

"ဒေါ်သင်းထုံ"

"အင်း....ဟုတ်ပြီ၊ ဒီလောက် ခေါ်ရင်တော့ မမေ့နိုင်တော့ပါဘူး၊ မှတ်ထားနော်"

"အင်း....အင်းပါ"

"အင်းပါမလုပ်နဲ့၊ ငါက ညည်းထက် အသက်ကြီးတယ်လို့ ဘယ်နှစ်ခါပြောရမလဲ၊ ရှိရှိသေသေပြော"

"ဟုတ်....ဟုတ်ကဲ့ပါ"

"ဒီလိုမှပေါ့"

"အင်း....ဟိုသင်း.... ဒေါ်သင်းထုံ၊ ကျွန်မ ပြောတာကို သေသေချာချာ နားထောင်ပါဦး"

"ဘာလဲ၊ ပြော"

"အပြင်မှာ နှင်းတွေကျနေတယ်"

"ငါသိသားပဲ၊ အဲဒါဘာဖြစ်လဲ"

မှုန်မှုန်က မျက်နှာထိ မျက်နှာ ထား ဖြင့် ပြောလိုက်သည်။

"နှင်းတွေကျနေတဲ့အချိန် ခုလို မှန်ပြတင်းပေါက်ကြီးကို ဖွင့်ထားတော့ နှင်းတွေ အခန်းထဲ ဝင်လာတာပေါ့၊ အအေးမိပြီး နှာစေး ချောင်းဆိုး ဖြစ်လိမ့်မယ်"

"ဟင်းဟွင်း....ဟင်းဟင်း....ဟင်းဟင်း"



မှုန်မှုန် ဒေါ်ရွှေခင်၏ စကားကို ဟာသပြက်လုံးတစ်ခုသဖွယ် ရယ်သွမ်းသွေးလိုက်ပြီး....

"ငါပြောတာကို ညည်းက မေ့သွားတာကို၊ ငါက ညည်းတို့လို အိမ်နဲ့ ရာနဲ့ နေရတာ မဟုတ်ဘူး၊ အုတ်ဂူကျဉ်းကျဉ်းကလေးထဲမှာ နှင်းကျကျ၊ နေပူပူ၊ လေတိုက်တိုက် နေရတာ ဆိုတော့ ရာသီဥတုဒဏ်ကို ခံနိုင်နေပါပြီအေ၊ ဒီနှင်းလောက်တော့ အပျော့....အပျော့"

ဟု ခြေဟန်လက်ဟန်ဖြင့် ပြောလိုက်လေရာ ဒေါ်ရွှေခင် စိတ်တော်တော် ညစ်သွားမိလေ၏။

"ဘာပဲဖြစ်ဖြစ် ကျွန်မရဲ့စကားကို နားထောင်ပြီး မှန်တံခါးကိုပိတ်ဖို့ မေတ္တာရပ်ခံပါတယ် ဒေါ်သင်းထုံရယ်"

ဒေါ်ရွှေခင်က ငိုသံမပါအောင် မနည်းထိန်းသိမ်းရင်း ပြောလိုက်၏။

မှုန်မှုန်က မလိုက်လျောချေ။

ခေါင်းကို ဖြည်းညင်းစွာ ယမ်းခါပစ်လိုက်၏။

"ဒီမှာရွှေခင်....သင်းထုံတို့က ဒါဆိုရင်ဒါပဲ၊ ဟိုဟာကို ဘယ်တော့မှ မပြောင်းတတ်ဘူး၊ ဘူးဆိုရင် ဖရုံမသီးဘူး ဆိုတဲ့ သဘောပေါ့လေ၊ ကဲပါအေ....ကြာပါတယ်၊ ညည်း အခန်းကို ညည်းပြန်ပါတော့၊ ကြွ....ကြွ....ကြွ"

မှုန်မှုန်က လက်နှစ်ဖက်ကို ခါထုတ်ပြရင်း အတင်းနှင်လေတော့၏။

"ကြော်....မှုန်မှုန် ရယ်"

ဒေါ်ရွှေခင်က စိတ်ထဲမှ တစ်ချက်ညည်းမိကာ အခန်းထဲမှ ဖြည်းဖြည်းပြန်ထွက်ခဲ့ရလေတော့သည်။

ဒေါ်ရွှေခင့် ရင်ထဲတွင် တူမအတွက် သောကအပူမီးတောက်က ကြီးမားသည်ထက် ကြီးမားလာသောကြောင့် သူမ၏အိပ်ခန်းတွင်းသို့ ခြေဦးမလှည့်ဘဲ စက်ရုံ တောင်းရန်အတွက် အစ်ကိုဖြစ်သူ ဦးဖေခင်၏အခန်းဘက်သို့ လျှောက်သွားမိလျက်သား ဖြစ်သွားသည်။

"ကိုကို....ကိုကို"

ဒေါ်ရွှေခင်က ဦးဖေခင်၏ အခန်းဝတွင် ရပ်လျက် လေသံ ခပ်အုပ်အုပ်ဖြင့် ခေါ်လိုက်၏။

ဦးဖေခင်သည် အိပ်မောကျ၍နေသောကြောင့် ဒေါ်ရွှေခင့် ခေါ်သံခပ်အုပ်အုပ်ကို မကြားချေ။

"ကိုကို....ကိုကို....ကိုကို"

ဒေါ်ရွှေခင်က ပထမ လေသံခပ်အုပ်အုပ်ဖြင့် ခေါ်နေရာမှ အသံကို မြှင့်ပြီး ခေါ်လိုက်သည်။

သည်တော့မှပင် ဦးဖေခင် သည်လည်း တအင်းအင်း တအဲအဲဖြင့် အိပ်ရာမှ လူးလဲ၍ ထသည်။



ကျွတ်နေသော ပုဆိုးကို ကပိုကယို ပြန်၍ ဝတ်လိုက်သည်။

ဦးဖေခင် ဗိုက်မှာ အတော် ပူသောကြောင့် လုံချည်ကို ခါးမှာ မဝတ်နိုင်ဘဲ ရင်ခေါင်းလောက် တိုး၍ ဝတ်ရသည်။

ပြီးနောက် ခြင်ထောင်ကို လှန်လျက် အပြင်ဘက်သို့ ဒယီးဒယိုင်ဖြင့် ထွက်လာခဲ့လေသည်။

"ဟဲ့ ....ရွှေခင်၊ ညကြီး မင်းကြီး ဘာဖြစ်ပြန်ပြီလဲ"

ဦးဖေခင်က မီးရောင်ကြောင့် ကျိန်းစပ် သွားသော မျက်လုံးများကို လက်ဖြင့်ပွတ်ရင်း စိတ်မရှည်သော လေသံဖြင့် မေးလိုက်၏။

ဒေါ်ရွှေခင်သည် စိတ်ထဲတွင် ဗလောင် ဆူနေသော ဝေဒနာကြောင့် ဦးဖေခင်၏ အမေးကို ချက်ချင်း မဖြေဖြစ်သေးဘဲ ကြောင်ငေးငေးဖြင့် ကြည့်နေရှာသည်။

"ဟဲ့ ....ရွှေခင် ဘာကြောင်နေတာလဲ၊ ငါ မေးနေတာ ဖြေလေဟာ"

"ဟို....ဟိုသင်း ဒေါ်သင်းထုံ ဟာ....မဟုတ်သေးပါဘူး"

"နေစမ်းပါဦး မရွှေခင်၊ ညည်း ဘာတွေ ဖြစ်နေတာတုံး၊ ညကြီးမင်းကြီး ဘယ်က ဒေါ်သင်းထုံက ရောက်လာရတာလဲ"

"မှုန်မှုန်....ဟို....မှုန်မှုန့် အခန်းထဲမှာပါ"

"ဘာ....ဘယ်က သင်းထုံက မှုန်မှုန့် အခန်းထဲရောက်နေရတာလဲ"

ဦးဖေခင်က မကျေမနပ် ခပ်ဆတ်ဆတ် ပြောလိုက်လေသည်။

"ရှူး...."

ဒေါ်ရွှေခင်က နှုတ်ခမ်းနားတွင် ညာလက်ညှိုးကို ကပ်ထားလျက် ရှူးခနဲလုပ်လိုက်ပြီး မျက်စိများကို ဟိုဟိုသည်သည် ကစားလိုက်သောကြောင့် ဦးဖေခင် ဇဝေဇဝါ ဖြစ်သွားမိသည်။

ဒေါ်ရွှေခင်ကို နားမလည်နိုင်စွာ ကြည့်သည်။

"ဟဲ့....ရွှေခင်၊ ဘာဖြစ်နေတာလဲ"

"တိုးတိုးပြောပါ ကိုကိုရဲ့၊ တော်ကြာ မှုန်မှုန် ကြားသွားလို့ ဒုက္ခတွေ ရောက်ကုန်ပါဦးမယ်"

"ဟဲ့....မှုန်မှုန်က ငါ့သမီးပဲ၊ ဖအေက သမီးကို ပြန်ပြီး ကြောက်ရတယ်လို့ ဘယ်သူတော်ကောင်းမှ ဟောမထားပါဘူး၊ ပြီးတော့ သူ့ကို ကြောက်ရအောင် ငါကလဲ ငါ မဟုတ်တာ ဘာတစ်ခုမှ မလုပ်ဘူး"

"ဒါကို ပြောတာမဟုတ်ဘူး ကိုကိုရဲ့၊ မှုန်မှုန် တစ်မျိုး ဖြစ်နေတယ်"



"ဘာဖြစ်တယ်၊ မှုန်မှုန် တစ်မျိုး ဖြစ်နေတယ် ဟုတ်ား၊ မှုန်မှုန် တစ်မျိုးဖြစ်နေတာကြာပြီပဲ၊ ငါ့ကို ခံတန်တန်ုပ်နေတာ ကြာနေပြီပဲ"

ဒေါ်ရွှေခင်က ခေါင်းကို ခါယမ်းလိုက်၏။

"အခုတစ်ခါက အရင်ကထက် အခြေအနေ ဆိုးနေတယ်"

"ဘာလဲ....နံ့ဘေး ပြတင်းပေါက်မှန်တံခါးကို ဖွင့်ထားြန်ပြီလား"

"အဲဒါထက် ဆိုးတာပေါ့"

"ဟိုဘက် ခြံထဲကို ငေးနေပြန်ပြီလား"

"အဲဒါထက်လဲ ဆိုးတယ်"

"ဒါဖြင့်ရင် လမင်းကို မျက်တောင်မခတ်တမ်း မော့ပြီး ကြည့်နေပြန်ပြီပေါ့"

"အဲဒါတွေတင် မကတော့ဘူး ကိုကိုရဲ့"

"ါတွေတင် မကတော့ဘူး ဟုတ်လား၊ ဒါဖြင့်ရင် ာတွေ ဖြစ်နေလို့လဲ ပြောပါဦး၊ လမင်းကြီးကို ကြည့်ပြီး ချင်းတွေ ဘာတွေ ဆိုနေပြန်ပြီလား"

"သီချင်း ဆိုရုံတင် ဆိုတာ ဘာဖြစ်မှာလဲ ကိုကိုရဲ့၊ ာက...."

"ပြောစမ်းပါ ရွှေခင်ရယ်၊ နင့် ဥစ္စာက အပိုင်းလိုက် ောင့်ကြည့်ရတဲ့ ဗီဒီယို ဇာတ်လမ်းတွဲတွေ ကျနေတာပဲ"

ဦးဖေခင်က စိတ်မရှည်သဖြင့် မာန်လိုက်၏။

"ပြောပါမယ် ကိုကိုရဲ့၊ ခုဟာက ဒီလိုဖြစ်တာ၊ သူ့ကိုယ်
သူ မှုန်မှုန် မဟုတ်ဘူးတဲ့"

"ဘာ"

ဦးဖေခင်က မျက်မှောင်ကြီးကြုတ်၍ ဘာခနဲ မြည်
သွားသည်။

"တိုးတိုးလုပ်ပါဆိုနေမှပဲ ကိုကိုကလဲ၊ ဟိုကကြားသွာ
မှါဦးမယ်"

"နေစမ်းပါဦး၊ သူက သူ့ကိုယ်သူ မှုန်မှုန်မဟုတ်တော
ဘယ်သူတဲ့လဲ"

"ဒေါ်သင်းထုံတဲ့"

"ဘာ"

ဦးဖေခင်က ဒုတိယ 'ဘာ' ခနဲ မြည်လိုက်ပြန်သဖြ
ဒေါ်ရွှေခင်က....

"ရှူး.... တိုးတိုး ကိုကို"

ဟု ပြောလိုက်မှ ဘရိတ်အုပ်လိုက်လေ၏။

"ဟုတ်တယ် ကိုကို၊ သူ့ကိုယ်သူ မှုန်မှုန်မဟုတ်ဘူး
ဒေါ်သင်းထုံတဲ့၊ ဂူထဲမှာနေရတာ ကျဉ်းကျပ်လို့ ထွက်လာ
ရတာတဲ့"

"ဘာတွေလဲ"



"ဟုတ်တယ်ကိုကို၊ ဘာတွေမှန်းမသိဘူး လျှောက်ပြော
နေတာ၊ ကျွန်မတော့ မရိုးဘူးထင်တယ်"

"ဘယ်လို မရိုးဘာလဲ"

"မကောင်းဆိုးဝါးတွေ ဘာတွေ ကပ်နေပြီထင်တာပဲ"

"ဟုတ်နိုင်ပါ့မလား ရွှေခင်ရယ်"

ဦးဖေခင်က ညီမလုပ်သူကို ဟုတ်ပါ့မလားဟု ပြော
လိုက်သော်လည်း သူကိုယ်တိုင်ကလည်း သံသယဖြစ်ချင်ချင်
ရှိ၏။ ညဘက်ညဘက် အချိန်မတော် တစ်ဖက်ခြံက ဖုန်းဆိုး
ဘောနှင့် အုတ်ဂူကို ထ,ထကြည့်နေသည် ဆိုကတည်းက
သိမ်ပြီး မသင်္ကာချင်။

"ပြီးတော့ မှုန်မှုန်က ပြောတယ်"

"အင်း.... ဆိုပါဦး"

"သူက ကျွန်မထက် အသက်ကြီးတယ်တဲ့၊ မရိုမသေ
မလုပ်ရဘူးတဲ့"

"သူက"

"ဟုတ်တယ်၊ အဲဒီ ဒေါ်သင်းထုံဆိုတဲ့ မိန်းမကြီးနေရာ
ကနေ ပြောနေတာလေ"

"သူ့ပုံစံက တော်တော်ထူးခြားလား"

"ထူးတယ် ကိုကို၊ မျက်နှာအမူအရာတွေ ပြောင်းသွား
တယ်၊ အသံကလဲ တကယ့်ကို အသက်ကြီးကြီးမိန်းမ တစ်

ဆောက်ရဲ့ အသံအတိုင်းပဲ၊ ထူးတော့ တော်တော်ထူးဆန်းတယ်၊ ကိုကို လိုက်ကြည့်ပါလား”

ဦးဖေခင် စိတ်ထဲမှာ စိုးရိမ်နေသည်။

သမီး ဘာတွေဖြစ်နေပြီလဲ တွေးရင်း ရင်ထဲမှာ ပူပင်နေမိသည်။

“အင်း.... ခုချိန်ထိ သူ ပြန်မအိပ်သေးဘူးလား”

“မအိပ်သေးဘူး ကိုကိုရဲ့၊ ပြတင်းပေါက်ကြီး ပိတ်ခိုင်းတာလဲ မပိတ်ဘူး၊ ကျွန်မကို အတင်းနှင်လွှတ်နေတယ်”

“ခက်တာပဲ”

ဦးဖေခင်က တစ်ချက်ညည်းညူလိုက်ရင်း သမီးဖြစ်သူ၏ အခန်းဘက်သို့ သွားလိုက်၏။

ဒေါ်ရွှေခင်က မဝံ့မရဲပုံစံဖြင့် ဦးဖေခင်နောက်မှ အသာကပ်၍ လိုက်သွားမိသည်။

ဦးဖေခင်က ခြေသံမကြားရအောင် အသာဖော့နင်းလျက် သမီးဖြစ်သူ၏အခန်းသို့ ဝင်ရောက်သွားလေရာ ပြတင်းပေါက်ပေါင်ကို မှီလျက်အိပ်ပျော်နေရှာသည့် မှုန်မှုန်ကို တွေ့ရလေတော့၏။

မှန်ပြတင်းကို ဖွင့်ထားသောကြောင့် အအေးဓာတ်သည် အခန်းတွင်းသို့ တသွင်သွင် ဝင်ရောက်နေလေ၏။

“အအေးတွေပတ်ကုန်နေတော့မှာပဲ”

ဦးဖေခင်က ဖွဖွကလေးရေရွတ်ရင်း သမီးရှိရာသို့ တိုးကပ်သွားကာ ခုတင်ပေါ်သို့ အသာအယာ လှဲချပေးလိုက်သည်။



အလိုက်သင့်ပါလာပြီး ခွေခွေကလေး အိပ်ပျော်နေသောကြောင့် ကျေးဇူးပင်တင်ရသေးသည်။

နောက်မှကပ်ပါလာသော ဒေါ်ရွှေခင်ကလည်း အခုမှပင် သက်ပြင်းကိုခိုးချလိုက်ကာ ခုတင်ခြေရင်းတွင် ခေါက်၍ထားသော ဂွမ်းစောင်ကိုယူလျက် မှုန်မှုန် ခန္ဓာကိုယ်ကလေးကို နွေးနွေးထွေးထွေး ဖြစ်သွားအောင် လွှမ်းခြုံပေးလိုက်၏။

ထို့နောက် တင်ထားဆဲဖြစ်သည့် ခြင်ထောင်ကို အသံမကြားအောင် ချပေးလိုက်ပြီး ဘေးဘီသို့ အသာအယာပေးလျက် မောင်နှမနှစ်ယောက် စကားမပြောဘဲ အခန်းအပြင်ဘက်သို့ ခြေကိုဖော့နင်း၍ ထွက်လာခဲ့ကြလေ၏။

‘မှုန်မှုန့်အခန်းနှင့် အတော် ဝေးဝေးကလေးရောက်မှ ဦးဖေခင်က ပြောလိုက်သည်။

“နောက်နေ့မနက်ကျရင် တို့ဘာလုပ်ပေးရမလဲ စဉ်းစားကြသေးတာပေါ့ ရွှေခင်”

“ဟုတ်ကဲ့ ကိုကို”

“ညဉ့်နက်ပြီ၊ နင်လဲ အိပ်ပျော်အောင် အိပ်လိုက်ဦး၊ တော်ကြာ ခေါင်းကိုက်နေဦးမယ်”

“ဟုတ်ကဲ့ ကိုကို၊ ကျွန်မ ခုချိန်ထိ တစ်ရေးမှ အိပ်လို့ပျော်သေးဘူး”

မောင်နှမနှစ်ယောက် ခွဲလိုက်ကြတော့ ကိုယ့်အခန်း ကိုယ်ပြန်ရောက်သည်အထိ ဒေါ်ရွှေခင်တစ်ယောက် ချက်ချင်းအိပ်၍မပျော်နိုင်သေးချေ။

မှုန်မှုန်၏ ပြောင်းလဲသွားသော မျက်နှာပုံပန်း အသံ များကို အာရုံထဲမှာ မြင်နေသည်။

နားထဲမှာ ကြားယောင်နေသည်။

ကြက်သီးတွေ တဖြန်းဖြန်းထလာပြန်ကာ မျက်လုံးကို အတင်းဇွတ်မှိတ်လျက် အမြန်ဆုံး အိပ်ပျော်သွားချင်နေမိလေ၏။

●

## အခန်း (၆)

### ဝုံပြောကောင်းသော မိန်းမချော

ညက ညဥ့်နက်မှအိပ်ပျော်သွားသော်လည်း ဒေါ်ရွှေခင် ထုံးစံအတိုင်း နံနက်ငါးနာရီကျော်ကျော်မှာပင် အိပ်ရာမှ နိုးလျက် နံနက်စောစော စားစရာများကို ထွေးရိုနှင့်အတူ ပြင်ဆင်လေ၏။

ထို့နောက် ဦးဖေခင်ကို သွားခေါ်၏။ ထို့နောက် မှုန်မှုန့် အခန်းတွင်းသို့သွား၍ ခေါ်ရလေ၏။

“မှုန်မှုန်၊ မှုန်မှုန်”

ဒေါ်ရွှေခင်က မဝံ့မရဲဖြင့်ခေါ်ရင်း အခန်းတွင်းသို့ ဝင်လာခဲ့လေ၏။

မှုန်မှုန်က အိပ်ရာမှ လူးလဲထရင်း မျက်တောင့်နီကြီးဖြင့် လှမ်းကြည့်လိုက်သည်။

"တဲ့....ရွှေခင်၊ ငါ့ကို မှုန်မှုန်လို့ မခေါ်နဲ့ဆိုတာ ညည်း မမှတ်မိပြန်ဘူးလား"

တွဲအက်စူးရှသော အသံကြီးဖြင့် လှမ်းအော်လိုက်ရာ ဒေါ်ရွှေခင်မှာ တွန့်ခနဲ တုန်သွားမိသည်။

"မှတ်...မှတ်မိပါတယ် ဒေါ်သင်းထုံ"

"ဟုတ်ပြီ ဒီလိုမှပေါ့၊ ပြော....ငါ့ကို အိပ်ရာကနှိုးတာ ဘာကိစ္စလဲ၊ အိမ်မှုကိစ္စတွေကို ညည်းတို့နဲ့အတူ လုပ်စေချင်လို့လား၊ အဲဒီလိုတော့ လုံးဝ မဖြစ်နိုင်ဘူးနော်၊ ငါဟာ သူဌေးကြီး ဦးဘိုသင်းရဲ့ တစ်ဦးတည်းသော သမီး၊ ခြေမွေးမီးမလောင် လက်မွေး မီးမလောင်နေခဲ့တာ၊ အဲဒါ မှတ်ထား"

"မဟုတ်ပါဘူး၊ ဒေါ်သင်းထုံကို ခိုင်းဖို့နှိုးတာ မဟုတ်ပါဘူး၊ မနက်စာ စားရအောင်လို့ ခေါ်တာပါ"

"ငါ လူတွေနဲ့ သိပ်ပြီး စကား မပြောချင်ဘူးအေ၊ ဒီတော့ ငါ့ကို စားစေချင်ရင် ငါ့အတွက် အစားအစာတွေ ဒီအခန်းထဲ ယူလာပေးပေါ့၊ ဘယ့်နှယ်လဲ၊ ယူလာပေးမယ် မဟုတ်လား"

ဒေါ်ရွှေခင် မငြင်းသာသောကြောင့် ခေါင်းညိတ်ခဲ့ရသည်။



စားသောက်ခန်းသို့ ရောက်သောအခါ ဦးဖေခင်က လှမ်းမေးသည်။

"ဘယ်လိုလဲ ရွှေခင်၊ မှုန်မှုန် ပါမလာဘူးလား"

ဒေါ်ရွှေခင်က စိတ်ပျက်လက်ပျက် ခေါင်းယမ်းပြလိုက်၏။

"မပါဘူး ကိုကို၊ ဒီမနက်အထိ မှုန်မှုန် ဖြစ်မလာသေးဘူး"

"ဘာကို ပြောတာလဲ"

"သူ့ကိုယ်သူ ဒေါ်သင်းထုံ လုပ်နေတုန်းပဲ"

"ဒုက္ခပါပဲ"

"ဟုတ်တယ်၊ ကျွန်မလဲ စိတ်တော်တော် ညစ်နေပြီ၊ အပျက်ပျက်နဲ့ နှာခေါင်းသွေးထွက်မှာ စိုးတယ်"

"မမလေး နှာခေါင်းသွေးလျှံနေလို့လား ကြီးမေ"

ဘာမသိဘာမသိဖြင့် ခပ်လှမ်းလှမ်းမှ ကြက်သွန်ခွာနေသည့် ထွေးရီက လှမ်းမေးလိုက်လေ၏။

"နှာခေါင်းသွေးလျှံတာ မဟုတ်ဘူး ထွေးရီ၊ နင့်မမလေး စိတ်တွေ တစ်မျိုးဖြစ်နေလို့"

"ဟာ....ဟုတ်တယ် ကြီးမေ၊ ကျွန်မကိုလဲ ဘာတွေပြောမှန်း မသိဘူး၊ အုတ်ဂူကြီးမှာ မွန်းကျပ်တယ်တဲ့၊ ပျင်းစရာကောင်းတယ်တဲ့"

ထွေးရီ စကားကြောင့် ဒေါ်ရွှေခင်နှင့် ဦးဖေခင်တို့ မောင်နှမ တစ်ယောက်နှင့် တစ်ယောက် ကြည့်လိုက်မိကြသည်။

ဒေါ်ရွှေခင်က နေရာတွင် ထိုင်လိုက်ပြီး ကော်ဖီပန်းကန်ကို မယူချင်ယူချင်ဖြင့်ယူကာ ပေါင်မုန့်မီးကင် ထောပတ်သုတ်ကို မစားချင်စားချင်ဖြင့် စားရင်း....

"ကျွန်မတို့ ဒီလိုနေလို့တော့ မဖြစ်တော့ဘူး ကိုကို၊ တစ်ခုခုလုပ်မှ ဖြစ်တော့မယ်၊ ကြာရင် ဒီထက်ဆိုးလာနိုင်တယ်"

"နင်က ဘယ်လို လုပ်ချင်လို့တုံး"

"ဟိုဘက်လမ်းက ဒေါက်တာ ငွေနှင်းနဲ့ တိုင်ပင်ကြည့်ချင်တယ်၊ သူက စိတ်ရောဂါမျိုးစုံကို ကုနိုင်တယ်ပြောတာပဲ၊ ဟိုတလောလေးတုန်းက အိမ်တက်လုပ်လို့ ကျွန်မနဲ့ မှန်မှန်တောင် သွားလိုက်ကြသေးတယ်လေ"

"ဪ....အေး၊ ဒေါက်တာ ငွေနှင်းဆိုတဲ့ သူငယ်က တော်တယ်လို့ ပြောသံ ကြားတယ်၊ သူ ရေးတင်ထားတဲ့ ကျန်းမာရေးစာတမ်းတွေကို နိုင်ငံကြီးတွေက ဆေးဘက်ဆိုင်ရာတွေကတောင် လက်ခံချီးကျူးကြတယ်လို့ပြောတယ်၊ ကောင်းသားပဲ"

"ကိုကို သဘောတူရင် ကျွန်မ ဒီနေ့ပဲသွားပြီး အကူအညီတောင်းလိုက်မယ်လေ"



"အေး...."

မောင်နှမ နှစ်ယောက်သား ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင် ချလိုက်ပြီးမှ ဒေါ်ရွှေခင်လည်း စားလက်စ မုန့်ကို ဆက်၍ စားဖြစ်ကာ ကော်ဖီကိုလည်း ကုန်အောင် သောက်နိုင်လေတော့၏။

* * *

မရောက်ဖူးသော ဧည့်သည်တစ်ဦး ရောက်လာသောကြောင့် ဒေါက်တာ ငွေနှင်း၏ စိတ်ထဲတွင် တအံ့တဩ ဖြစ်နေမိသည်။

မြင်ဖူးပါသည်ဟု ဒေါက်တာ ငွေနှင်း အောက်မေ့လျက် မည်သူမှန်းလည်း မသိ။

"အိမ်တက် ဆွမ်းကျွေးတုန်းက မြင်လိုက်တာလား"

စိတ်ထဲတွင် တွေးရင်း ခရီးဦးကြိုပြုလိုက်ရသည်။

"ကြွပါ....ဒေါ်ဒေါ်၊ ထိုင်ပါ"

ဒေါ်ရွှေခင်က ဒေါက်တာ ငွေနှင်းညွှန်ပြသည့် ဆက်တီတွင် ဝင်ထိုင်ရင်း ပြုံးပြလိုက်သည်။

"ဒေါက်တာ ဒေါ်ဒေါ့်ကို မမှတ်မိဘူး ထင်တယ်"

"ဟုတ်ကဲ့၊ မြင်ဖူးနေတယ်လို့တော့ အောက်မေ့ပါတယ် ဒေါ်ဒေါ်၊ စိတ်ထဲမှာ ဇဝေဇဝါပဲ"

"လွန်ခဲ့တဲ့ သုံးလလောက်က ဒေါက်တာ့အိမ် အိမ်တက် မင်္ဂလာ လုပ်တုန်းက ဒေါ်ဒေါ် လာခဲ့ဖူးပါတယ်၊ အဲဒီ တုန်းက တူမလေး မှုန်မှုန်လဲ ပါတယ်လေ"

"ဩော်....ဟုတ်ပါရဲ့၊ မှုန်မှုန့်ရဲ့ဒေါ်ဒေါ်ကိုး"

"ဟုတ်ပါတယ် ဒေါက်တာ၊ ဒေါ်ဒေါ်က မှုန်မှုန့်ရဲ့ ဒေါ်ဒေါ်ပါ၊ ဒေါ်ဒေါ့်ရဲ့ကိုကိုက ကန်ထရိုက်တာကြီး ဦးဖေခင်ပါကွယ်"

"ဟုတ်ကဲ့၊ ကျွန်တော်လဲ မှတ်မိပါပြီ ဒေါ်ဒေါ်၊ ရုတ်တရက် ချက်ချင်းမမှတ်မိတဲ့အတွက် ကျွန်တော့်ကိုခွင့်လွှတ်ပါ"

"တစ်ကြိမ်တစ်ခါတည်းပဲ မြင်ဖူးသေးတယ်၊ ပြီးတော့ အလှူမှာ လူတွေအများကြီးကြားထဲမှာဆိုတော့ ပြန်ခဲ မမှတ်မိတာ သဘာဝ ကျပါတယ်၊ ခွင့်မလွှတ်နိုင်စရာ အကြောင်း မရှိပါဘူး"

ဒေါ်ရွှေခင်က ပြုံးရယ်လျက် ပြောသည်။

"ဩော်....ဒါနဲ့ ကျွန်တော့်ဆီကို ခုလိုရောက်လာတာ အလည်သက်သက်တော့ဟုတ်မယ် မထင်ဘူး၊ ဘာကိစ္စများ ရှိလို့ပါလဲ ဒေါ်ဒေါ်"



ဒေါက်တာငွေနှင်း မေးလိုက်မှပင် ဒေါ်ရွှေခင့်မျက်နှာမှာ အပြုံးရိပ်များ ပျောက်ကွယ်သွားကြသည်။

တူမလေးမှုန်မှုန်နှင့် ပတ်သက်၍ ခံစားနေရသော ဝေဒနာ အရိပ်အငွေ့များက ဒေါ်ရွှေခင်၏မျက်နှာပေါ်တွင် ဝင်ရောက် နေရာယူသွားကြသည်။

"ဒေါ်ဒေါ် ဒေါက်တာ့ဆီကိုလာတာ အကူအညီတစ်ခု လိုချင်လို့ လာခဲ့တာပါကွယ်"

အစချီလျက် မှုန်မှုန်နှင့်ပတ်သက်သော အကြောင်းအရာများကို တစ်ခုမကျန် ပြောပြလိုက်မိသည်။

ဒေါက်တာငွေနှင်းသည် ဒေါ်ရွှေခင် ပြောသမျှ တစ်လုံး တစ်ပါဒမျှ မကျန်အောင် စိတ်ဝင်စားစွာ နားထောင်သည်။

သိလိုသော အကြောင်းအရာများကို ဒေါ်ရွှေခင့်ကို စစ်မေးသည်။

ဤသို့ဖြင့် မှုန်မှုန့် အကြောင်းကို တော်တော်ကလေး သိခွင့်ရသွားခဲ့သည်။

"ဟုတ်ပါပြီ ဒေါ်ဒေါ်၊ ကျွန်တော်လဲ မှုန်မှုန့်ကိုတွေ့တဲ့ နေ့ကတည်းက သတိထားမိပါတယ်၊ မှန်တာ ပြောရရင် ဒီအတွက် သူ့ကို ကျွန်တော် စိုးရိမ်မိနေခဲ့ပါသေးတယ်"

"ဒီတော့ မှုန်မှုန့်ကို ကြည့်ရှုပေးဖို့ ဒေါက်တာ ဘယ်တော့လောက် အားမလဲ"

"အခု ဒေါ်ဒေါ် ပြန်တာနဲ့ ကျွန်တော်လဲ လိုက်ခဲ့ပါမယ်၊ ကျွန်တော်လဲ သွားစရာရှိတာနဲ့ အတော်ပဲလေ၊ ကားနဲ့ တစ်ခါတည်း အတူလိုက်ခဲ့ပါ့မယ်"

"ကျေးဇူးပါပဲ ဒေါက်တာ"

"ဪ....ကျွန်တော် ဒေါ်ဒေါ့်ကို တစ်ခုပြောထားရဦးမယ်"

"ဘာများလဲ ဒေါက်တာ"

"ကျွန်တော့်ကို ဒေါက်တာလို့ခေါ်တာထက် မောင်ငွေနှင်း လို့ပဲ ရင်းရင်းနှီးနှီး ခေါ်ပါ၊ ကျွန်တော်တို့က တစ်ရပ်ကွက်သားချင်းပဲဥစ္စာ"

"ကောင်းပါပြီ ဒေါက်တာ၊ အဲ....အဲ....မောင်ငွေနှင်း"

ဒေါက်တာငွေနှင်းသည် ဒေါ်ရွှေခင်အား ခွင့်ပန်လိုက်ပြီးနောက် အိမ်ခန်းအတွင်းထဲသို့ ဝင်သွားကာ အဝတ်အစားများ လဲကာ အိမ်သားများအား မှာစရာရှိသည်များကို မှာကာ ဒေါ်ရွှေခင်နှင့်အတူ မှုန်မှုန်ရှိရာသို့ လိုက်ပါလာခဲ့လေတော့သည်။

* * *



အိမ်ရောက်သည်နှင့် ဒေါ်ရွှေခင်သည် ဒေါက်တာငွေနှင်းကို မှုန်မှုန်ရှိရာသို့ တန်း၍ ခေါ်ဆောင်လာခဲ့လေတော့သည်။

မှုန်မှုန်ကား ထုံးစံအတိုင်း ခုတင်ပေါ်တွင် ဘေးစောင်းလဲလျက် အနေအထားဖြင့် ရှိနေသည်။ သူ့မျက်လုံးများက တစ်ဖက်ခြံထဲသို့ ရောက်နေသည်။

"မှုန်မှုန်"

ဒေါ်ရွှေခင်က ယောင်ယမ်းပြီး မှုန်မှုန့်ကို မှုန်မှုန်ဟုပင် ခေါ်လိုက်မိသည်။

ထိုအခါ မှုန်မှုန်က နောက်သို့လှည့်မကြည့်ဘဲ တစ်ဖက်သို့ ငေးမြဲ ငေးကြည့်နေလေ၏။

"ဪ....ဟုတ်ပါရဲ့၊ မှုန်မှုန်မှ မဟုတ်ဘဲကိုး၊ ဒေါ်သင်းထုံ....ဒေါ်သင်းထုံ"

ဒေါ်ရွှေခင်က သူ့ဘာသာပြောသလိုလို၊ မှုန်မှုန့်ကိုပဲ ပြောလိုက်သလိုလိုနှင့် ပြောရင်း ဒေါ်သင်းထုံဟု ပြောင်းခေါ်လိုက်သည်။

ထိုအခါကျမှပဲ မှုန်မှုန်က ပြတင်းဘက်ကို မျက်နှာမူထားရာမှ အခန်းထဲသို့ ပြန်လှည့်ကြည့်သည်။ ပြီးနောက် ဒေါက်တာငွေနှင်းကို တစ်ချက်လှမ်းကြည့်ကာ....

"တဲ့....ရွှေခင်၊ ဧည့်သည်ပါလာတာလား"

တကယ့်ကို မိန်းမကြီးတစ်ယောက် လေသံဖြင့် မေးလိုက်လေ၏။

"ဟုတ်...ဟုတ်ပါတယ် ဒေါ်သင်းထုံ"

"ဒါဆို ခုံလေး တခုလေး ဆွဲပေးလိုက်လေ၊ ကြည့်စမ်းပါဦး၊ ရွှေခင်တို့များ ဧည့်ဝတ်မကျေပွန်လိုက်တာ၊ ဧည့်သည်ကို မတ်တတ်ကြီးရပ်ခိုင်းထားရတယ်လို့၊ စိတ်မရှိပါနဲ့ မောင်ရင်"

"ဪ...ဟုတ်ကဲ့၊ ရပါတယ် ဒေါ်ဒေါ်၊ ကျွန်တော်နဲ့ ဒေါ်ရွှေခင်တို့က မိတ်ရင်းဆွေရင်းတွေပါ"

ဒေါက်တာငွေနှင်းက မှုန်မှုန့်ကို အကဲခတ် ကြည့်လိုက်ရင်းက စလိုက်စလျော ပြောလိုက်၏။

ထိုအတွင်း ဒေါ်ရွှေခင်က ထိုင်ခုံလာချပေးသောကြောင့် ဒေါက်တာ ငွေနှင်းက အသာအယာထိုင်လိုက်သည်။ မှုန်မှုန်က ဒေါက်တာ ငွေနှင်းကို ခြေဆုံးခေါင်းဆုံးကြည့်ကာ လေ့လာအကဲခတ်သည်။

"ဒါ ဟိုဘက်လမ်းက ဒေါက်တာ ငွေနှင်းတဲ့"

ဒေါ်ရွှေခင်က မိတ်ဆက်ပေးလိုက်သည်။

မှုန်မှုန်က ဘာစကားမှမပြောဘဲ စိုက်ကြည့်နေဆဲ...

"ဟုတ်ပါတယ် ဒေါ်ဒေါ်၊ ကျွန်တော် ဒေါက်တာ ငွေနှင်းပါ"



ဒေါက်တာငွေနှင်းက စကားဝင်ထောက်ပေးလိုက်တော့မှ မှုန်မှုန်က ခေါင်းတညိတ်ညိတ် လုပ်လိုက်သည်။ မှုန်မှုန်၏ မျက်လုံးအစုံသည် တည်ငြိမ်မှု မရှိကြောင်းကို ဒေါက်တာ ငွေနှင်း သတိထားမိသည်။

မှုန်မှုန်သည် လူကြီးတစ်ယောက်က လူငယ်တစ်ယောက်ကို လေ့လာကြည့်ရှုသည့် ဟန်ပန်အမူအရာမျိုးဖြင့် ခေတ္တမျှ ခေါင်းတညိတ်ညိတ်လုပ်လိုက်ပြီး....

"ဪ....မောင်ရင်က ဒေါက်တာငွေနှင်းတဲ့လား"

ဟု ပြောလိုက်၏။

"ဟုတ်ကဲ့ပါ ဒေါ်ဒေါ်၊ ဒေါ်ဒေါ်က ဒေါ်သင်းထုံပါနော်"

ဟု ပြောလိုက်သောကြောင့် မှုန်မှုန်၏ မျက်လုံးများသည် ရီဝေနေရာမှ ဝင်းလက် တောက်ပြောင်သွားလေ၏။

"မောင်ရင် မဆိုးဘူး၊ မင်းက ဒေါ်ဒေါ့်ကို သိနေသားပဲ"

"သိပါတယ် ဒေါ်ဒေါ်"

"အေးကွယ်....မင်းလို သင်းထုံကို သင်းထုံမှန်းသိတဲ့လူကများပါတယ်၊ ရွှေခင်တို့များဆိုရင် ငါ့နာမည် သင်းထုံကို ခဏခဏမေ့နေလို့ အမြဲ သတိပေးနေရသေးတယ်၊ မောင်

ရင်လေးက ဒေါက်တာဆိုလို့ တစ်ခု အကူအညီတောင်းရမယ်ကွယ့်"

"တောင်းပါ ဒေါ်ဒေါ်၊ ကျွန်တော် တတ်နိုင်တဲ့ အကူအညီ ပေးပါ့မယ်"

ဒေါက်တာ ငွေနှင်းက မှုန်မှုန်ကို မသိမသာ အကဲခတ်ကြည့်ရင်း ပြောလိုက်၏။

"တခြား မဟုတ်ပါဘူး၊ ဟောဒီ ရွှေခင်ကို နည်းနည်းစမ်းသပ်ကြည့်ပေးဖို့ပါ"

"ဒေါ်ရွှေခင်က ဘာရောဂါရှိလို့လဲ"

"ပြောရမယ်ဆိုရင်တော့ ရွှေခင်က ကြောင်တောင်တောင် ဖြစ်နေတာကွယ့်"

မှုန်မှုန်ပြောလိုက်သည့် စကားကြောင့် ဒေါ်ရွှေခင် မသိမသာ ရှုံ့သွားသည်။

ဒေါက်တာငွေနှင်းက ကျွန်နော်မျက် တုံ့ပြန်လိုက်သည်။

"ဟုတ်ကဲ့ ဒေါ်ဒေါ်၊ ကျွန်တော် စမ်းသပ်ပေးပါမယ်"

"ကျေးဇူးပါပဲ ငါ့တူရယ်၊ ရွှေခင်က စိတ် သိပ်မမှန်တာကြာပြီ၊ ဒေါ်ဒေါ့်နာမည်ကို သူ မှန်မှန်မခေါ်နိုင်ဘူး၊ တစ်ခါတစ်ခါ အကြာကြီး စဉ်းစားယူနေရတယ်၊ ကြာရင်ဒီထက်ဆိုးလာပြီး စိတ်ဖောက်ပြန်သွားမှာ ကြောက်ရတယ်"



"မပူပါနဲ့ ဒေါ်ဒေါ်၊ ကျွန်တော် ကူညီပါ့မယ်"

"အခုပဲကြည့်လေ၊ ဒေါက်တာနဲ့ အဒေါ်နဲ့ ရှေ့ရေးနောက်ရေး တိုင်ပင်နေကြတဲ့ ကိစ္စကို သူက အလိုက်မသိအားမနာ အနားမှာလာရပ်ကြည့်နေတာ တွေ့လား၊ တွေ့တယ် မဟုတ်လား"

မှုန်မှုန်က ဒေါ်ရွှေခင်ကို မျက်စပစ်ပြရင်း ပြောလိုက်ရာ ဒေါ်ရွှေခင် တွန့်ခနဲဖြစ်သွားသည်။

ဒေါက်တာငွေနှင်းက ခြေဟန်လက်ဟန်ပြလိုက်ရာ ဒေါ်ရွှေခင် အခန်းထဲက ထွက်သွားပေးလိုက်ရသည်။

"အဲဒါပဲပေါ့ ဒေါက်တာ၊ မရှိတာထက် မသိတာခက်ဆိုတဲ့ စကားဟာ ဒါမျိုးကိုပြောတာပဲ၊ တကယ်ဆို ဒေါက်တာနဲ့ ဒေါ်ဒေါ်နဲ့ အရေးကြီးတဲ့ကိစ္စ တိုင်ပင်စရာတွေ ဘာတွေ ရှိနေမလား စဉ်းစားပါလား၊ တော်ရာမှာ သွားနေပါတော့လား"

"ဒေါ်ရွှေခင့်ကိစ္စ ထားလိုက်ပါ ဒေါ်ဒေါ်၊ ဒေါ်ဒေါ်နဲ့ ကျွန်တော် စကားပြောကြရအောင်"

"ဟုတ်တယ်၊ ဒေါ်ဒေါ်လဲ မင်းနဲ့ စကားပြောချင်ပါတယ်၊ စိတ် သိပ်မမှန်တဲ့သူတွေနဲ့ ပြောရဆိုရတာ တယ်ပြီးလက်ပေါက်ကတ်တာပဲ၊ အချိန်လဲ ကုန်တယ်"

"ဟုတ်ပါတယ် ဒေါ်ဒေါ်၊ ကျွန်တော်လဲ ဒေါ်ရွှေခင်နဲ့ သိပ်ပြီး စကားမပြောချင်ပါဘူး၊ ဒေါ်ဒေါ်နဲ့ပဲ ပြောချင် ဆိုချင်တာပါ"

မှုန်မှုန်က ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

"မောင်ရင် မဆိုးဘူး၊ ဒေါ်ဒေါ့်ကို နားလည်တယ်၊ အမှန်က ဒေါ်ဒေါ့်မှာ အထီးကျန် သိပ်ပြီးဆန်နေတာ ကလား၊ အုတ်ဂူထဲမှာ တစ်ယောက်တည်းကွယ့်"

"ကျွန်တော် ဒေါ်ဒေါ့်အကြောင်း သိချင်တယ်"

"ဒေါ်ဒေါ်က ဒေါ်သင်းထုံလေ"

"ဟုတ်ပါတယ်ဒေါ်ဒေါ်၊ဒေါ်ဒေါ်သင်းထုံအကြောင်း ကိုပဲ သိချင်တာပါ"

"သင်းထုံအကြောင်းသိရလို့ မင်းအတွက် ဘာမှအကျိုး ရှိမယ် မထင်ပါဘူးကွယ်"

မှုန်မှုန်က စကားပြောသည့်အခါ ဒေါက်တာငွေနှင်းကို တည့်တည့်မကြည့်ဘဲ အတတ်နိုင်ဆုံး မျက်လုံးကိုလွှဲပြီး ပြောသည်။

မျက်လုံးများလည်း မူမမှန်ကြောင်း ဒေါက်တာငွေနှင်း သတိထားမိသည်။

"ဒေါ်သင်းထုံအကြောင်းကို ကျွန်တော် စိတ်ဝင်စား တာ အကြောင်းရှိပါတယ် ဒေါ်ဒေါ်"



"ဆိုပါဦး"

"ဒေါ်သင်းထုံမှာ စိတ်ဝင်စားစရာကောင်းတဲ့ နောက်ခံ ကြောင်း တစ်ခုခု၊ အဖြစ်အပျက် တစ်ခုခု ရှိရလိမ့်မယ်လို့ ကျွန်တော် ထင်ထားလို့ပါ"

မှုန်မှုန်က ခေါင်းတညိတ်ညိတ် လုပ်လိုက်ပြန်သည်။ ပြီး နောက် သက်ပြင်းတစ်ချက် ရှိုက်လိုက်ရင်း....

"အင်း....ဒေါ်သင်းထုံအကြောင်း ပြောရမယ် ဆိုရင် တော့ စိတ်ထိခိုက်စရာ ကောင်းလှပါတယ် ဒေါက်တာ ငွေနှင်းရယ်၊ ဒေါ်ဒေါ်တော့ အဲဒီအကြောင်းတွေကို တတ် နိုင်သမျှ မေ့ထားဖို့ ကြိုးစားနေတာပါ"

"ဘယ်လိုမျိုးစိတ်ထိခိုက်စရာကောင်းတာလဲဒေါ်ဒေါ်"

"ဒေါ်သင်းထုံမှာ အရွယ်ရောက်လာတော့ ချစ်သူ ရည်း စား တစ်ယောက် ရှိလာတယ်ကွယ့်၊ သူ့ရဲ့ ချစ်သူက သူတို့ ဘက် စီးပွားရေး၊ လူမှုရေး အစစနိမ့်ကျတော့ သူ့ရဲ့ မိဘ တွေက သူ့ချစ်သူကို သဘောမတူကြဘူး"

"ဪ....ဒါနဲ့ ဒေါ်ဒေါ်၊ ဒေါ်သင်းထုံက ဒေါ် ဒေါ်ပါပဲနော်"

"အေးလေ၊ ငါက ဒေါ်သင်းထုံပဲ ဥစ္စာ၊ ဘာဖြစ် လို့လဲ"

"ဘာမှမဖြစ်ပါဘူး၊ ဒေါ်ဒေါ်က သူ....သူနဲ့ပြောနေတော့ ကျွန်တော်က တခြားတစ်ယောက်ကို ရည်ညွှန်းတယ် အောက်မေ့လို့"

"ဟုတ်တယ်၊ တတ်နိုင်ရင် ဒေါ်ဒေါ်က ဒေါ်သင်းထုံရဲ့ ဘဝ အဲ....ဒေါ်ဒေါ့်ရဲ့ဘဝကို မေ့ထားလိုက်ချင်တယ်"

"ကျွန်တော်က ဒေါ်ဒေါ့်ရဲ့ဘဝ၊ ဒေါ်သင်းထုံရဲ့ဘဝကို သိချင်နေပါတယ်၊ ဆက်ပြောပါဦး ဒေါ်ဒေါ်"

"အဲဒီလိုနဲ့ ဒေါ်ဒေါ့်ရဲ့ မိဘတွေက ဒေါ်ဒေါ့်ချစ်သူနဲ့ သဘောမတူခဲ့ကြတဲ့အခါ ဒေါ်ဒေါ်ဟာ စိတ်အရမ်းထိခိုက်ခဲ့ရတယ်၊ ချစ်သူချင်း ကွဲကွာကွေကွင်းခဲ့ရတဲ့ ရက်တွေမှာ အိပ်လို့မပျော်နိုင်ခဲ့ဘူး၊ အထူးသဖြင့် လသာရက်တွေမှာဆိုရင် ဒေါ်ဒေါ် တစ်ညလုံးလိုလိုပဲ မှိုင်ဘဲနေခဲ့တယ်၊ လူတွေနဲ့လဲ ဘယ်သူမှ အတွေ့မခံခဲ့ဘူး၊ မိဘတွေစီစဉ်ပေးစားတဲ့ လူတွေကိုလဲ တစ်ယောက်ပြီးတစ်ယောက် ငြင်းပယ်ခဲ့တယ်၊ ၄၉-နှစ်ရောက်တဲ့အထိ ဒေါ်ဒေါ် အပျိုကြီးပဲ လုပ်နေခဲ့တော့တယ်"

ဒေါက်တာငွေနှင်းကို ပြောပြနေစဉ် အချိန်အတောအတွင်း မှုန်မှုန်၏ မျက်လုံးများက အပြင်ဘက်သို့ ရောက်နေသည်။

မှုန်မှုန့် မျက်လုံးတွေ ဘယ်နေရာရောက်နေသလဲဟူသော စိတ်ဖြင့် ဒေါက်တာငွေနှင်းက မသိမသာ ကြည့်လေရာ



တစ်ဖက်ခြံထဲရှိ ဖူနိုးဆိုးတောများအကြားတွင် ရှိနေသော အုတ်ဂူဖြူဖြူကလေးဆီသို့ ရောက်ရှိနေကြောင်း တွေ့ရလေသည်။

"ဆက်ပါဦး ဒေါ်ဒေါ်"

"မှောင်ရင်ပဲ စဉ်းစားကြည့်လေ၊ နေ့မအိပ် ညမအိပ်နဲ့ နေတော့ တပိန်ပိန်တာလိန်လှိန်နဲ့နေတော့ ဘယ်မှာကျန်းမာရေးနဲ့ ညီညွတ်တော့မှာလဲ၊ ဒေါ်ဒေါ်....ဒေါ်ဒေါ် ခုလို အိပ်ရာထဲ လဲတော့တာပေါ့၊ ခုကြည့်စမ်းပါဦး၊ ဒေါ်ဒေါ့်ရဲ့ အသားအရေတွေ ဟိုတုန်းကလို စိုစိုပြေပြေ ရှိသေးရဲ့လား၊ အေးလေ အသက်ပဲ ၄၉-နှစ် ရှိလာခဲ့ပြီဆိုတော့လဲ ငယ်ငယ်ကလို ဘယ်လို စိုပြေနိုင်တော့မလဲလေ၊ အဟွတ်....အဟွတ်....အဟွတ်"

မှုန်မှုန်က စကားပြောရင်း ချောင်းတွေ တရစပ် ဆိုးလာသဖြင့် ဒေါက်တာငွေနှင်းက အလိုက်သိစွာ စကားကို ရပ်နားခိုင်းလိုက်သည်။

"ကဲ....ဒေါ်ဒေါ် စကားတွေပြောရလို့ တော်တော်မောသွားပြီး ချောင်းတောင် ဆိုးလာပြီ၊ နားလိုက်တော့နော်၊ ကျွန်တော် ချောင်းဆိုးပျောက်ဆေး တိုက်သွားပေးမယ်၊ ပြီးတော့ ဒေါ်ဒေါ့်ကို ကြည့်ရတာ အဆုတ်အအေးပတ်နေပုံရတယ်၊ ကျွန်တော် စမ်းသပ်ကြည့်မယ်နော်"

ဒေါက်တာငွေနှင်းက ပြောလိုက်ရာ ပထမတွင် ငြင်းပယ်မည် လုပ်သေးသော်လည်း တစ်ချက် လှမ်းကြည့်ပြီးနောက် ခေါင်းကို ဆတ်ခနဲ ညိတ်ပြီးလျှက်သား ဖြစ်သွားသည်။

သို့ဖြစ်၍ ဒေါက်တာငွေနှင်းလည်း အပြင်ခန်းတွင် ရှိနေသော ဒေါ်ရွှေခင်ကို လှမ်းခေါ်လိုက်ရ၏။

"ဒေါ်ရွှေခင်....ဒေါ်ရွှေခင်၊ ဒီကို ခဏလာပါဦး"

အပြင်ခန်း၌ နားစွင့်ယှက်ရှိသော ဒေါ်ရွှေခင်က ချက်ချင်းပင် အနားသို့ ရောက်လာပြီး....

"ကျွန်တော် ဒေါ်သင်းထုံကို ကျန်းမာရေး စစ်ဆေးကြည့်ချင်တယ်၊ ဒေါ်ဒေါ် လိုအပ်တဲ့ အကူအညီပေးပါ"

ဒေါက်တာ ငွေနှင်းက ဒေါ်ရွှေခင်၏ အကူအညီဖြင့် မှုန်မှုန့်ကို အိပ်ရာပေါ်တွင် ပက်လက်အိပ်ခိုင်းပြီး အင်္ကျီကြယ်သီးတချို့ကို ဖြုတ်စေကာ နားကြပ်ဖြင့် သေသေချာချာ စမ်းသပ်၏။ ထို့နောက် အထက်သွေး၊ အောက်သွေးများ တိုင်းရ၏။ ဒေါက်တာငွေနှင်း စိတ်ရှည်လက်ရှည် စမ်းသပ်နေသည်ကို မှုန်မှုန်က အငြင်းအပယ်မရှိဘဲ ကြည်ဖြူစွာ ငြိမ်သက်နေသောကြောင့် ဒေါက်တာ ငွေနှင်းက စိတ်ထဲမှ ကျိတ်၍ ကျေးဇူးတင်မိလေသည်။

"သွေးတိုးတာတော့ မရှိပါဘူး၊ အဆုတ်အအေးပတ်တာတော့ သေချာတယ်၊ သောက်ဆေးပေးခဲ့မယ်၊ နွေးနွေးထွေးထွေးနေပါ ဒေါ်ဒေါ်"



"ကောင်းပါပြီ ဒေါက်တာ"

ဒေါက်တာငွေနှင်းက အသင့်ယူဆောင်လာသော ဆေးသေတ္တာငယ်လေးအတွင်းမှ သင့်တော်မည့် သောက်ဆေးများကို ပေးထားခဲ့လေ၏။

ထို့နောက် မှုန်မှုန်နှင့် ဒေါ်ရွှေခင်တို့အား နှုတ်ဆက်လျှက် ပြန်လာခဲ့လေတော့၏။

# အခန်း (၇)

## လူကောင်းလျှင် ခေတ်ကောင်းမည်

"ဒါဆိုရင် မောင်ရင့်အတွက် သိပ်ပြီး စိတ်ဝင်စားစရာကောင်းတဲ့ လူနာတစ်ယောက် တိုးပြီပေါ့"

ဒေါက်တာငွေနှင်း ပြန်ပြောပြနေသည်ကို တစ်ချိန်လုံး ထိုင်နားထောင်နေသည့် ဒေါက်တာ ရဲထွန်းက ပြောလိုက်သည်။

ဒေါက်တာငွေနှင်းသည် စားသောက်ဆိုင်မှ စားပွဲထိုးကလေး လာချပေးသည့် ထမင်းကြော်နှင့် အချိုရည်ပုလင်းများကို စားသောက်နေရာမှ ခေါင်းကို တဆတ်ဆတ် ညိတ်၏။

"ဒီလူနာကတော့ ငါ့အတွက် စိတ်ဝင်စားစရာကောင်းသလို စိတ်လှုပ်ရှားစရာလဲကောင်းတယ်၊ ပြီးတော့ သနားစရာလဲ သိပ်ကောင်းတဲ့ လူနာတစ်ယောက်ပဲ"

"အင်း....မင်းပြောသလိုဆိုရင်တော့ မောင်ရင့် မှုန်မှုန်က ဆိုက်ကိုရောဂါ ဖြစ်နေတာတော့ သေချာပြီပေါ့"

"အဲဒီလိုပဲ ဆိုရမှာပေါ့လေ၊ ဒါပေမယ့် ဒေါ်သင်းထုံဆိုတဲ့ မိန်းမကြီးက ဘာဖြစ်လို့များ ဝင်လာရတာလဲ၊ သူက သူ့ကိုယ်သူ ဘာဖြစ်လို့ ဒေါ်သင်းထုံ ဖြစ်နေရတာလဲ၊ အဲဒီအချက်ကို ငါ သေသေချာချာသိရရင် မှုန်မှုန့်ရဲ့ရောဂါကို ကုလို့ရပါပြီ"

"အဲဒါကို မင်း ကြိုးစားရမှာပေါ့"

"ဟုတ်တယ် ရဲထွန်း၊ လောလောဆယ်တော့ မှုန်မှုန့်အခန်းရဲ့ ပြတင်းပေါက်ကနေ လှမ်းကြည့်ရင် မြင်နေရတဲ့ အုတ်ဂူ ဖြူဖြူကလေးကို ငါ သိပ်ပြီး မသင်္ကာဘူး၊ အဲဒီဂူကလေးသာ ဒေါ်သင်းထုံရဲ့ဂူ ဖြစ်နေမယ် ဆိုရင်တော့ တစ်မျိုးတစ်မည် ထူးခြားလာလိမ့်မယ်"

"မှုန်မှုန့်ရဲ့ တစ်ဖက်ခြံမှာ အုတ်ဂူရှိနေတယ် ဟုတ်လား ငွေနှင်း"

"ဟုတ်တယ်"

"ကြုံကြုံဖန်ဖန်ကွာ၊ ဘယ်က အုတ်ဂူကများ ဒီနေရာ လာရောက်နေတာလဲ"



"ကြာတော့ တော်တော်ကြာသွားပြီနဲ့ တူပါတယ်ကွာ၊ ပြီးတော့ ဒီခြံကြီးက အကျယ်ကြီးကွ၊ ခြံကြီးက နှစ်ဧကလောက် ရှိမယ်ထင်တယ်"

"ခြံကြီးထဲမှာ တခြားအဆောက်အအုံ မရှိဘူးလား"

"ငါတော့ ကြီးကြီးမားမား အဆောက်အအုံ တစ်ခုမှ တွေ့ခဲ့ပါဘူးကွာ၊ ဘာပဲဖြစ်ဖြစ် ငါတော့ ဒီအုတ်ဂူလေးကို သွားပြီးလေ့လာချင်တယ်"

"ကြည့်လဲလုပ်ဦးနော် ငွေနှင်း၊ တော်တော်ကြာ ဥစ္စာစောင့်တွေ ဘာတွေ တွေ့နေဦးမယ်"

"အမယ်လေး....တွေ့စမ်းပါစေကွာ၊ ငါ့ တစ်သက်မှာ ဥစ္စာစောင့်ဆိုတာ ကြားသာကြားဖူးတာ၊ တစ်ခါမှ တွေ့ဖူးသေးတာ မဟုတ်ဘူး၊ ဥစ္စာစောင့်နဲ့တွေ့ခဲ့ရင် အမြတ်လို့တောင် ပြောနိုင်သေးတယ်"

"မြွေပါး ကင်းပါးလဲ ကြည့်သွားဦး"

"ငါက ငယ်ငယ်လေး ကတည်းက ခန္ဓပရိတ်ကို ရွတ်လာတဲ့ ကောင်ပါကွာ၊ ခန္ဓပရိတ်ကို ရွတ်လေ့ရှိတဲ့ လူဟာ ဘယ်တော့မှ သတ္တဝါတွေရဲ့ ဒုက္ခပေးတာကို မခံရဘူး"

"ခြင်မကိုက်အောင်တော့ ရွတ်လို့မရဘူးလား"

"ဒါကတော့ မင်းက ကတ်ပြီးပြောတာပဲ၊ ငါပြောတာက အဆိပ်ရှိတဲ့ သတ္တဝါဆိုးတွေကို ဆိုလိုတာကွ"

"အေးပါကွာ....ဘာပဲဖြစ်ဖြစ် သတိဆိုတာ လိုတာပဲရှိတယ်၊ ပိုတယ်လို့မရှိဘူး မဟုတ်လား၊ ဒါကြောင့် အစစအရာရာ သတိထားနိုင်အောင်လို့ ပြောတာပါ"

ဒေါက်တာရဲထွန်း ကလည်း သူ့ရှေ့တွင် ချထားသည့် စားစရာ သောက်စရာ များကို ယူငင် စားသောက်နေလေ၏။

"ဟိုနေ့က မှုန်မှုန် ပြောသွားတဲ့ အကြောင်းအရာထဲမှာ ဒေါ်သင်းထုံဟာ သူ့ချစ်သူနဲ့ မပေါင်းခဲ့ရဘူးတဲ့ကွ၊ အဲဒီ အချက်ဟာ အရေးကြီးတယ်၊ ဒီပြဿနာမှာ အဲဒီအချက်ဟာ သော့ချက်ဖြစ်နိုင်တယ်"

"အေးလေ....နာနာဘာဝ တစ်ကောင်ကောင် ပူးကပ်နေတာမျိုး မဟုတ်ပါစေနဲ့လို့တော့ ဆုတောင်း ရတာပဲ ငွေနှင်း"

ဒေါက်တာ ငွေနှင်းက ဒေါက်တာ ရဲထွန်း၏ စကားကြောင့် ဖျတ်ခနဲ လှမ်းကြည့်၏။

"ရဲထွန်းရာ၊ မင်းကလဲ အယူသီးနေပြန်ပါပြီ"

"အယူသီးတာ မဟုတ်ဘူး ငွေနှင်း၊ လောကကြီးမှာ ပရလောကလို့ခေါ်တဲ့ ဝိညာဉ်လောကကြီးလဲ ရှိသေးတယ် ဆိုတာ မမေ့နဲ့၊ သုံးဆယ့်တစ်ဘုံကိုယုံရင် ဝိညာဉ် ဆိုတာကိုလဲ မယုံချင်လို့မရဘူး၊ မကျွတ်လွတ်သေးတဲ့ ဝိညာဉ် တစ်ခုခု ကနေ လိပ်ပြာငယ်တဲ့ သူ တစ်ယောက်ယောက်ကို ပူးကပ်ပြီးနေတဲ့ကိစ္စတွေ ရှိခဲ့ဖူးတာ မင်းလဲ လေ့လာဖူး ဖတ်ဖူးမှာပါ ငွေနှင်းရာ"

ဒေါက်တာရဲထွန်း စကားကြောင့် ဒေါက်တာငွေနှင်း တွေခနဲ တစ်ချက်စဉ်းစားလိုက်သည်။



"အင်း....မင်းပြောတာလဲ မဆိုးဘူး၊ ဘာပဲဖြစ်ဖြစ် အဲဒီ အချက်ကိုလဲ ထည့်သွင်းစဉ်းစားရမှာပဲလေ၊ သွားလေ့လာကြည့်ရင်တော့ နောက်ထပ်စဉ်းစားစရာတွေ ထပ်ရလာမှာ သေချာတယ်"

"ကြည့်လဲလုပ်ပါငွေနှင်းရယ်၊ တော်ကြာ မောင်ရင်ပါ ရူးနေပါဦးမယ်"

"မဖြစ်နိုင်ပါဘူးကွာ"

"မဖြစ်နိုင်ဘူး မလုပ်နဲ့၊ ငါ စိတ်ရောဂါကု ဆေးရုံမှာ ဆရာဝန်တစ်ယောက် ရူးနေတာ တွေ့ခဲ့တယ် ကိုယ့်လူ၊ သူ့ခမျာ ဆရာဝန်ဘွဲ့ ရပြီးမှ ကြောင်သွားရှာတာ၊ အသက်တောင်မှ သိပ်ကြီးပုံ မရသေးဘူး၊ သနားပါတယ်ကွာ၊ သူ့ခမျာ အုတ်နံရံကြီးကို နားကြပ်နဲ့ စမ်းတဲ့ပုံ လုပ်လိုလုပ်၊ လှေကားလက်ရန်းကြီးကို နားကြပ်နဲ့စမ်းတဲ့ပုံ လုပ်လိုလုပ်၊ သွေးစမ်းလိုစမ်းနဲ့၊ စိတ်တောင်မကောင်းဘူး"

"ဒါကတော့....လောကကြီးမှာ သူ့ အကြောင်းနဲ့ သူ ဖြစ်နေ ပျက်နေကြတာပဲ မဟုတ်လား ရဲထွန်းရ၊ စိတ်ချ ငါ ဘယ်တော့မှ ရူးမသွားစေရဘူး"

"ဒါဆိုလဲ ပြီးတာပါပဲကွာ၊ မင်းက မှုန်မှုန်....မှုန်မှုန်နဲ့ တစ်မှုန်တည်း မှုန်နေလို့ ငါက စိုးရိမ်ပြီး ပြောတာပါ"

"မှုန်မှုန်နဲ့ ဆိုလို့ မင်းကို တစ်ခုပြောရဦးမယ်"

"ပြော"

"မှုန်မှုန့်ကို စိတ်ဝင်စားရတာ စိတ်ကူးယဉ်ရတာ၊ ငါ့ အတွက် အရသာ သိပ်ပြီး မရှိတော့သလိုပဲ"

"ဘာဖြစ်လို့"

"အရင်တုန်းက ငါနဲ့ မှုန်မှုန်နဲ့ ဘာမှ မဟုတ်တော့ စိတ်ထဲမှာ လွတ်လပ်တယ်၊ တွေးချင်သလို တွေးလို့ရတယ်၊ စိတ်ကူးယဉ်ချင်သလို ယဉ်လို့ရတယ်၊ ဘာအပြစ်မှမရှိဘူး၊ စိတ်ထဲမှာ သန့်နေတယ်"

ဒေါက်တာငွေနှင်း၏ စကားကြောင့် ရဲထွန်းက မျက်မှောင် ကြုတ်လိုက်၏။

"ဘာဖြစ်လို့လဲ၊ အခုကော စိတ်မသန့်တော့လို့လား"

"အင်း....မသန့်ချင်တော့ဘူး"

"မှုန်မှုန့်မှာ ယောကျ်ားရှိနေလို့လား"

"ဟာ....ကြံကြီးစည်ရာကွာ၊ မှုန်မှုန်က အပျိုတစ်ယောက်ပါ"

"ဒါနဲ့များကွာ၊ မင်းစကားက ဆန်းဆန်းကြယ်ကြယ် လုပ်နေရသေးတယ်၊ ယောကျ်ားမရှိတဲ့ မိန်းကလေး တစ်ယောက်ကို စိတ်ကူးယဉ်ချင်သလို ယဉ်လို့ရပါတယ်ကွာ၊ မင်္ဂလာတွေ အကြိမ်တစ်ရာလောက်ပဲဆောင်ချင် ဆောင်မှာပေါ့ကွာ၊ အဲဒါ ဘာဖြစ်သေးလဲ၊ ဘာစိတ်မသန့်စရာ ရှိသလဲ....

"ဘာလဲ....သူ့မှာ ရည်းစားရှိနေလို့လား၊ အဲသလို ဆိုလဲ ဘာမှ အရေးမဟုတ်ဘူး၊ မိန်းကလေးတစ်ယောက်ဟာ မင်္ဂလာဆောင်တဲ့နေ့ ညဘက် ကိုးနာရီလောက်ထိ တခြား ယောကျ်ားလေးတစ်ယောက်က စိတ်ကူးယဉ်ခွင့် ရှိတယ်"



"ဟာကွာ....ရဲထွန်းကလဲ၊ ပေါက်ပေါက်ရှာရှာ ပြောတော့မယ်"

"ဟား....ဟား....ဟား၊ မင်းက ပေါက်ပေါက်ရှာရှာ ပြောချင်အောင် လုပ်နေတာကိုး၊ ကဲ....ပြော၊ ဘာဖြစ်လို့ စိတ်မသန့်ချင်ရတာလဲ"

ဒေါက်တာငွေနှင်းက သက်ပြင်းတစ်ချက်ရှိုက်လိုက်လေသည်။

"ဟူး....မှုန်မှုန်က ငါ့ရဲ့လူနာဖြစ်သွားလို့ပေါ့ကွ၊ လူနာတစ်ယောက်ကို ဆရာဝန်တစ်ယောက်က ကျန်းမာစေလိုတဲ့ မေတ္တာနဲ့ပဲ ဆက်ဆံသင့်တယ်လေကွာ၊ မရိုးမသား အတွေးမျိုးတွေ မဝင်သင့်ဘူးပေါ့"

"ဟာကွာ....ဒီခေတ်ကြီးထဲမှာ မင်းက အတွေးခေါင်လွန်းပါတယ်"

ဒေါက်တာငွေနှင်းက ခေါင်းကို ယမ်းခါလိုက်သည်။ ဒေါက်တာရဲထွန်းက သူ့ကို နားမလည်စွာ ကြည့်နေလေသည်။

"ငါ အတွေးခေါင်တာ မဟုတ်ဘူး၊ အမှန်ကို တွေးကြည့်နေမိတာ၊ ဒီခေတ်ထဲကလူတွေ များသောအားဖြင့် ညှိုးပျက်လာကြတာ ငါမငြင်းပါဘူး၊ ဒါပေမယ့် ခေတ်ကို လူတွေက ဖန်တီးနေကြတာပါကွာ၊ လူတွေကောင်းရင် ခေတ်လဲကောင်းမှာပဲ၊ လူတွေမကောင်းရင် ခေတ်လဲ ဘယ်လိုလုပ်ပြီး ကောင်းနိုင်မှာလဲ....

"ငါကတော့ ဆရာဝန်တစ်ယောက်အနေနဲ့ စောင့်ထိန်း ရမယ့် စည်းကမ်းကို လိုက်နာချင်တာယ်"

"ဒါဆိုရင် မင်းက မှန်မှန်ကို စိတ်မဝင်စားဘဲ နေနိုင်တယ်ပေါ့"

"အဲဒီလောက်အထိတော့ ဖြစ်မှာမဟုတ်ဘူး၊ ဒီထက် မပိုအောင်တော့ စောင့်ထိန်းသင့်တယ် ထင်တယ်လေ"

ရဲထွန်းက ခေါင်းတညိတ်ညိတ်လုပ်၏။

"ကောင်းပါတယ်၊ စောင့်ထိန်းနိုင်ရင်တော့ ကောင်းပါတယ်၊ နောက်မှ...."

"နောက်မှ ဘာဖြစ်သလဲ"

"နောက်မှဆိုတဲ့စကားကို ငါလဲ ဘယ်ကြိုတင်ပြီးပြောနိုင်မှာလဲ ငွေနှင်းရဲ့၊ နောက်မှဆိုတာကို စောင့်ကြည့်ရမှာပေါ့၊ အခန်းဆက်ဗီဒီယိုဇာတ်လမ်းတွဲကို စောင့်ကြည့်ရမှာပေါ့ သူငယ်ချင်းရာ"

ဒေါက်တာရဲထွန်း ပြောသည့် စကားမှာ မှန်ကန်နေသောကြောင့် ဒေါက်တာငွေနှင်း ဘာမှ ဆက်မပြောဖြစ်တော့။

သူကိုယ်သူ အများကြီး ဆုံးမရဦးမည်ကိုတော့ သူ ဘာသာသူ တွေးကြည့်ဖြစ်နေမိလေသည်။

---

## အခန်း (၈)

### ငှက်ကြီးတောင်နှင့် စိတ်ခေါ်သူ

ဒေါက်တာငွေနှင်း ခွဲကျယ်ကြီးနားသို့ရောက်သွားသော အခါ စိတ်ထဲမှာ လေးလံနေသလို ခံစားရသည်။

"ယောက်ျားပဲကွာ၊ ပြီးတော့ ငါဟာ ဆရာဝန် တစ်ယောက်ပဲ၊ လူသေတွေအများကြီးထားတဲ့ အအေးတိုက်ထဲကိုတောင် အလောင်းလှေလာဖို့ သွားခဲ့ရတာ၊ ဒါဟာ နေ့ခင်းကြောင်တောင်ကြီးပဲ"

ဟု ကိုယ့်ကိုယ်ကို အားပေးမိသည်။ ထို့နောက် ခွဲ တံခါးဝနားသို့ တဖြည်းဖြည်းချင်း လျှောက်သွားလိုက်လေသည်။

ခြံဝင်းတံခါးကို ကြီးမားခိုင်ခံ့သော အုတ်တိုင်ကြီး နှစ်တိုင်ဖြင့် လုပ်ထားသော်လည်း နှစ်ပရိစ္ဆေဒကြာညောင်းပြီ ဖြစ်သောကြောင့် အုတ်တိုင်ကြီးများသည် အင်္ဂတေများ ပဲ့ကွာကျနေကြပြီ ဖြစ်၏။ အတွင်းမှပေါ်နေသော အုတ်ခဲများမှာ ရေညှိတွေပင်တက်နေကြ၏။

အုတ်ကြားတွင် မြက်များ၊ ညောင်ပင်ပေါက်ကလေးများ၊ နတ်သမီးကွမ်းရွက်ပင်များ ပေါက်နေကြပြီ ဖြစ်၏။

ထိုအုတ်တိုင်ကြီးနှစ်တိုင်တွင် တပ်ဆင်ထားသည့် သံပန်းတံခါးကြီး နှစ်ချပ်သည်လည်း သံချေးများအလိမ်းလိမ်း တပ်လျက် ဆွေးမြည့်နေကြပြီး ပျက်စီးယိုယွင်းလျက်ရှိနေသည်။

တစ်ချိန်တစ်ခါက ထိုဝင်းတံခါးသံပန်းများသည် လှစွာ ခိုင်ခံ့သော တံခါးကြီးများ ဖြစ်ကောင်း ဖြစ်ခဲ့ပေလိမ့်မည်။ သို့သော် ယခုအခါတွင်ကား ပျက်စီးလျက် ရှိသည်။

သော့လည်းခတ်မထားတဲ့ တွန်းလိုက်သည်နှင့် အလွယ်တကူ ပွင့်ဟသွားလေသည်။

မရှင်းမလင်းဘဲထားသည်မှာ များစွာ ကြာမြင့်နေပြီ ဖြစ်၍ မြက်ရိုင်းများ တောဖြစ်နေသည်။ လူသွားလမ်းကလေးတစ်ခု ရှိနေသောကြောင့်သာ ဒေါက်တာငွေနှင်း အနေဖြင့် ခြံထဲသို့ဝင်လာနိုင်ခြင်းဖြစ်၏။

ခြံကြီးသည် လွန်စွာကျယ်လေ၏။ အထဲကို အတော်ဝင်မိသည်အထိ မှုန်မှုန် အခန်းပြတင်းပေါက်မှလှမ်းကြည့်လျှင်



မြင်တွေ့နေရသည့် ကုက္ကိုပင်အိုကြီးနှင့် အုတ်ဂူကလေးကို မမြင်ရသေး။

သရက်ပင်အိုများ၊ ပိန္နဲပင်ကြီးများနှင့် ချုံပုတ် တောတော် များများကို ဖြတ်သန်း လျှောက်လှမ်းနေရသည်။ အတော်ကလေးလျှောက်မိမှ ကုက္ကိုပင်အိုကြီး အောက်သို့ ရောက်သွားသည်။

ခပ်လှမ်းလှမ်းတွင် အုတ်ဂူဖြူဖြူကလေးကို တွေ့နေရသည်။

ဒေါက်တာငွေနှင်းက ဂူကလေးနားကပ်သွားမည်အပြုတွင် 'ရှဲ'ခနဲမြည်ကာ မြက်ရိုင်းပင်များ လှုပ်ယမ်းသွားသောကြောင့် ခြေလှမ်းတုံ့ခနဲဖြစ်သွားမိသည်။ နောက်ဘက်သို့ ပြန်လှည့်မိတော့မတတ် ဖြစ်သွားမိ၏၊ ခြေစုံရပ်၍ ခေတ္တမျှ ရပ်စောင့်ကြည့်နေမိသောအခါတွင်ကား ကြောင်နက်ကြီး တစ်ကောင်။

ကြောင်နက်ကြီးသည် မြက်ရိုင်းပင်များကြားမှ တိုးဖြတ်လာပြီး အုတ်ဂူဖြူဖြူပေါ်သို့ လွှားခနဲ ခုန်တက်လိုက်သည်။

"ညောင်ဝမ်....ညောင်ဝမ်....ညောင်ဝမ်"

ကြောင်နက်ကြီးသည် အုတ်ဂူ ပေါ်၌ သုံး လေးမတ် လျှောက်နေပြီး ညောင်ဝမ်၊ ညောင်ဝမ်၊ ညောင်ဝမ်ဟု မ်းခေါင်းသံကြီးဖြင့် အော်မြည်နေသည်ကို တွေ့ရ၏။

ဒေါက်တာငွေနှင်းသည် သတ္တိနည်းလှသူ မဟုတ်သော်လည်း ရှဲခနဲ လှုပ်ရှားသွားခြင်း၊ နက်မှောင် နေသော

ကြောင်နက်ကြီးတစ်ကောင်ကိုမြင်လိုက်ရခြင်း၊ ဝမ်းခေါင်းသံဖြင့် အော်မြည်သံ ကြားရသည်တို့ကြောင့် စိတ်များလှုပ်ရှား သွားမိသည်က အမှန်ပင်ဖြစ်သည်။

ကြောင်နက်ကြီးသည် အော်မြည်၍ ဝသွားသောအခါ အုတ်ဂူပေါ်တွင်ငုတ်တုတ်ကြီးထိုင်လျက် ဒေါက်တာငွေနှင်းဘက်သို့ စူးစိုက်ကြည့်နေလေ၏။

ကြောင်နက်ကြီး၏ ခန္ဓာကိုယ်သည် မီးသွေးရောင် တမှောင်မှောင်လှ၍ မျက်လုံးကြီး နှစ်လုံးမှာမူ နန္ဒင်းရောင် ကဲ့သို့ ဝါထိန်နေလေ၏။

“ညောင်ဝမ်”

ကြောင်နက်ကြီးသည် ဒေါက်တာငွေနှင်းကို တွေ့လိုက်ရသည်နှင့် “ညောင်ဝမ်”ဟု ဝမ်းခေါင်းသံကြီးဖြင့် အော်မြည်ကာ မာန်ဖီလိုက်သည်။

ဒေါက်တာငွေနှင်းက ရှေ့သို့ တစ်လှမ်း တိုးလိုက်သည်နှင့် ကြောင်နက်ကြီးသည် ခွီးခနဲ မြည်ကာ အမွေးများ ထောင်ထလာလေ၏။

ထိုအခါ မြင်ရသောသူအနေနှင့်ကြက်သီးမွေးညင်းများ ထလာလေ၏။

တိတ်ဆိတ်နေသော ခြံဝင်းကျယ်ကြီး တစ်ခု အတွင်း အိုမင်းသော ကုက္ကိုပင်ကြီးအောက်မှ အုတ်ဂူလေး တစ်လုံး ပေါ်တွင် မာန်ဖီနေသော ကြောင်နက်ကြီး တစ်ကောင် မြင်ကွင်းသည် လူတိုင်းအတွက် ရင်ဖိုဖွယ်ရာ မြင်ကွင်းတစ်ခု ပင် ဖြစ်၏။



ဒေါက်တာငွေနှင်းသည် အုတ်ဂူဖြူဖြူကလေး အနားသို့ အနီးကပ် ကြည့်ရမည် ဖြစ်သောကြောင့် ကြောင်နက်ကြီးကို ဂူကလေးပေါ်မှ ဆင်းသွားစေချင်သည်။

သို့အတွက် ပါးစပ်မှ“ရှူး”ခနဲ အသံပြု၍ခြောက်လှန့်လိုက်မိ၏။

ကြောင်နက်ကြီးသည် ကြောက်လန့်တကြား ပြေးဆင်းမသွားသည့်အပြင် သူ့ကို စူးစူးဝါးဝါး စိုက်ကြည့်လျက် မာန်ဖီလိုက်ပြန်လေ၏။

သို့ဖြစ်၍ ဒေါက်တာငွေနှင်းသည် ကြံမိကြံရာ အနီးအပါးတွင် ခဲလုံးများ ရလိုရငြား ဟိုဟိုသည်သည် ရှာဖွေမိသည်။

ထိုအခါ ကံအားလျော်စွာ အုတ်ခဲကျိုးအပိုင်း ခပ်ရွယ်ရွယ် လက်သီးဆုပ် သာသာခန့် တစ်ခုကို ရှာတွေ့လေသည်။

ထိုအခါ ဒေါက်တာငွေနှင်းသည် ကြောင်နက်ကို မထိအောင် အုတ်ဂူကိုလည်း မပဲ့ရွဲ့ရအောင် ချိန်ဆလျက် အုတ်ခဲကျိုးဖြင့် လှမ်း၍ပစ်လိုက်လေ၏။

ထိုအခါမှပင် ကြောင်နက်ကြီးသည်“ညောင်”ဟု တစ်ချက်မျှ အသံပေးလျက် မြက်ရိုင်းပင်ရှည်ကြီးများကို ရှဲခနဲ တိုးဝင်ကာ ပျောက်ကွယ်သွားလေတော့သည်။

ထိုအခါကျမှပင် ဒေါက်တာ ငွေနှင်းလည်း အုတ်ဂူဖြူဖြူလေးနားသို့ တိုးကပ်သွားမိလေ၏။

ထူးဆန်းသည်မှာကား ဤခြံကြီးကဲ့သို့ ဖုန်းဆိုးတောနှင့် မြက်ရိုင်းပင်များ ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေသော ခြံကြီးထဲတွင်ရှိနေသည့် အုတ်ဂူဖြူဖြူမှာ မနေ့တစ်နေ့ကမှလုပ်ထားသည့်နှယ် သပ်သပ်ရပ်ရပ်,သစ်လစ်လွင်လွင်ကလေး ဖြစ်နေခြင်းပင်တည်း။

အုတ်ဂူကလေးမှာ ဆေးဖြူဖြူဖြင့်အသစ်ဖြစ်နေသကဲ့သို့ ရေးထိုးထားသည့် စာတန်းမှာလည်း ပီပီပြင်ပြင် ဖြစ်လေ၏။

ဧဒါဆင်းထုံ

အသက်(၄၉)နှစ်

ဟူသည့် စာတန်းကလေးမှာလည်း ပီပြင်စွာဖတ်၍ရနေလေသည်။

ဂူကလေးသစ်နေခြင်း၊ စာတန်းများပီပြင်ခြင်းကဲ့သို့ပင် နောက်ထပ် ထူးခြားသည့်အချက်မှာ ဝင်းခြံကြီး တစ်ခုလုံး မြက်များ၊ ဖုန်းဆိုးတောများ ဖုံးအုပ် နေသော်လည်း ဂူကလေးပတ်ပတ်လည်တွင်မူ မြက်များ၊ချုံများ ရှင်းလင်းနေခြင်းပင်ဖြစ်၏။

ဤကဲ့သို့ မျက်များ၊ချုံများ ရှင်းလင်းနေခြင်းမှာ တစ်ဦးတစ်ယောက်က လာရောက် ရှင်းလင်းပေးနေသောကြောင့် ဖြစ်ရမည်ဟု ဒေါက်တာငွေနှင်း စဉ်းစားနေမိသည်။



ထိုအခိုက် သူ၏ နောက်ကျောဘက် ဆီမှ သစ်ရွက်ခြောက်များကိုနင်းလာသည့် အသံ ကြားရသဖြင့် ကြောင်နက်ကြီး နောက်တစ်ခေါက် ရောက်လာပြန်ပြီ ဟူသော အတွေးဖြင့် ဒေါက်တာငွေနှင်း နောက်ဘက်သို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်မိသည်။

ထိုအခါ ငှက်ကြီးတောင် ဓားကြီး တစ်လက်ကို ကိုင်ဆောင် လျက် ကားကားကြီး ရပ်နေတော အသက်ခြောက်ဆယ်ကျော် ခုနစ်ဆယ် အဘိုးကြီး တစ်ယောက်ကို တွေ့ရလေသည်။

အဘိုးကြီးသည် လက်ပါသော စွပ်ကျယ်အဟောင်း တစ်ထည်ကို ဝတ်ထားလျက် လည်ပင်းနား တစ်ဝိုက်တွင် အပေါက်အပြဲတချို့ ရှိနေပြီး ပုဆိုးမှာလည်း ခပ်နွမ်းနွမ်းကို ဝတ်ထားခြင်းဖြစ်၏။

"မောင်ရင် ဒီခြံထဲကို ဘာဖြစ်လို့ ခွင့်မတောင်းဘဲ ဝင်လာခဲ့ရတာလဲ"

အဘိုးကြီး၏ ပြောသံက မနှစ်မြို့ဟန် ပါသည်။

ဒေါက်တာ ငွေနှင်းသည် အုတ်ဂူနံဘေးတွင် ငုတ်တုတ်ထိုင်နေရာမှ ထ,ကာ အဘိုးကြီးကို မျက်နှာချင်း ဆိုင်လိုက်ရသည်။

အဘိုးကြီး၏ လက်ထဲတွင်ကိုင်ထားသည့် ငှက်ကြီးတောင်ဓားမှာ အသွား တော်တော်ထက်ပုံရလျက် လှုပ်ရှားလိုက်သောအခါ နေရောင်ထဲတွင် တလက်လက် ဖြစ်သွားလေ၏။

"ပြောလေ မောင်ရင်၊ ကျုပ်မေးနေတယ်"

အဘိုးကြီးက လေသံ ပိုမာသွားသည်။

ဒေါက်တာငွေနှင်းက ဘာစကားပြောရမှန်း မသိသော ကြောင့် အပြေးအလွှား စဉ်းစားရသေးသည်။

"ဟောဒီ....ဟောဒီ အုတ်ဂူကို လေ့လာချင်လို့ ခြံထဲ ဝင်လာခဲ့မိတာပါ အဘ"

ဒေါက်တာငွေနှင်းက လေသံကို မနည်း တည်ငြိမ်အော ကြိုးစားပြီး ပြောလိုက်ရ၏။

အဘိုးကြီးက သိပ် နှစ်မြို့ဟန်မပေါ်။

"ဒီဂူကို လေ့လာချင်လို့ ဟုတ်လား"

"ဟုတ်ပါတယ် အဘ၊ ဒီအုတ်ဂူကို ဟိုဘက်ခြံကနေ လှမ်းမြင်ရတော့ စိတ်ဝင်စားပြီး လေ့လာကြည့်မိတာပါ

"ဒီအုတ်ဂူကို စိတ်ဝင်စားရအောင် ရှေးဟောင်းအုတ် တစ်ခု မဟုတ်ပါဘူး မောင်ရင်ရယ်၊ ဒီအုတ်ဂူ ဒီနေရာ ဖြစ်လာတာ အနှစ် နှစ်ဆယ်မပြည့်တတ်သေးပါဘူး"

"ဟုတ်ပါတယ် အဘ၊ ရှေးဟောင်းဂူ မဟုတ်ဘူးဆိုတ တော့ ကျွန်တော်လဲ စဉ်းစားမိပါတယ်၊ ဒါပေမယ့် ကျွ တော့်မှာ တခြား စိတ်ဝင်စားစရာ အကြောင်းအရ တစ်ခု ရှိနေလို့ လာပြီး လေ့လာမိတာပါ၊ ကျွန်တော် ဒီ ထဲကို ဝင်လာတော့ ဘယ်သူမှလဲ မတွေ့ဘူး၊ လူမနေတဲ့ ကြီး တစ်ခြံပဲ အောက်မေ့မိလို့ ဒီအတိုင်း ဝင်လာမိတာပ ခွင့်မတောင်းမိတဲ့အတွက် ခွင့်လွှတ်ပါ"

"ကျုပ်က ဒီခြံကြီးရဲ့ အတွင်းပိုင်း ဟောဟို ငှက်ပျော တောထဲမှာ တဲကလေးတစ်လုံးထိုးပြီးနေတယ်၊ အေးဒေ



လေ ခြံဝကနေ ဝင်လာပြီးကြည့်တော့ ကျုပ်ရဲ့တဲကလေးကို ဘယ်မြင်ရမှာလဲ၊ ငှက်ပျောပင်တွေနဲ့ ကွယ်နေတာကိုး"

အဘိုးအိုက သူ့ဘာသာသူ မှတ်ချက် ချလိုက်သော ကြောင့် ဒေါက်တာငွေနှင်း နည်းနည်း အနေရအထိုင်ရ သက်သာသွားခဲ့သည်။

"ဟုတ်ပါတယ် အဘ၊ ကျွန်တော် ခြံထဲဝင်လာတော့ သေသေချာချာ ကြည့်ပါသေးတယ်၊ လူရိပ်လူယောင် မတွေ့လို့"

"ဟုတ်ပါပြီလေ၊ ဒါနဲ့ မောင်ရင်က ဘယ်သူလဲ"

"ကျွန်တော်က ဒီရပ်ကွက်မှာပါပဲ၊ ဟိုဘက်လမ်းထဲကို ပြောင်းလာတာ မကြာသေးလို့ အဘ မသိသေးတာ ဖြစ်ပါ လိမ့်မယ်၊ ကျွန်တော်က ဒေါက်တာ ငွေနှင်းပါ အဘ"

"ဩော်....မောင်ရင်က ဆရာဝန် တစ်ယောက်ကိုး"

"ဟုတ်ပါတယ် အဘ"

အဘိုးကြီးက ဘဝင်ကျသွားဟန်ဖြင့်ခေါင်းတညိတ်ညိတ် လုပ်လိုက်သည်။

"ဒေါက်တာက ဒီအုတ်ဂူနဲ့ ပတ်သက်ပြီး ဘာ စိတ်ဝင် စားတာလဲ"

"ကျွန်တော့်ကို မောင်ငွေနှင်းလို့ ရင်းရင်းနှီးနှီးခေါ် ပါလား အဘ၊ ကျွန်တော် စိတ်ဝင်စားတာက ဒီအုတ်ဂူထဲ က ဒေါ်သင်းထုံကိုပါပဲ"

ဒေါက်တာ ငွေနှင်း ပြောလိုက်သည့် စကားကြောင့် အဘိုးအိုသည် မျက်နှာ ပျက်သွားခဲ့သည်။

"ဩော်....မသင်းထုံအကြောင်း သိချင်တာကိုး"

"ဟုတ်ပါတယ် အဘ"

"အင်း....ဒါဖြင့်ရင်လဲ ပြောပြရတာပေါ့ မောင်ငွေနှင်းရယ်၊ လာ....လာ....ကျုပ်ရဲ့ တဲကလေးဆီ သွားကြရအောင်၊ ဟိုမှာ အကြမ်းကလေး ဘာလေးသောက်ရင်း စကားပြောကြရတာပေါ့"

အဘိုးကြီးက ဒေါက်တာငွေနှင်းကို လူကောင်း တစ်ယောက်မှန်း သိရသည်နှင့် အမူအရာများ ပြောင်းလဲသွားပြီး သူ၏ တဲကလေးသို့ ခေါ်ဆောင်သွားလေတော့၏။

●

## အခန်း (၉)

### အချစ်မမြဲသော မောင်ချစ်မြဲ

"ထိုင် မောင်ငွေနှင်း၊ ဟောဒီမှာ အကြမ်းလေး သောက် ပြီး အမောဖြေလိုက်ပါဦး"

အဘိုးကြီးက ဝှက်ပျောတောအတွင်းရှိ သူ၏ တဲငယ် ကလေးအတွင်းသို့ ခေါ်သွားပြီးနောက် နွတ်ခမ်းပဲ့နေ သော မြေကရားအိုးကြီးထဲမှ ရေနွေးကြမ်းများကို အကြမ်း ပန်းကန်တစ်လုံးထဲသို့ ထည့်၍ ရှေ့သို့ တိုးပေးလိုက်၏။

အကြမ်းပန်းကန်လုံး အတွင်းရှိ ရေနွေးကြမ်းများသည် သက်ဖက်ခြောက်များကျလျက် မည်းနက်သည့် အရောင် အဆင်း ရှိလေသည်။

ဒေါက်တာငွေနှင်းက သောက်ရန် တွန့်လျက်ရှိနေစဉ် အဘိုးကြီးက ထပ်မံ တိုက်တွန်းလိုက်ပြန်၏။

"သောက်လိုက်ပါဦး"

လူမှုရေးအရ မသောက်လျှင် ရိုင်းမည်စိုးသောကြောင့် ဒေါက်တာငွေနှင်းက ပြီးလျှင်ပြီးရော သဘောဖြင့် ဆေးခါးကြီး သောက်သကဲ့သို့ တစ်ငုံငုံ၍ သောက်လိုက်၏။

အမှန်တကယ်လည်း ဆေးခါးကြီး သောက်ရသကဲ့သို့ ခါးအံလွန်းလှသည်။

ဖူးခန့် မှတ်မထုတ်မိအောင် မနည်းကြီး သတိထားလိုက်ရသည်။

"ကျုပ်နာမည်က ဘိုးထွန်းလို့ ခေါ်တယ်ကွယ့် မောင်ငွေနှင်းရဲ့"

"ဟုတ်ကဲ့....အဘ"

ဒေါက်တာ ငွေနှင်းက အကြမ်းပန်းကန်လုံးကို ပြန်ချထားပြီး စကားထောက်ပေးလိုက်၏။

"ပြောရမယ်ဆိုရင်တော့ ကျန်ခဲ့တဲ့ အနှစ် နှစ်ဆယ်လောက်မှာ ဒီခြံကြီးထဲမှာ နှစ်ဆောင်ပြိုင် အိမ်ကြီးတစ်လုံး ရှိခဲ့တာပေါ့ မောင်ငွေနှင်းရယ်"

"အခု ဒီအိမ်ကြီးရဲ့ အစအနတောင် မတွေ့ရပါလား အဘ၊ ဘယ်လိုဖြစ်တာလဲ"

"ဟုတ်တယ်၊ မရှိတော့ဘူး၊ အားလုံးကို ရောင်းချလိုက်ရပြီ"

"ဗျာ...."



"ဒီလိုလေ မောင်ငွေနှင်း၊ အရင်တုန်းက ကျုပ်ပြောတဲ့ အိမ်ကြီးပိုင်ရှင်က ဦးဘိုးသင်တဲ့၊ ဦးဘိုးသင့်မှာ သူ သိပ်ချစ်ရတဲ့ သမီးကလေးတစ်ယောက် ရှိခဲ့တယ်၊ အဲဒါက တော့ မောင်ရင် သိပ်ပြီးသိချင်နေတဲ့ မသင်းထုံပဲကွယ့်"

"ဩော်...."

"ဦးဘိုးသင်က တစ်ဦးတည်းသော သမီးကလေး မသင်းထုံကို သိပ်ပြီး ချစ်ရှာတယ်၊ ချစ်လွန်းတော့လဲ အရိပ်တကြည့်ကြည့်နဲ့ပေါ့ မောင်ရင်ရယ်"

"ဟုတ်ကဲ့...."

"အဖေတစ်ခု သမီးတစ်ခု ဆိုတော့လဲ တစ်ယောက်နဲ့ တစ်ယောက် သံယောဇဉ် သိပ်ပြီးတွယ်ခဲ့ကြတာပေါ့၊ ဦးဘိုးသင်က ဆိုရင် သမီးလုပ်တဲ့သူကို မျက်စိအောက်ကအပျောက် မခံခဲ့ဘူး"

ဒေါက်တာငွေနှင်းက ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေသည်။

"ဒါပေမယ့် တစ်ချိန်မှာတော့ အဲသလို မျက်စိအောက်က အပျောက်မခံခဲ့တဲ့ ကြားမှာပဲ အရွယ်ရောက်လာခဲ့တဲ့ မသင်းထုံဟာ မောင်ချစ်မြဆိုတဲ့ သူငယ်နဲ့ လူငယ်ချင်း ရည်ငံခဲ့ကြတယ်၊ အဲဒီ မောင်ချစ်မြဆိုတဲ့ သူငယ်က ရုပ်ရည်ကလေး ချောမောသလောက် အလုပ်ကို လုံ့လကြောင်တင်းအောင် မလုပ်ချင်ဘူး၊ ပိုဆိုးတာက သူက အရက်ကို စွဲစွဲလမ်းလမ်း သောက်တတ်နေတာပဲကွယ့်....

"အဲဒီအတွက် ဦးဘိုးသင်က သူ့သမီးနဲ့ သဘောမတူဘူး ဆိုပေမယ့် ယတိပြတ် မပေးစားတာတော့ မဟုတ်ပါဘူး၊ သူတို့သတင်းကိုရတာနဲ့ ကျုပ်ကို မောင်ချစ်မြနဲ့ သွားပြီး တွေ့ခိုင်းတယ်၊ အဲ....ကျုပ်က ဦးဘိုးသင်ရဲ့ ညီအငယ်ဆုံးကွယ့်၊ အစ်ကိုကြီးက အကြီးဆုံးဆိုတော့ ကျုပ်နဲ့ ဦးဘိုးသင်ဟာ အနှစ် နှစ်ဆယ်လောက်ကို အသက်ကွာတယ်"

"ဒါဆို ဒေါ်သင်းထုံနဲ့ အဘ အသက်ချင်း သိပ်ပြီးမကွာကြဘူးပေါ့"

"ဟုတ်တယ် မောင်ငွေနှင်း၊ လေး ငါး ခြောက် နှစ်လောက်ပဲ ကျုပ်က ကြီးလိမ့်မယ်၊ ကျုပ်တို့ချင်းက တူဝရီးဆိုပေမယ့် အသက်သိပ်မကွာဘူး၊ မသင်းထုံဆုံးတော့ ကျုပ်အသက် ငါးဆယ်ကျော်ပဲရှိသေးတယ်၊ ကျုပ်မှာလဲ ရွာရွားပါးပါး ဒီတူမလေး တစ်ယောက်တည်းရှိတာဆိုတော့ အစ်ကိုကြီးထက် မလျော့အောင် ချစ်ပါတယ်"

"ဟုတ်ကဲ့....ပြောပါဦးအဘ"

"ဒီတော့ ကျုပ်တူမလေးနဲ့ တစ်သက်လုံး လက်တွဲသွားရမယ့် မောင်ချစ်မြဆိုတဲ့ သူငယ်ကို အစ်ကိုကြီး စိတ်ဝင်စားသလို ကျုပ်လဲ စိတ်ဝင်စားတယ်၊ အစ်ကိုကြီးက သွားတွေ့ခိုင်းတော့ သွားတွေ့ပါတယ်"

"တွေ့တော့ ဘာတွေပြောကြသလဲ အဘ"

"ဩော်....ကျုပ် တူမလေး မသင်းထုံကို မောင်ရင်တကယ်ချစ်မြတ်နိုးတယ်ဆိုရင် နံပါတ်တစ်အချက်က အရက်ဖြတ်ပါ၊ နှစ်အချက်က အလုပ်ကိုကြိုးစားလုပ်ပါ၊ တန်ဖိုး



ရှိတဲ့ အချိန်တွေကို အရက်ဆိုင် သွားမဖြုန်းပါနဲ့၊ အဲဒီစကားကို သုံးလတိတိလိုက်နာခဲ့ရင် ကျုပ်တို့ တူမလေးနဲ့ သဘောတူ ပေးစားပါ့မယ်ဆိုပြီး ဆွေးနွေးတာပါ"

"မောင်ချစ်မြက လက်ခံသလား အဘ"

ဦးဘိုးထွန်းက ခေါင်းကို ယမ်းခါပစ်လိုက်သည်။

"ကျုပ်တူမလေး သိပ်ပြီး သနားစရာ ကောင်းရှာပါတယ် မောင်ငွေနှင်းရယ်၊ အဲဒီမောင်ချစ်မြဆိုတဲ့ကောင်က လိုက်နာနိုင်ဘူးဆိုပြီး ခါးခါးသီးသီး ငြင်းခဲ့တယ်လေ"

"သူက ငြင်းတယ်လား"

"ဟုတ်တယ်....မောင်ငွေနှင်း စဉ်းစားကြည့်ပေါ့၊ မိန်းကလေးတစ်ယောက်ကို မြတ်မြတ်နိုးနိုး ချစ်ခင်တွယ်တာနေတဲ့ သူဆိုရင် အဲဒီလို ခါးခါးသီးသီး ငြင်းပါ့မလား၊ သူ မသင်းထုံကို တကယ်မချစ်လို့သာပေါ့"

"အဲဒီတော့"

"အဲဒီတော့ ကျုပ်အစ်ကို ဦးဘိုးသင်ဆိုတဲ့ လူကလူဖြောင့်၊ လူဖြောင့်ဆိုတော့ စကားပုံအတိုင်းသဲခလ စိတ်ကိုတော့တာပေါ့၊ အစ်ကိုကြီးက သူလဲ ဘယ်သူ့မှမတရားလုပ်ဘူး၊ သူ့ကို မတရားလုပ်လာတယ်ထင်ရင်လဲ ဘယ်တော့မှ လျှော့မပေးတတ်ဘူး၊ မောင်ချစ်မြဆီက ခါးခါးသီးသီး ငြင်းလွှတ်လိုက်တဲ့ အဖြေလဲရရော ထုံးစံအတိုင်း သင်းထုံကို တံခါးပိတ်ထားလိုက်တော့တာပဲ"

"ဘယ်မှမထွက်ရ၊ မသွားရ အမိန့်ထုတ်တာပေါ့နော်"

"ဟုတ်တယ်....မောင်ငွေနှင်း၊ အဲဒီတာဝန်ကို ကျုပ်ကိုပဲ ပေးတယ်၊ သူ့ကို နေ့စဉ်နဲ့အမျှ စောင့်ကြည့်ရတာလေ၊ တကယ်လို့ မသင်းထုံသာ အဲဒီကောင်နောက် ပါသွားခဲ့ရင်လဲ ကျုပ်ပါ အိမ်ကြီးပေါ်က ဆင်းရမယ်လို့ ရာဇသံ ထုတ်ထားတယ်၊ အဲဒီကောင် အိမ်ရိပ်ကိုနင်းတာနဲ့ အပြတ်ရှင်းဖို့ ဟောဒီငှက်ကြီးတောင် ဓားကြီးကို ဆောင်ထားခိုင်းတယ်"

ဦးဘိုးထွန်းက နံဘေးတွင်ချထားသည့် ငှက်ကြီးတောင်ဓားရိုးကို တင်းတင်းကျပ်ကျပ် ကိုင်ရင်းက ပြောလိုက်၏။

ဦးဘိုးထွန်း၏ မျက်ဝန်းအိမ်ထဲတွင် မျက်ရည်ကြည်များ ရစ်ဝဲလာသည်ကို ကြည့်၍ သူ့ရင်ထဲတွင် မည်မျှ ခံစားနေရကြောင်း ရိပ်စားမိလိုက်သည်။

"အဲဒီအချိန်မှာ အဲဒီကောင် ရောက်လာခဲ့ရင် ကျုပ် သူ့ကို အသေခုတ်သတ်မိမှာ သေချာတယ် မောင်ငွေနှင်း ဒါပေမယ့် ဒီကောင် ကံကောင်းသွားတယ်"

"သူ ရောက်မလာဘူး ဆိုပါတော့"

"ဟုတ်တယ်....ဘယ်တော့မှ ရောက်မလာခဲ့ဘူး၊ တကယ် မချစ်လို့ ငြင်းပယ်ခဲ့တဲ့ သူတစ်ယောက်ပဲ မောင်ငွေနှင်း ရယ်၊ စွန့်စွန့်စားစား သူဘယ်ရောက် လာတော့မလဲ ကျုပ်တူမလေး မသင်းထုံမှာသာ ဒူးနဲ့မျက်ရည်သုတ်ရပြီး တငိုငို တရယ်ရယ်နဲ့ ကြာတော့ နှလုံးသွေးပျက်ပြီး စိတ်မနှံ့ အောင် ဖြစ်သွားရတဲ့ အထိပဲကွယ်"



ပြောရင်း ပြောရင်း ဦးဘိုးထွန်းက အသံများတိမ်ဝင်သွားပြီး ပါးပြင်ပေါ်သို့ မျက်ရည်များ စီးဆင်းကျလာခဲ့လေသည်။

သူမေးမြန်းခဲ့မှုကြောင့် အိုကြီးအိုမအရွယ်ကြီး မျက်ရည်ကျရသည်ကိုကြည့်ပြီး ဒေါက်တာငွေနှင်း စိတ်မကောင်းဖြစ်မိသည်။

"ကျွန်တော့်ကြောင့် အဘခုလို အဟောင်းတွေအသစ်ဖြစ်ကုန်ရတာကို စိတ်မကောင်းပါဘူး အဘ၊ ကျွန်တော် တောင်းပန်ပါတယ်"

"ကိစ္စမရှိပါဘူး မောင်ငွေနှင်း၊အဘအနေနဲ့ နှစ်ပေါင်းများစွာ ရင်ထဲမှာသိမ်းထားခဲ့ရတဲ့ ဇာတ်ကြောင်းကို ပြောခွင့်ရလိုက်တော့လဲ ရင်ထဲမှာ နည်းနည်းပေါ့သွားသလိုပဲ၊ လက်စနဲ့ဆက်ပြီး ပြောရဦးမယ်"

"ဟုတ်ကဲ့၊ ပြောပါဦးအဘ"

"အဲသလို ကျုပ်တူမလေး မသင်းထုံ စိတ်ဖောက်ပြန်သွားတော့ သူ့အဖေ ကျုပ်အစ်ကို ဦးဘိုးသင်လဲ သူ့စိတ်နဲ့ အိမ်ရာထဲလဲတော့တာပေါ့၊ အဲဒီအချိန်မှာ ကျုပ်ကို မှာရှာတယ်၊ သူ့သမီးလေးကို ကြင်ကြင်နာနာနဲ့ ပြုစုပေးဖို့၊ စောင့်ရှောက်ဖို့ပေါ့၊ ကျုပ်လဲ စောင့်ရှောက်ပါ့မယ်ဆိုတဲ့ ကတိပေးခဲ့တယ်၊ ဖြစ်ချင်တော့ အစ်ကိုအိပ်ရာထဲ

လွဲတဲ့နှစ်မှာပဲ စီးပွားရေးတွေ ကျလာခဲ့တယ်၊ ကျုပ်ကထဲ အစ်တို့အလုပ်တွေကို နားမလည်တော့ ကူမလုပ်နိုင်ခဲ့ဘူး"

ဒေါက်တာငွေနှင်းက ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"စီးပွားမရှာခဲ့ဘဲ အစ်ကိုနဲ့ပဲနေ၊ အစ်ကိုခိုင်းသမျှပဲ လုပ်တတ်ခဲ့တဲ့ ကျုပ်အနေနဲ့လဲ စိတ်မနှံ့တဲ့ တူမလေးကို ကျွေးမွေးပြုစုနိုင်ဖို့ အိမ်မှာရှိတဲ့ ပစ္စည်းတွေ ရောင်းချပြီး အသက်မွေးခဲ့ရတယ်၊ တစ်စတစ်စနဲ့ ရှိသမျှပစ္စည်းတွေ ကုန်စင်သွားတဲ့ အခါကျတော့ အခု မောင်ရင်မြင်ရတဲ့ အတိုင်း အိမ်ကြီးတစ်လုံးလုံးကိုပါ ရောင်းချလိုက်ရတဲ့အထိ ပါပဲကွယ်၊ အဲ....မသင်းထုံကတော့ ဒီအိမ်ကြီးမရောင်းခင် နှစ်ကလေးမှာပဲ ဆုံးသွားရှာတယ်၊ မဆုံးခင်မှာလဲ အစား မမှန် အသောက်မမှန်နဲ့ တပိန်ပိန် တလိန်လိန် ဖြစ်သွားခဲ့ရရှာတာပေါ့ကွယ်"

"စိတ်ထောင်းတော့ ကိုယ်ကြေဆိုတာမျိုးပေါ့ အဘရယ်"

"ဟုတ်တယ်၊ညညဆိုရင် တချွတ်ချွတ်နဲ့မအိပ်သလောက် ပါပဲ၊ အထူးသဖြင့် လသာတဲ့ညတွေမှာဆိုရင် အဲဒီကုက္ကိုပင်ကြီးအောက်နား သွားသွားပြီး လမင်းကြီးကို မော့မော့ ကြည့်နေလေ့ရှိတယ်၊ နောက်ဆုံး သူဆုံးခါနီးအထိ အဲဒီ နေရာကလေးကို အမြဲသွားသွားနေတတ်တယ်၊ ဒါကြောင့်



ဲ သူဆုံးတဲ့အခါကျတော့ သူနှစ်သက်တဲ့ နေရာကလေးမှာ ဲ အုတ်ဂူကလေးနဲ့ သူ့ကိုထားခဲ့တာပေါ့ကွယ်"

ဦးဘိုးထွန်းက စကားဆုံးသောအခါ သက်ပြင်းရှည်ကြီး ချလိုက်သည်။

"သူ့အုတ်ဂူကလေးကို မပျက်စီးရအောင်လဲ အဘပဲ စောင့်ရှောက် ပေးနေရတာပေါ့နော်"

"ဟုတ်တယ်၊ ကျုပ်လဲ မရှိမဲ့ရှိမဲ့ကြားထဲက ကျုပ်တူမ အုတ်ဂူလေးကို မပျက်စီးရအောင် တစ်နှစ်တစ်ကြိမ် ဆေး သုတ် သုတ်ပေးနေရတယ်လေကွယ်"

အခုတစ်ကြိမ်တွင်မူ ဒေါက်တာငွေနှင်းပါ သက်ပြင်း ချလိုက်မိသည်။

"အင်း....အဘလဲ မလွယ်ဘူးနော်"

"ဟုတ်တယ် မောင်ငွေနှင်း၊ ကျုပ်လဲဘဝတစ်လျှောက် လုံးမှာ ဒီအစ်ကို၊ ဒီတူမလေးအတွက်နဲ့ စိတ်ပူပင်သောက ရောက်ခဲ့ရတယ်၊ ကျုပ်ရဲ့ တစ်ကိုယ်ရေခံစားမှု သောက ဆိုတာမှ မရှိပါဘူး၊ သူတို့နဲ့ ပတ်သက်တဲ့ ကျုပ်ရဲ့ဝဋ်ကြွေး လို့လဲ ဆိုရတော့မှာပေါ့၊ တကယ်ဆိုရင် ဒီအချိန်မှာ ကျုပ် တစ်ယောက်တည်းပဲ ကျန်တော့တယ်၊ဒီခြံကြီးကို သင့်တော် တဲ့ဈေးနဲ့ ရောင်းချပြီး ဘုန်းကြီးကျောင်း တစ်ကျောင်းမှာ ပဲဖြစ်ဖြစ်၊ ဆွေမျိုးနီးစပ်တွေဆီမှာပဲဖြစ်ဖြစ် အဖော်သဘဲ လေးနဲ့ နေသင့်တဲ့အရွယ်ပေါ့"

"ဟုတ်သားပဲ အဘ၊ မမာမကျန်းမဖြစ်ခင် အဲဒီအစ အစဉ်ကလေး လုပ်သင့်တာပေါ့"

ဦးဘိုးထွန်းက ခေါင်းကို ခါယမ်းပစ် လိုက်သည် ပြီးနောက် ငိုသံပါ၍ တုန်ယင်သောအသံဖြင့် ပြောသည်။

"မလုပ်ပါနဲ့ မောင်ရင်ရယ်၊ မလုပ်လိုက်ပါနဲ့၊ ကျုပ် ကျုပ် ဒီခြံကြီးကို ရောင်းလိုက်တာနဲ့ နောက် ဝယ်မယ့်သူ တွေက ဒီခြံကြီးကို ရှင်းလင်းကြလိမ့်မယ်၊ ကျုပ် တူမလေး မသင်းထုံ့ရဲ့ အုတ်ဂူကိုလဲ ဖြိုပစ်ကြလိမ့်မယ်၊ ဒါဆိုရင် ကျုပ်အစ်ကိုရဲ့ စကားကို ကျုပ် ပယ်ရှားလိုက်သလို ဖြစ် သွားမယ်၊ ကျုပ် ကတိကို ကျုပ် ဖျက်လိုက်သလို ဖြစ်သွား မယ်၊ တူမလေးကို မျက်နှာလွှဲ ခဲပစ် လုပ်ရာ ကျလိမ့်မယ် မောင်ငွေနှင်းရယ်၊ မဖြစ်ဘူး....မဖြစ်ဘူး၊ ဒီလိုလုပ်ဖို့ ဘယ် နည်းနဲ့မှ မဖြစ်နိုင်ပါဘူး"

ဦးဘိုးထွန်းသည် ခေါင်းတယမ်းယမ်း လည်တခါခါဖြင့် ပြောလိုက်သည့် အတွက် ဆရာဝန်ရင့်မကြီး ဒေါက်တာ ငွေနှင်း၏ ရင်ထဲတွင် နာကျင်သွားမိ၏။

"အင်း....ဟုတ်တာပေါ့ အဘရယ်"

မတတ်သာသည့်အဆုံးတွင် သူက စလိုက်စလျော ပြော လိုက်ပြီး နေရာမှ ထ လိုက်သည်။

"ပြန်တော့မလို့လား မောင်ငွေနှင်း"



"ကျွန်တော် သိချင်တာကို ရှင်းပြတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ် အဘ"

ဦးဘိုးထွန်းကလည်း တင်ပျဉ်ခွေ ထိုင်နေရာမှ နေရာက ထရပ်လိုက်သည်။

"ဪ....ဒါနဲ့ ကျုပ် မရှင်းလို့ မေးကြည့်ပါဦးမယ်"

"ဟုတ်ကဲ့....မေးပါ အဘ"

"ဒီလိုလေ၊ မောင်ငွေနှင်းက မသင်းထုံ့ရဲ့ အကြောင်းကို သိချင်တာက ဘာရည်ရွယ်ချက်နဲ့လဲ"

"ဒီလိုပါ အဘရယ်၊ ဒီအုတ်ဂူကလေးက သင်္ချိုင်းမြေမှာ မဟုတ်ဘဲ လူနေတဲ့ဝန်းကျင်မှာ ရှိနေတာဆိုတော့ စိတ်ဝင် စားပြီး မေးကြည့်မိတာပါ၊ ကျွန်တော်က ဘာရယ် မဟုတ် ဘူး၊ ဟိုစပ်စပ် ဒီစပ်စပ် လေ့လာရတာ ဝါသနာ ပါ လို့ပါ"

"ဪ....ဪ၊ နေဦး မောင်ရင်၊ ကျုပ် ခြံဝအထိ လိုက်ပို့ပါ့မယ်"

ဦးဘိုးထွန်းက နောက်နားဆီမှ လျှောက်လာခဲ့ လေ သည်။

ခြံကျယ်ကြီးထဲမှ ခြံဝင်းအပြင်သို့ အတန်ကြာ လျှောက် လာခဲ့ရသည်။

အမှတ်တမဲ့ မှုန်မှုန်တို့ ခြံဝင်းအတွင်းသို့ လှမ်းကြည့်မိ သောအခါ အပေါ် ပြတင်းတံခါးကိုဖွင့်လျက် မိန်းကလေး

တစ်ယောက် ရပ်နေသည်ကို တွေ့လိုက်ရသဖြင့် ဒေါက်တာငွေနှင်း၏ ခြေလှမ်းများ တုံ့ခနဲ တန့်ရပ်သွားမိသည်။

ထို့နောက် ပြတင်းပေါက်တွင် မြင်ရသည့် မိန်းကလေးသဏ္ဌာန်ကို သေသေချာချာ ကြည့်လိုက်သောအခါ မှုန်မှုန်ဖြစ်နေသည်ကို တွေ့ရလေ၏။

"ဘာလဲ မောင်ငွေနှင်း၊ မောင်ရင် ဘာကို ကြည့်တာလဲ"

"ဩော်....ဟိုဘက်ခြံက အပေါ်ထပ်မှာ မိန်းကလေးတစ်ယောက် ရပ်နေတာ တွေ့ရလို့ပါ"

ဒေါက်တာငွေနှင်း၏ စကားကြောင့် ဦးဘိုးထွန်းကလည်း လိုက်ကြည့်လိုက်သည်။

"ဩော်....ဒီ မိန်းကလေးကိုး...."

ဦးဘိုးထွန်းက ရေရွတ်လိုက်သဖြင့် ဒေါက်တာငွေနှင်းတအံ့တဩ ဖြစ်သွားမိသည်။

"အဘက သူ့ကို သိနေလို့လား"

"နာမည်တွေ ဘာတွေတော့ မသိပါဘူးကွယ်၊ သူကဒီလိုပဲ အဲဒီ ပြတင်းပေါက်က ရပ်ရပ်ပြီး ဒီဘက် ခြံကိုအမြဲလိုလို လှမ်းလှမ်းကြည့်နေတတ်တယ်၊ လသာတဲ့ညတွေများဆို ညဘက်ကြီးတောင် အဲဒီ ပြတင်းနားမှာ ရောက်ရောက်နေတယ်၊ ထူးခြားတာက...."



"ပြောပါဦး အဘ၊ ဘာများထူးခြားတာရှိလို့လဲ"

"ကျုပ်ကပဲ စိတ်ထင်တာလား၊ တကယ်ပဲ တူနေတာလားတော့ မသိဘူး၊ အဲဒီ မိန်းကလေးရဲ့ ပုံပန်းသဏ္ဌာန်ဟာ ကျုပ်တူမလေး မသင်းထုံရဲ့ ပုံစံဟန်ပန်နဲ့ တော်တော်တူတယ်"

"ဗျာ...."

"ဟုတ်တယ် မောင်ငွေနှင်း၊ ကျုပ် တူမလေးလဲ အဲဒီအရွယ်တုန်းက အဲဒီ အတိုင်းပဲ၊ ပြင်ပြင်ဆင်ဆင် ဖြီးဖြီးလိမ်းလိမ်း မရှိဘူး၊ ခေါင်း စုတ်ဖွားနဲ့ နေချင်ရင်လဲ နေတာပဲ"

ဒေါက်တာငွေနှင်းက သက်ပြင်းရှိုက်လိုက်သည်။

"မောင်ရင်ကော အဲဒီ မိန်းကလေးနဲ့ သိလား"

ဒေါက်တာငွေနှင်းက အမှန်အတိုင်း ပြောရင် ကောင်းမကောင်း ချိန်ဆနေမိသည်။

ပြီးမှ ချက်ချင်း ဆုံးဖြတ်ချက်ချလျက်....

"ဒီလိုပါ အဘ၊ တစ်ရပ်ကွက်သားတည်း ဆိုတော့အလှူတွေ ဘာတွေမှာ တွေ့ဖူးနေတာပေါ့"

သူ့အဖြေကို သူ့ဘာသာ ကျေနပ်သွားသည်။

သက်သက် လိမ်လည် ပြောဆိုရာလည်း မကျ။ ဖြီးဖြီးပျောက်ပျောက်လည်း ဖြစ်သွားနိုင်သည့် အဖြေမျိုး ဖြစ်သည်။

"ဩော်...."

ဦးဘိုးထွန်းက ဩော် တစ်လုံးတည်းသာ ရေရွတ်လိုက်ပြီး ဘာမှထပ်မမေးတော့သဖြင့် ဒေါက်တာငွေနှင်းက သက်ပြင်းကို ခိုးရှိုက်လိုက်မိသည်။

"အခုလို ကျွန်တော့်ကို အနှောင့်အယှက်ခံပြီး လက်ခံညှော်ခံတာ၊ ဒေါ်သင်းထုံအကြောင်း စိတ်ရှည်လက်ရှည်ရှင်းပြတာ၊ ခုလိုရင်းရင်းနှီးနှီး ခြံဝအထိလိုက်ပို့တာတွေ အားလုံးအတွက် ကျေးဇူးတင်ပါတယ် အဘ၊ ကျွန်တော် ဟိုဘက်လမ်းမှာ နေပါတယ်၊ အဘရဲ့ ကျန်းမာရေးနဲ့ပတ်သက်တဲ့ကိစ္စ၊ အို.... ဘာအကူအညီလိုလို ကျွန်တော့်ဆီလာခဲ့ပါအဘ၊ ဒေါက်တာငွေနှင်း အိမ်ဆိုရင် လူတိုင်းသိကြပါတယ်"

"ကောင်းပါပြီကွယ်၊ ကျေးဇူးတင်ပါတယ် မောင်ငွေနှင်း"

ဒေါက်တာငွေနှင်းက ဦးဘိုးထွန်းကို နှုတ်ဆက်ပြီး ပြန်လျှောက်လာခဲ့၏။

ဦးဘိုးထွန်းပြောပြသော ဒေါ်သင်းထုံ၏ဇာတ်လမ်းသည် စိတ်မကောင်းစရာ ဇာတ်လမ်းတစ်ပုဒ် ဖြစ်နေခြင်းကြောင့် ဒေါက်တာငွေနှင်း ရင်ထဲမှာ ခံစားလာရသည်။

မှုန်မှုန်နှင့် ဒေါ်သင်းထုံ မည်သို့ပတ်သက်သနည်း။



မှုန်မှုန်သည် ဒေါ်သင်းထုံ ဝင်စားသူပင်လော။

သို့တည်းမဟုတ် ဒေါ်သင်းထုံ၏ ဝိညာဉ်က မှုန်မှုန်တွင် ဝင်ရောက်ပူးကပ်နေသလော။

သို့တည်းမဟုတ်....

အတွေးများက တစ်ခုပြီးတစ်ခု ပေါ်လာသည်။ ဘာဆက်လုပ်သင့်သည်ကို ပြန်စဉ်းစားရသည်။

●

# အခန်း (၁၀)

## မြေချောအခုံ

"အင်း.... ဒီလိုဆိုရင်တော့ ဒေါ်သင်းထုံဆိုတာ သနားစရာ တော်တော်ကောင်းတဲ့ အမျိုးသမီးကြီးပဲပေါ့ နော် ငွေနှင်း"

ဒေါက်တာရဲထွန်းက ဒေါက်တာငွေနှင်း ပြောပြသမျှ ခိတ်ဝင်စားစွာနားထောင်ပြီး မှတ်ချက်ချလိုက်လေ၏။

"ဟုတ်တယ် ရဲထွန်း၊ ဒေါ်သင်းထုံဟာ သနားစရာ ကောင်းတယ်၊ သူ့ခမျာ ဘဝတစ်လျှောက်လုံး စိတ်မနှံ့တဲ့သူ အဖြစ်နဲ့ နေသွားပြီး ဇာတ်သိမ်းသွားရရှာတယ်၊ သူ့အဖေ ဦးဘိုးသင်ကလဲ သူ့စိတ်နဲ့ပဲ ဆုံးသွားရတာဆိုတော့ သူလဲ သနားစရာပါပဲ"

“အေး.... ဟုတ်တယ် ငွေနှင်း၊ ဒါပေမယ့် အခု သနားစရာ အကောင်းဆုံးက သူ့ဦးလေး အုတ်ဂူစောင့်ကြီး ဦးဘိုးထွန်းဖြစ်နေတာပေါ့၊ မဟုတ်ဘူးလား၊ အိုကြီးအိုမ ရောက်တဲ့အထိ တရားဘာဝနာ အားမထုတ်ရသေးဘဲ မရှိတော့တဲ့ တူမရဲ့အုတ်ဂူကို စောင့်ရှောက်ပေးနေရတယ် ဆိုတော့....”

“ဟုတ်တယ်၊ ငါလဲ သူ့ကို တော်တော်သနားမိတယ်ကွ၊ ဒါကြောင့်လဲ လိုအပ်တဲ့အကူအညီရှိရင်အကူအညီတောင်းဖို့ သေသေချာချာ ပြောခဲ့သေးတယ်”

“နောက်ထပ် မင်း သနားရမယ့် လူတစ်ယောက်ကိုလဲ မေ့မထားနဲ့ဦးလေ”

“မှုန်မှုန့်ကို ပြောတာလား”

“သူ့အပြင် ဘယ်သူရှိဦးမှာလဲ”

“မင်း ဘယ်လိုသဘောရသလဲ ငွေနှင်း၊ ဦးဘိုးထွန်း ပြောပြတဲ့ထဲမှာ မှုန်မှုန်က ဒေါ်သင်းထုံနဲ့ တော်တော်တူတယ်ဆို”

“အင်း.... ငါလဲ အဲဒါကိုစဉ်းစားနေရတာပဲ၊ ဒါပေမယ့် မှုန်မှုန်နဲ့ သူတွေ့နေရတဲ့ နေရာနဲ့ တော်တော်လှမ်းတယ်၊ ဆင်ရုံပဲ ဆင်တာလဲ ဖြစ်နိုင်တယ်”

“ခုနှစ်သက္ကရာဇ်တွေ ညှိနှိုင်းကြည့်ပြီးပြီလား”



“အင်း.... ကြည့်တယ်”

“လူဝင်စားတွေဘာတွေ ဖြစ်နိုင်သလား”

“ဒေါ်သင်းထုံက ကျန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်က ဆုံးသွားခဲ့တာဆိုတော့ လူဝင်စားဖြစ်မယ်ဆိုရင်လဲ ဖြစ်နိုင်တာပဲ”

“တကယ်လို့ လူဝင်စားဖြစ်မယ်ဆိုရင် မှုန်မှုန်က ဦးဘိုးထွန်းတို့ မိသားစုအကြောင်း၊ အဲ....ဒေါ်သင်းထုံတို့ အဖြစ်အပျက်တွေကို သိနေရမှာပေါ့၊ မဟုတ်ဘူးလား”

ဒေါက်တာငွေနှင်းက ခေါင်းဆတ်ညိတ်လိုက်သည်။

“သိချင်လဲ သိမယ်၊ သိချင်မှလဲ သိမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ငါ လေ့လာဖူးတဲ့အထဲမှာ လူဝင်စားတွေဟာ သူတို့ရဲ့ တစ်ဖက် ဘဝအကြောင်းကို လူမမည်အရွယ် ကလေးဘဝ သုံး လေးနှစ်အရွယ်မှာပဲ သေသေချာချာ စုံစုံလင်လင် ပြန်ပြောနိုင်ကြတာ သူငယ်ချင်းရဲ့၊ တဖြည်းဖြည်း ကြီးပြင်းလာတာနဲ့အမျှ တစ်ဖက်ဘဝအကြောင်းတွေကို မေ့ပျောက်သွားတတ်ကြတယ်၊ ဆယ့်ရှစ်နှစ်, နှစ်ဆယ် အရွယ်ရောက်လာတဲ့ မှုန်မှုန်တို့လို အရွယ်ကျတော့ တချို့ဆိုရင် လုံးဝတောင် မမှတ်မိကြတော့ဘူး”

“ဘာပဲဖြစ်ဖြစ် မှုန်မှုန့်ကိုတော့ မင်း ဒေါ်သင်းထုံအကြောင်း မေးကြည့်သင့်တယ် ထင်တာပဲ”

“သူက စိတ်မမှန်တဲ့သူကွ”

"ဟုတ်ပြီလေ၊ စိတ်မမှန်တာ ရိုးရိုးမဟုတ်ဘဲ ငါထင်သလို လူဝင်စားဖြစ်နေခဲ့မယ်ဆိုရင်ပေါ့ကွာ၊ ဘဝ အဆက်ဆက်ဆိုတာ လက်ခံရင် လူဝင်စားဆိုတာကို လက်ခံကြမှာပဲ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်၊ ငါလဲ လက်မခံဘူးလို့ ပြောနေတာမှ မဟုတ်တာ၊ ဗုဒ္ဓဘာသာမှန်ရင်၊ ဘဝသံသရာကို ယုံကြည်ရင် လူဝင်စားရှိတယ်ဆိုတာကို ယုံရမှာပေါ့၊ တချို့ ဆုတောင်းကောင်းခဲ့ရင်၊ ဒါမှမဟုတ် ပါရမီ ရင့်ခဲ့ရင် ဇာတိဿရဉာဏ်လို့ခေါ်တဲ့ အရင်ဘဝအကြောင်းကို မှတ်မိတဲ့ ဉာဏ် ရတတ်တာပဲ"

"အဲ…နောက်တစ်ခုက ဒေါ်သင်းထုံရဲ့ ဝိညာဉ်ပူးကပ်နေတာ၊ အဲဒါမျိုးလဲ ဖြစ်နိုင်တာပဲ ငွေနှင်း"

ဒေါက်တာ ငွေနှင်းက ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"ဒါကိုလဲ ငါ ထည့်သွင်း စဉ်းစားကြည့်ပါ့မယ်၊ မင်းပြောသလို လောကကြီးမှာ မဖြစ်နိုင်တာ မရှိဘူး၊ မဖြစ်သေးတာဘဲ ရှိတယ်ဆိုတဲ့ ရှုထောင့်ကပေါ့ကွာ၊ အဲ… နောက်ဆုံး တစ်ချက်ကတော့ စိတ်ပိုင်းဆိုင်ရာနဲ့ ဆက်နွှယ်တဲ့ ကိစ္စပဲ၊ အဲဒီ သုံးချက်ကို လေ့လာကြည့်ရမှာပဲ သူငယ်ချင်း"



"ဟုတ်ပြီ၊ မင်းရဲ့ ငွေနှင်းမှုန်မှုန် စစ်ဆင်ရေးကြီးကို စောင့်ကြည့်ရမှာပဲ သူငယ်ချင်း"

"ဘာလဲကွ၊ ငွေနှင်းမှုန်မှုန် စစ်ဆင်ရေးဆိုတာ"

ဒေါက်တာ ငွေနှင်းက ပြူးတူးပြဲတဲဖြင့် မေးလိုက်၏။

"ဘာရမှာလဲ ငွေနှင်းရာ၊ ရှင်းပါတယ်၊ ဒေါက်တာ ငွေနှင်းဆိုတဲ့ မင်းက မှုန်မှုန်ဆိုတဲ့ စိတ်ဝေဒနာရှင်လေးကို ကူညီကုသပေးတာဟာ ငွေနှင်းမှုန်မှုန် စစ်ဆင်ရေးကြီးပဲပေါ့ကွာ၊ မဟုတ်ဘူးလား၊ ဟား…ဟား…ဟား"

ဒေါက်တာ ရဲထွန်းက ရယ်ချလိုက်သဖြင့် ဒေါက်တာ ငွေနှင်းလည်း ရောယောင်ပြီး လိုက်ရယ်လိုက်ရသည်။

သို့သော်လည်း ရင်ထဲတွင် အမှန်တကယ် ပေါ့ပါးသွားနိုင်သည် မဟုတ်သေးချေ။

* * *

ညနေဘက်သို့ ရောက်သောအခါ ဒေါက်တာငွေနှင်းသည် ဒေါက်တာရဲထွန်းအိမ်မှတစ်ဆင့် အပြန်တွင် သူ၏ ကားကလေးဖြင့် မှုန်မှုန်တို့ အိမ်ဘက်သို့ လှည့်ဝင်လာခဲ့သေး၏။

ဒေါက်တာငွေနှင်း မှုန်မှုန်တို့အိမ်သို့ ရောက်သွားသော အခါ အိမ်တွင် ဦးဖေခင်မရှိချေ။ ဒေါ်ရွှေခင်ကသာ ခရီး ဦးကြိုပြုခဲ့သည်။

"ဦးကော....ဒေါ်ဒေါ်"

"ကိုကိုက အလုပ်ကိစ္စ အရေးကြီးလို့ ဒီကနေ့ည နောက် ကျလိမ့်မယ်ကွယ့်"

"မှုန်မှုန်ကော"

"ထုံးစံအတိုင်း သူ့အခန်းထဲက ဘယ်မှ မထွက်ပါဘူး မောင်ငွေနှင်းရယ်"

"အဲဒါ သိပ်မကောင်းဘူး ဒေါ်ဒေါ်၊ စိတ်ပြေ လ ပျောက် အပြင်လေးဘာလေးထွက်၊ ခြံထဲမှာ လေကောင်း လေသန့်ရှူ လုပ်သင့်တယ်"

ဒေါက်တာ ငွေနှင်း၏ စကားကြောင့် ဒေါ်ရွှေခင် သက် ပြင်း တစ်ချက် ရှိုက်လိုက်သည်။

"အင်း....မှုန်မှုန်က မှုန်မှုန်မဟုတ်တော့ဘဲ ဒေါ်သင်းထုံ ဖြစ်နေတော့ ခက်တာပေါ့ မောင်ငွေနှင်းရယ်"

ဒေါ်ရွှေခင်က ပြောမှပင် ဒေါ်သင်းထုံ ဖြစ်နေသော မှုန်မှုန့်အကြောင်းကို စဉ်းစားဖြစ်သည်။

"အင်း....ဟုတ်သားပဲ၊ ဆောရီး ဒေါ်ဒေါ်၊ အဲ....အဲ ကျွန်တော် မှားသွားလို့ ပြောမိတာပါ ဒေါ်ဒေါ်၊ စိတ်



ပါနဲ့၊ ကျွန်တော် အဲဒီ ဒေါ်သင်းထုံဆိုတဲ့ မိန်းမကြီးရဲ့ သဲလွန်စ ရခဲ့ပါပြီ"

"ဘာပြောတယ် မောင်ငွေနှင်း၊ ဒေါ်သင်းထုံရဲ့ သဲ လွန်စ ဟုတ်လား"

"ဟုတ်ပါတယ်၊ ဪ....ဒါနဲ့ ဒေါ်ဒေါ် ဟိုဘက်ခြံထဲ ကို မရောက်ဖူးဘူးလား"

ဒေါ်ရွှေခင်က ခေါင်းကို သွက်သွက်ပါအောင် ယမ်းခါ လိုက်သည်။

"ကြံကြီးစည်ရာ မောင်ငွေနှင်းရယ်၊ အလုပ်မရှိ အလုပ် ရှာပြီး ဘာသွားလုပ်ရမှာလဲ"

"ဪ....မဟုတ်ပါဘူး ဒေါ်ဒေါ်ရယ်၊ ခြံနီးနားချင်း ဆိုတော့ ဆက်စပ်မှုများ ရှိမလားလို့ပါ"

"ဘာ ဆက်စပ်မှုမှ မရှိပါဘူးကွယ်၊ ဒီလောက် ချုံနွယ် ပိတ်ပေါင်းတွေထူထပ်တဲ့ ခြံထဲကို ဒေါ်ဒေါ်တို့ သွားလဲ မသွားရဲပါဘူး၊ အပြင်ကကြည့်ရတာနဲ့တောင် ဒီခြံကြီးက အုံ့အုံ့ မှိုင်းမှိုင်းကြီးနဲ့ ကျောချမ်းစရာကောင်းလွန်းလို့ ဒေါ် ဒေါ်ဖြင့် ခြံထဲကို ရဲရဲတောင်မကြည့်ဖြစ်ဘူး"

"ဒါဖြင့် မှုန်မှုန်ကရော"

"ဘာကိုပြောတာလဲ"

"ဪ....ဒေါ်ဒေါ် အတွက် မရောက်ဖူးပေမယ့် မှုန်မှုန်က ဒီခြံထဲ ရောက်များရောက်ဖူးသလားလို့ပါ"

"ကြုံကြီးစည်ရာ မောင်ငွေနှင်းရယ်၊ ဒေါ်ဒေါ်တောင်မှ မရောက်ဖူးတာ မှုန်မှုန်ဆိုရင် ဝေးစွ ခြောက်ပါး၊ အနားတောင် သီရဲမှာ မဟုတ်ဘူး"

"ဒါဝေမယ့် သူ့အခန်းထဲကနေ ဟိုဘက်ခြံကို လှမ်းလှမ်းကြည့်နေခဲ့တယ်ဆို"

ဒေါက်တာငွေနှင်းစကားကြောင့် ဒေါ်ရွှေခင် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"အင်း....ဒါကတော့ အမြဲလို ကြည့်နေတာပဲ၊ ဘာဖြစ်လို့လဲ မောင်ငွေနှင်း၊ ဒေါ်သင်းထုံရဲ့ သဲလွန်စ ဆိုတာက ရော ဘာကို ပြောတာလဲ"

ဒေါက်တာငွေနှင်းတာ တွေခနဲ တစ်ချက် စဉ်းစားလိုက်သည်။ ပြီးမှ စကားကို ချိန်ချိန်ဆဆ ပြောသည်။

"ခုအချိန်မှာ ပြောပြဖို့ စောသေးတယ်လို့ ထင်တယ် ဒေါ်ဒေါ်၊ ကျွန်တော့် အနေနဲ့ အချက်အလက်တွေ စုံလို့ ပြောပြသင့်တယ်လို့ ထင်တဲ့ အချိန်ကျရင်တော့ ပြောပြမှာပါ၊ ကျွန်တော် ကိုယ်တိုင်လဲ တိတိကျကျ ပြောပြနိုင်တဲ့ အခြေအနေမှာ မရှိသေးလို့ပါ"

"ဒေါ်ဒေါ် သဘောပေါက်ပါပြီ မောင်ငွေနှင်း"



"ဟုတ်ပြီလေ ဒေါ်ဒေါ်၊ ကျွန်တော် အခု မှုန်မှုန်ဆီ သွားပြီး စကားပြောကြည့်ချင်တယ်"

"ကောင်းပါပြီ မောင်ငွေနှင်း၊ ဧည့်ခန်းမှာ ခဏစောင့်နေဦးနော်၊ ဒေါ်ဒေါ် မှုန်မှုန့် ဆီသွားပြီး အကြောင်း ကြားလိုက်ဦးမယ်"

"ကောင်းပါပြီ....ဒေါ်ဒေါ်"

* * *

ဒေါ်ရွှေခင် အခန်းထဲ ရောက်လာသောအခါ မှုန်မှုန်က ...နတ္တပကာသနီ တရား စာအုပ်ကြီးကို စိတ်ဝင်တစား ...တ်နေလေသည်။

"ဒေါ်သင်းထုံ"

ဒေါ်ရွှေခင် မရဲတရဲ မ်ခေါ်ချင်ခေါ်ချင်ဖြင့် လှမ်း၍ ...ေါ်လိုက်သောအခါ မှုန်မှုန်က စာအုပ်ကြီးကို ဖယ်လျက် ...မ်းကြည့်သည်။

"ဘာလဲ ရွှေခင်၊ ဘာကိစ္စလဲ"

"အောက်ထပ်မှာ ဧည့်သည်ရောက်နေလို့"

"ဘယ်သူလဲ"

"ဒေါက်တာငွေနှင်း"

"ဪ....ဟိုတစ်နေ့က ငါ့ဆီလာပြီး ဆေးကုပေးသွားတဲ့ ဒေါက်တာငွေနှင်းလား"

"အင်း....အဲဒါ မှုန်မှုန်၊ အဲ့....ဒေါ်သင်းထုံ အောက်ထပ် ဆင်းတွေ့ပါလား"

ဒေါ်ရွှေခင်၏ စကားကို မှုန်မှုန်က ခေါင်းယမ်း ငြင်းပယ်လိုက်သည်။

"ငါက လူကြီးတစ်ယောက်ပဲအေ့၊ လူကြီးတစ်ယောက်က လူငယ်ဆရာဝန် တစ်ယောက်ကို ဆင်းတွေ့နေရဦးမှာလား၊ သူ့ကို ငါ့ဆီ လွှတ်လိုက်ပေါ့"

"ဟုတ်ကဲ့"

ဒေါ်ရွှေခင်က မှုန်မှုန့် အကြိုက် လေးလေးစားစား "ဟုတ်ကဲ့"ဟု ပြောခဲ့ပြီး အောက်ထပ်သို့ ပြန်ဆင်းလာခဲ့သည်။

ဒေါက်တာငွေနှင်းက သတင်းစာ ခေါင်းကြီးပိုင်းများ လျှောက်ဖတ်ကြည့်နေစဉ်မှာပင် ဒေါ်ရွှေခင် ပြန်ရောက်လာခဲ့ခြင်းဖြစ်သည်။

"ဘယ့်နှယ်လဲ ဒေါ်ဒေါ်၊ အိပ်များနေတာလား"



"မအိပ်ပါဘူး၊ သူက ဗိန္ဒပကာသနီ ကျမ်းစာအုပ်ကြီး ဖတ်နေတယ်လေ"

"ဘုရားစာအုပ်ကို ဖတ်နေတာလား"

"ဟုတ်တယ်....အံ့ဩစရာပဲ၊ နေကောင်းနေတဲ့ အချိန်တုန်းက ဒီစာအုပ်ကို ယောင်လို့တောင် မကိုင်ခဲ့ဘဲနဲ့ အခုမှ သဲကြီးမဲကြီး ဖတ်နေလိုက်တာ"

"အင်းပေါ့လေ၊ ဒေါ်သင်းထုံက အသက် ငါးဆယ်နီးပါးလောက် ရှိနေတဲ့ မိန်းမကြီး ဆိုတော့ ဘုရားစာ, တရားစာပဲ ကြိုက်မှာပေါ့"

"ဒေါ်ဒေါ်တော့ ဘာမှတောင် မပြောတတ်တော့ပါဘူး မောင်ငွေနှင်းရယ်"

"သိပ်လဲ မစိုးရိမ်ပါနဲ့ ဒေါ်ဒေါ်၊ ကျွန်တော် ပြောတတ်အောင် လေ့လာလိုက်ပါဦးမယ်၊ ပြီးတော့ မှုန်မှုန့်ရဲ့ ကျန်းမာရေး အခြေအနေ ကောင်းမွန်လာအောင် ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစားပါ့မယ်"

"အေးပါကွယ်၊ ဒေါ်ဒေါ်တို့လဲ မောင်ငွေနှင်း ကိုပဲ အားကိုးနေကြတာပါကွယ်"

"ဪ.... ဒါနဲ့ ဒေါ်ဒေါ်၊ ဦးဖေခင်ကရော ကျွန်တော် မှုန်မှုန့်ကို လေ့လာ ကုသပေးမယ့်ကိစ္စကို သေသေချာချာ သဘောတူရဲ့လား"

"တူပါတယ် မောင်ငွေနှင်း၊ ဘာဖြစ်လို့လဲ"

"ဪ.... ကျွန်တော့်ကို ဆေးဆရာတစ်ယောက်အနေနဲ့ ဓာတ်ယက်ရှင်တွေရဲ့ ခွင့်ပြုချက်ကို သေသေချာချာရထားဖို့ လိုအပ်တယ်လေ"

"ဒေါ်ဒေါ်တစ်ယောက်လုံး ရှိနေတာပဲ မောင်ငွေနှင်းရယ်၊ ဒေါ်ဒေါ်ဟာ မှုန်မှုန့်ရဲ့ အဒေါ်အရင်းတစ်ယောက်ပါ၊ ဒေါ်ဒေါ်ကိုယ်တိုင် မောင်ငွေနှင်းကို အပ်ထားပြီးသားပဲဥစ္စာ"

"ဒါကတော့ ဟုတ်ပါတယ်လေ၊ ဒါပေမယ့် မှုန်မှုန့်မှာက အုပ်ထိန်းသူဖခင် ရှိသေးတယ်လေ၊ သူကပါ တိတိကျကျ သဘောတူရင် အစစအရာရာ ပိုပြီးကောင်းတာပေါ့ ဒေါ်ဒေါ်ရယ်"

"အဲဒီအတွက်စိတ်ချပါ မောင်ငွေနှင်း၊ မင်းကိုလွှာပြီး အကြောင်းမကြားခင်ကတည်းက ကိုကို့ကို တိုင်ပင်ပြီးမှ လွှာခဲ့တာပါ"

"ဒါဆိုရင်လဲ ပြီးတာပေါ့ပဲ ဒေါ်ဒေါ်၊ ကဲ....ကျွန်တော် မှုန်မှုန့်ဆီ သွားလိုက်ဦးမယ်"

"ကောင်းပါပြီ မောင်ငွေနှင်း"

ဒေါက်တာငွေနှင်းက ဒေါ်ရွှေခင်၏ခွင့်ပြုချက်ရပြီဖြစ်၍ မှုန်မှုန်ရှိရာသို့ ဆက်လာခဲ့သည်။



မှုန်မှုန်က ဒေါက်တာငွေနှင်းကို ပြုံးရွှင်သောမျက်နှာနှင့် ဆီးကြိုလင့်သည်။

ထူးခြားသည်မှာ မှုန်မှုန်တစ်ယောက် ဆံပင်များကို ဖြီးသင်ထားလျက် မှုန်နံ့သာ ခပ်ပါးပါးလိမ်းခြယ်ထားသည်ကို ဒေါက်တာငွေနှင်း သတိထားလိုက်မိသည်။

"ဪ.... ဒေါက်တာငွေနှင်း၊ လာပါ လာပါ၊ ဒေါ်ဒေါ် မင်းကိုမျှော်နေတာ"

"နေကောင်းရဲ့လား ဒေါ်ဒေါ်"

မှုန်မှုန်က ဒေါက်တာငွေနှင်းကို မြင်လိုက်သည်နှင့် မိန်းမကြီး တစ်ယောက် ဟန်ပန်လေသံမျိုးဖြင့် လှမ်း၍နှုတ်ဆက်လိုက်၏။

ဒေါက်တာငွေနှင်းကလည်း အလိုက်သင့်ပင် တုံ့ပြန်လိုက်ကာ ခုတင်နံဘေးတွင်ချထားသည့် ဆက်တီကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

ဒေါက်တာငွေနှင်းက အပြုံးမျက်နှာဖြင့် မှုန်မှုန့်မျက်နှာကို လှမ်းကြည့်လိုက်သောအခါ မှုန်မှုန်ကလည်း ပြည့်ပြည့်ဝဝ ပြုံးလျက် တုံ့ပြန်သည်။

နှစ်ရက်သုံးရက်အတွင်း အနည်းငယ်ပြည့်ဖြိုးလာသည်ဟု ထင်မြင်မိသဖြင့် ဒေါက်တာငွေနှင်း စိတ်သက်သာရသွားသည်။

"ဒီရက်အတွင်း ဒေါ်ဒေါ် ကျန်းမာရေးကောင်းနေတယ်နဲ့တူတယ်"

"ဒေါ်ဒေါ် နေကောင်းပါတယ်ကွယ်"

"ဟုတ်ပါတယ်၊ ဒေါ်ဒေါ်ဒေါ်သင်းထုံဟာ လူကောင်းတစ်ယောက်ပါ၊ သူများတွေကသာ မကျန်းမာဘူး ထင်နေကြတာ၊ ကျွန်တော်ကတော့ ဒေါ်ဒေါ်ဟာ လူကောင်းတစ်ယောက်လို့ပဲ နားလည်ပါတယ်"

"အင်း.... မင်း မဆိုးဘူး ဒေါက်တာငွေနှင်း၊ ဒေါ်ဒေါ့်ကို လူတွေကနားမလည်ဘူး၊ အထူးသဖြင့် ရွှေခင်တို့ကိုဖေခင်တို့က ဒေါ်ဒေါ့်ကို နားမလည်ကြတာ ပိုခက်တယ်၊ သူတို့က ဒေါ်ဒေါ့်ကို နေမကောင်းဘူးလို့ ထင်နေကြတယ်၊ အိုကွယ်.... ရူးနေတယ်လို့တောင်မှ ထင်ချင်နေကြတာ၊ တကယ်တော့ ဒေါ်ဒေါ်မရူးပါဘူး၊ ရူးနေတာက သူတို့၊ သူတို့ကရူးနေကြတာ"

မှုန်မှုန်က အားရပါးရ ပြောလိုက်သည်။

ဤကဲ့သို့ ပြောလိုက်ရသဖြင့်လည်း ကျေနပ်သွားဟန်တူသည်၊ မှုန်မှုန့်မျက်လုံးများက အရောင်ထွက် တောက်ပလျက်ရှိနေကြသည်။

မှုန်မှုန်သည် ဆံပင်များ ဖြီးသင်ထားသည်ဆိုသော်လည်း သက်ကြီးပိုင်းမိန်းမကြီးတို့၏အဆင်အပြင်အတိုင်း ဘီးကျော်ပတ်ကြီးကို ပတ်ထားခြင်းဖြစ်၏။



ဆံပင်အုပ်ကောင်းသောကြောင့် မှုန်မှုန့် ဘီးကျော်ပတ်ကြီးသည် ထည်ထည်ဝါဝါကြီး ဖြစ်၏။

မဟာနဖူး၊ စင်ရော်တောင်မျက်ခုံးကော့ကော့၊ သမင်မျက်လုံးနှင့် နှင်းဆီဖူးသဏ္ဍာန် နှုတ်ခမ်း၊ ကြော့မော့သည့်သည်တိုင်၊ ဖြိုးဖြိုးရွှေရင်၊ ငယ်သောခါးနှင့် စွင့်ကားသောတင် စသည့် ပြေပြစ်သောအလှအပ အမို့အဟိုက်များက ဒေါက်တာငွေနှင်း၏ရင်ကို လှုပ်ခတ်စေလေသည်။

ထိုမျှသာမကသေး၊ နှင်းဆီရနံ့ကဲ့သို့သော မွှေးကြိုင်သင်းပျံ့သည့်ရနံ့တစ်မျိုးကလည်း မှုန်မှုန်၏ အိပ်ခန်းထဲတွင် သင်းပျံ့နေပြန်သေးရာ ဒေါက်တာငွေနှင်း၏ ပုထုဇဉ်နှလုံးသား ထံခါးကို အကြိမ်ကြိမ်ခေါက်လေတော့၏။

သို့သော်လည်း ဒေါက်တာငွေနှင်းသည် ချက်ချင်းပင် အသိတရား ပြန်လည်ဝင်ရောက်လာ၏။

လူနာနှင့် ဆေးဆရာဟူသော အသိတရားပင်ဖြစ်၏။

သူပြောရမည့် စကားလုံးများကို ချက်ချင်း စကားလုံးအဖြစ် ဖန်တီးကာ အာရုံပြောင်းလိုက်လေ၏။

"ဒေါ်သင်းထုံကို ကျွန်တော်တစ်ခုလောက် မေးကြည့်ချင်ပါတယ်"

မှုန်မှုန်သည် အလိုက်သင့် အလျားသင့်ပင်....

"မေးပါ၊ ဒေါက်တာငွေနှင်းက မေးနိုင်ပါတယ်"

ဟု တုံ့ပြန်လိုက်၏။

“တခြား မဟုတ်ပါဘူး ဒေါ်ဒေါ်၊ ကျွန်တော် မေးကြည့်ချင်တာက ဒေါ်ဒေါ်ရဲ့ အမေနာမည်ကိုပါပဲ”

မှုန်မှုန် ခေတ္တမျှ ကြောင်ငေးငေး ဖြစ်သွားပြီး မကြာခင်မှာပင် အဖြေပေးလေ၏။

“ဒေါ်ဒေါ်ရဲ့ အမေ နာမည်က ဦးဘိုးသင်ပါ၊ ဒါကြောင့်လဲ ဒေါ်ဒေါ့်ကို သူ့နာမည်ပါအောင် မသင်းထုံဆိုပြီး မှည့်ခဲ့တာပေါ့”

“ဟုတ်ပါပြီ၊ ကျွန်တော် ကြားဖူးတာ ဒေါ်ဒေါ့်မှာ ဦးလေးတစ်ယောက် ရှိသေးတယ်ဆို”

မှုန်မှုန်က ဒေါက်တာငွေနှင်းကို ဖျတ်ခနဲ လှမ်း၍ကြည့်လိုက်ရာ မျက်လုံးချင်း ဆုံသွား၏။

ဒေါက်တာငွေနှင်းက အကြည့်ကို လွှဲဖယ်ခြင်းမပြုဘဲ နှာယောင်ဟုခေါ်သည့် နှာခေါင်းအရင်း မျက်ခုံးနှစ်ခုကြားသို့ စေ့စေ့စူးစူး စိုက်၍ကြည့်လိုက်ရာ မှုန်မှုန်မှာ သူ့အကြည့်ကို ကြာကြာပြန်မကြည့်နိုင်ဘဲ လွှဲဖယ်ပစ်လိုက်၏။

“ဒေါက်တာ ငွေနှင်းက တော်တော့်ကို စပ်စပ်စုစုနိုင်တာပဲ၊ ဟုတ်တယ်....ဒေါ်ဒေါ့်မှာ ဦးလေးတစ်ယောက်ရှိတယ်၊ ဦးဘိုးထွန်းတဲ့၊ သူက ဒေါ်ဒေါ့်ကိုသိပ်ပြီး ချစ်ပါတယ်၊ သူက အခုအချိန်မှာ ငှက်ပျောတောထဲက တဲအိမ်ကလေးတစ်လုံးနဲ့ သူ့ဘာသာ တစ်ယောက်တည်း အေးအေးဆေးဆေး နေတယ်ကွယ့်”



ဒေါက်တာငွေနှင်းက ခေါင်းကို တဆတ်ဆတ် ညိတ်လိုက်သည်။

သူ့ရင်ထဲမှာ အံ့သြမှုများ ဖြစ်ပွားသွားသည်ကို မှုန်မှုန် မသိအောင် ဣန္ဒြေဆောင်ထားရသည်။ ထို့နောက် မေးခွန်းတစ်ခုကို ထပ်ပြီး မေးသင့် မမေးသင့် ချိန်ဆလိုက်ပြီး ဆုံးဖြတ်ချက် ခိုင်ခိုင်မာမာ ချလိုက်ကာ မေးဖြစ်အောင် မေးလိုက်သည်။

“မရှိသေ့စကား ဒေါ်ဒေါ့်မှာ သိပ်ချစ်ခဲ့တဲ့ ချစ်သူတစ်ယောက် ရှိခဲ့တယ်နော်....”

မှုန်မှုန် မျက်နှာ ဖျတ်ခနဲ ပျက်သွားသည်။

“ဆရာဝန်လေး၊ ဒေါ်ဒေါ့်ကို ဘာတွေ လျှောက်မေးနေတာလဲ”

မှုန်မှုန်က ရှက်မျက်နှာဖြင့် ပြုံးလိုက်ပြီး ပြန်ပြောလေသည်။

“ကျွန်တော့်ကို တူဝရီးလိုသဘောထားပြီး အဖြေပေးပါ ဒေါ်ဒေါ်၊ ကျွန်တော် သိချင်တာတစ်ခု ရှိနေလို့ပါ”

“ခက်တာပဲ မောင်ငွေနှင်းရယ်၊ မင်းကလဲ နှိုက်နှိုက်ချွတ်ချွတ်ကို မေးနေတော့တာပဲ၊ ဒေါ်ဒေါ့် ချစ်သူက ကိုချစ်မြဲတဲ့”

“ဪ....”

"တကယ်တော့ကိုချစ်မြဲလို့ခေါ်ပေမယ့် သူဟာ တကယ်တော့ အချစ်မမြဲခဲ့ပါဘူး မောင်ငွေနှင်းရယ်၊ သူက ဒေါ်ဒေါ့ကို ချစ်ခဲ့တယ်ဆိုတာက ကောက်ရိုးမီးလိုမျိုးပါပဲ၊ သူ ဒေါ်ဒေါ့ကို နောက်ထပ် လုံးဝ လာပြီးမတွေ့ခဲ့တော့ပါဘူး"

"ချင်းစိမ်းနဲ့ မိသလင်ပေါ့ ဒေါ်ဒေါ်ရယ်၊ သူကြင်မှ ကိုယ်ကြင်ပေါ့၊ သူက မကြင်နာလို့ ပစ်ခွာခဲ့ပြီဆိုရင်လဲ သူ့ကို မေ့ပစ်လိုက်တော့ပေါ့"

မှုန်မှုန်က ခေါင်းကို ယမ်းခါပစ်လိုက်သည်။

"ဘယ်လွယ်လွယ်နဲ့ မေ့ပျောက်လို့ရပါ့မလဲ မောင်ငွေနှင်းရယ်၊ မိန်းမကောင်းပန်းပန် တစ်ပွင့်တန်ဆိုတဲ့ မြန်မာစကားပုံ ရှိတယ်မဟုတ်လား၊ တို့မျာ: မိန်းမသားဆိုတာ သစ္စာကို အသက်နဲ့လဲပြီး မြဲကြရတယ် မဟုတ်လား"

"ဒါတော့ ဒါပေါ့ ဒေါ်ဒေါ်ရယ်၊ ဒါပေမယ့် ခုတာက...."

မှုန်မှုန်က လက်နှစ်ဖက်ကို ကာလိုက်သည်။

"တော်ပါတော့ မောင်ငွေနှင်းရယ်၊ မင်းနဲ့ ဒေါ်ဒေါ် တခြားစကားတွေကိုပဲ ပြောကြရအောင်လား"

ချက်ချင်းပင် စကားလမ်းကြောင်း ပြောင်းပစ်လိုက်သည်ကို ဒေါက်တာငွေနှင်း သတိထားလိုက်မိသည်။



"ဟုတ်ပြီ ဒေါ်ဒေါ်၊ ကျွန်တော် လာခဲ့တာက ဒီမေးခွန်းတွေ မေးဖို့မဟုတ်ပါဘူး၊ ခုတာက ကြုံလို့ မေးဖြစ်သွားတာပါ၊ လာရင်းကိစ္စက ဒေါ်ဒေါ့ ကျန်းမာရေး ကောင်းလာအောင်၊ ဝဖြိုးလာအောင် ကျွန်တော်က အကြောတွေဖြေလျှော့ပေးဖို့ လာခဲ့တာပါ"

"ဘာရယ်....အကြောတွေ ဖြေလျှော့ပေးရမယ် ဟုတ်လား"

မှုန်မှုန်က အလန့်တကြား အံ့အံ့ဩဩ အမူအရာ ကလေးဖြင့် မျက်လုံးအပြူးသား ပြန်မေးလိုက်လေ၏။

"ဟုတ်ပါတယ် ဒေါ်ဒေါ်၊ လူမှာ သွေးလွှတ်ကြော သွေးပြန်ကြောရယ်လို့ ရှိတယ်မဟုတ်လား၊ အဲဒီ သွေးလွှတ်ကြော သွေးပြန်ကြောတွေ သူ့တာဝန်နဲ့သူ ကောင်းကောင်း အလုပ်လုပ်နေကြရင် အဆုတ်၊ နှလုံး၊ အသည်း၊ ကျောက်ကပ်စတဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းတွေ အားလုံး ပုံမှန်ဖြစ်ပြီး ကျန်းမာနေတာပဲ၊ တကယ်လို့ အဲဒီ သွေးကြောတွေ အနေအထား မမှန်ကြတော့ဘူးဆိုရင်တော့ ကျန်းမာရေးတွေ ချွတ်ယွင်းလာကြတော့တာပဲ"

ဒေါက်တာငွေနှင်း ရှင်းပြနေသည်ကို ငြိမ်ပြီးနားထောင်နေရာက....

"ဒါဆို....ဒေါက်တာငွေနှင်းက ဒေါ်ဒေါ့ကို မကျန်းမာဘူးလို့ ထင်နေလို့လား"

ဒေါက်တာငွေနှင်းက ခေါင်းကို ယမ်းခါလိုက်သည်။

"မကျန်းမာဘူးထင်လို့ မဟုတ်ပါဘူးဒေါ်ဒေါ်၊ ညညအိပ်ပျော်အောင်၊ စားဝင်ပြီး စိတ်ရွှင်သန်းအောင်၊ အဲဒီ သွေးလွှတ်ကြော သွေးပြန်ကြောတွေ ပုံမှန် အလုပ်လုပ်အောင် ကျွန်တော်က ဆောင်ရွက်ပေးမှာပါ"

"အိုး....မင်းက ဒေါက်တာ တစ်ယောက် မဟုတ်ဘူးလား"

"ဟုတ်တယ်လေ"

"ဒါဖြင့်....မင်းက အကြောလျှော့တဲ့ အနှိပ်သည်တွေ အလုပ်ကို ဘာဖြစ်လို့ လုပ်မှာလဲ၊ ဒေါ်ဒေါ် အနှိပ်မခံတတ်ဘူးကွယ့်"

ကြောက်လန့် တကြား ပြောလိုက်သည့် မှုန်မှုန်၏ စကားကြောင့် ဒေါက်တာငွေနှင်း ပြုံးလိုက်မိသည်။

"ဒေါ်ဒေါ်ရဲ့ ခန္ဓာကိုယ်ကို လက်နဲ့ လုံးဝ မထိဘဲ အကြောတွေလျှော့ပေးမှာပါ"

"လက်နဲ့ လုံးဝ မထိဘူး ဟုတ်လား"

"ဟုတ်ပါတယ်၊ စိတ်ကို အကြံပေးပြီး အကြောတွေ လျှော့ပေးမှာပါ၊ ကျွန်တော်ဟာ လူကောင်းတစ်ယောက်၊ ဆရာဝန်တစ်ယောက် ဆိုတာ ဒေါ်ဒေါ် ယုံကြည်တယ် မဟုတ်လား"



မှုန်မှုန်က ခေါင်းဆတ်ပြီး ညိတ်လိုက်သည်။

"ဒါဖြင့်ရင် အိပ်ရာပေါ်မှာ ငြိမ်ငြိမ်ကလေး ပက်လက်လှန်လိုက်ပြီး ကျွန်တော် ပြောတဲ့ စကား အသံလေးတွေကို စိတ်ကလိုက်ပြီး အာရုံပြုပေးပါ၊ မျက်လုံးကိုတော့ မှိတ်ထားလိုက်ပေါ့"

မှုန်မှုန်က ဒေါက်တာငွေနှင်းကို စိတ်ချ ယုံကြည်စွာဖြင့် အိပ်ရာပေါ်တွင် ပက်လက်လှန်လျက် မျက်စိကို မှိတ်ထားလိုက်သည်။

"ဟုတ်ပြီ....ခန္ဓာကိုယ် တစ်ခုလုံးက အကြောတွေလျှော့နေပြီ၊ တဖြည်းဖြည်းနဲ့ လျှော့နေပြီလို့ အာရုံပြုထားမယ်"

ဒေါက်ငွေနှင်းက စိတ်အား ထက်သန်စွာဖြင့် မေတ္တာအရိပ်အငွေ့ပါသော အကြံပြုခြင်းဖြင့် မှုန်မှုန်ကို စတင်၍ အကြောများ ဖြေလျှော့လေတော့၏။

ထိုသို့ကဲ့သို့ အကြောဖြေလျှော့ခြင်းမျိုးမှာ လူ၏ ခန္ဓာကိုယ်ကို လက်များဖြင့် မတို့ရဘဲ ခြေချောင်း၊ လက်ချောင်းလေးများမှတစ်ဆင့် ခန္ဓာကိုယ် အစိတ်အပိုင်းများကို စိတ်သွတ်လျက် အသံဖြင့် ဖြေလျှော့ပေးခြင်းဖြစ်၏။

ဆရာ၏ အသံစွမ်းအားကြောင့် လုံလောက်သော ဖြေလျှော့မှုများ ရရှိသောအခါ လူနာ၏ ခန္ဓာကိုယ် အစိတ်အပိုင်းများ အားလုံးသည် ပြေလျော့ကာ ဖွံ့အိတ်ကြီး တစ်ခုတ် ချထားသကဲ့သို့ ပျော့ပျောင်းသွားလေတော့၏။

ထိုအခါ ခန္ဓာကိုယ် တစ်ခုလုံး နေလို့ကောင်းသည့်
အရသာတစ်မျိုးကို ခံစားရသည်။

တစ်နည်းအားဖြင့် ထိုကဲ့သို့ ပြုလုပ်ခြင်းမှာ ဆရာ
လူနာကို အိပ်မွေ့ချ၍ ကုသခြင်း တစ်မျိုး ဖြစ်သည်။

လူနာက အကြောများအားလုံး ပြေလျော့ကာ အပ
ပြေ နားနေ အိပ်စက်နေစဉ်အတွင်း ဆရာက လိုအပ်သ
အကြံဉာဏ်များကို ပြောဆိုအမိန့်ပေး၍ ကုသရသည့် န
တစ်မျိုးဖြစ်သည်။

မှတ်ချက်။ ။ ဤကဲ့သို့ အကြောပြေလျော့ကုသနည်းသ
စိတ်ရောဂါ ဝေဒနာ အတော် များမျ
ပျောက်ကင်းစေသည့်အပြင် စကားထစ်ခြ
အကြောတက်ခြင်း၊ ခေါင်းကိုက်ခြင်း၊နှ
ရောဂါနှင့် သွေးတိုးရောဂါတို့ကိုပါ ပျော
ကင်းစေနိုင်သည့် လျို့ဝှက် ဆန်းကြယ်သ
နည်းပညာတစ်ရပ် ဖြစ်သည်။ လေ့လာကု
လိုပါက စာတိုက်မှတစ်ဆင့် ကျွန်ုပ်နှင့် ဆ
သွယ်နိုင်ပါသည်။

(စာရေးသ

ဒေါက်တာငွေနှင်းသည် မှုန်မှုန်အား အမိန့်ပေး ညွှ
ကြားခြင်းဖြင့် အကြောများ ပြေလျော့စေစိုက်သောအ
မှုန်မှုန်သည် ခုတင်ပေါ်တွင် အိပ်ပျော်လုနီးပါး ငြိမ်သ
သွားသည်။



ထိုအခါ ဒေါက်တာငွေနှင်းသည် တိုးသက်ညင်သာသော
အသံကလေးဖြင့် အာရုံညွှတ်ပြောဆိုနေလေတော့၏။

"ဟုတ်ပြီ၊ ခန္ဓာကိုယ်တစ်ခုလုံးမှာရှိတဲ့ သွေးလွှတ်ကြော
သွေးပြန်ကြောတွေ အားလုံး လျော့.... လျော့၊ တဖြည်း
ဖြည်း လျော့နေကြပြီ၊ နေလို့ကောင်းနေပြီ၊ နေကောင်း
လာပြီ၊ စိမ်ချမ်းသာလာပြီ၊ စားလို့ကောင်း၊ အိပ်လို့
ကောင်းပြီ၊ အားတွေရှိလာပြီ၊ နေလို့ကောင်းပြီ"

●

# အခန်း (၁၁)

## ဆင်တူယိုးမှား

မှုန်မှုန်အား အကြောင်းဖြေလျှော့ ကုသပေးပြီး နောက်နေ့တွင် သူငယ်ချင်းဖြစ်သူ ရဲထွန်းနှင့် တွေ့နေကျ လှည်းတန်းကြီး စားသောက်ဆိုင်တွင် ဆုံကြသောအခါ ဒီအကြောင်းကိုပင် ပြောဖြစ်ကြပြန်၏။

"ဘယ့်နှယ်လဲ ငွေနှင်း၊ ဟိုခြံကြီးထဲကို ဝင်ကြည့်ဖြစ်သေးလား၊ လုပ်စမ်းပါဦး"

"ငါကလဲ မင်းကို ဒီအကြောင်းပြောပြနေချင်တာပါကွာ၊ ဇာတ်လမ်းကတော့ တော်တော်စိတ်ဝင်စားစရာကောင်းလာပြီကွ၊ ငါခြံထဲဝင်ပြီး အုတ်ဂူကိုသွားကြည့်တော့ ဒေါ်သင်းထုံဆိုတဲ့ မိန်းမကြီးတစ်ယောက်ရဲ့ အုတ်ဂူဖြစ်နေတာ တွေ့ရတယ်"

"ဒေါ်သင်းထုံ ဟုတ်လား"

"အေး"

"ဟာ.... ဒါဖြင့် မှုန်မှုန်နဲ့ လုံးဝပတ်သက်နေပြီပေါ့၊ မှုန်မှုန်ကလဲ သူ့ကိုယ်သူ ဒေါ်သင်းထုံ ဖြစ်နေတယ်ဆို"

"ဟုတ်တယ်၊ အဲဒီဂူက ဒေါ်သင်းထုံရဲ့ဂူ ဖြစ်နေတော့ စဉ်းစားစရာ တော်တော်များများ ဖြစ်လာတယ်၊ ဒီကြားထဲ ငါက အဲဒီခြံကြီးထဲဝင်ပြီး အုတ်ဂူကိုလေ့လာနေတုန်း ဖြုန်းခနဲ ငှက်ကြီးတောင်ဓားကြီးကိုင်ထားတဲ့ အဘိုးကြီး တစ်ယောက် ရောက်လာတယ်"

"ဘုရား.... ဘုရား၊ မင်းကိုများ ခုတ်မယ်ထစ်မယ် ကြိမ်းသေးလား"

"အဲဒီလိုတော့ မကြိမ်းပါဘူး၊ ဒါပေမယ့် ခြံထဲကို ခွင့်မတောင်းဘဲ ဝင်လာတာကိုတော့ ကျေနပ်ပုံမရဘူး၊ သူက ငါ့ကို စစ်ဆေးတာပေါ့ကွာ၊ အတိုချုပ်ပြောရရင်တော့ကွာ ငါတောင်းပန်တာနဲ့ ကျေနပ်သွားတယ်"

"နေပါဦး၊ သူက ဘယ်သူလဲကွ"

"ဒေါ်သင်းထုံရဲ့ ဦးလေး၊ သူ့ခမျာ အသက်ကြီးတဲ့အထိ သူ့တူမရဲ့ဂူကို စောင့်ရှောက်နေရရှာတယ်လေ၊ ဥစ္စာစောင့် သဘောမျိုးပေါ့ကွာ၊ သူက ငါမေးတာနဲ့ ဒေါ်သင်းထုံရဲ့ အကြောင်းကို ပြောပြရှာတယ်ကွ"



"ဒါဖြင့် ငါ့ကိုလဲ ပြန်ပြီးဖောက်သည်ချစမ်းပါဦးကွာ၊ မင်းတို့ဇာတ်လမ်းက စိတ်ဝင်စားဖို့ အတော် ကောင်းလာပြီ"

ဤသို့အားဖြင့် ဒေါက်တာရဲထွန်း၏ တောင်းဆိုချက်အရ ဒေါက်တာငွေနှင်းသည် ဒေါ်သင်းထုံအုတ်ဂူရှိသော ခြံတွင်းသို့ ရောက်ခဲ့ခြင်းအကြောင်းကို အစမှ အဆုံးတိုင်အောင် စိတ်ရှည်လက်ရှည် ပြန်၍ပြောပြရလေတော့၏။

ဒေါက်တာရဲထွန်းကလည်း ဒေါက်တာငွေနှင်း ပြောပြသမျှကို စိတ်ဝင်စားစွာ စိတ်ရှည်လက်ရှည် နားထောင်လေတော့၏။

အုတ်ဂူရှိသော ခြံကျယ်ကြီးထဲတွင် ဝင်သွားရာမှအစ ဦးဘိုးထွန်းနှင့်တွေ့ခဲ့သမျှ အားလုံးသော အကြောင်းအရာများကို ပြောပြီးသောအခါ မှုန်မှုန်တို့အိမ်ဘက်သို့ ဆက်၍ ဝင်ခဲ့သည့်အကြောင်း ပြောရပြန်၏။

ထို့နောက် မှုန်မှုန့်ကို ပထမအကြိမ် ကုသမှုပေးခဲ့သည့် အကြောင်းကိုလည်း ပြောရပြန်၏။

"ဘယ့်နှယ်လဲ ငွေနှင်း၊ မင်းရဲ့မှုန်မှုန် ရီပိုးဖြစ်ရဲ့လား"

ဆေးပညာဝေါဟာရအရ 'ရီပိုး' ဟူသည်မှာ တစ်ယောက်နှင့် တစ်ယောက် စိတ်ပိုင်းဆိုင်ရာအရ သဟဇာတဖြစ်ခြင်းကိုခေါ်သည်။

တစ်ယောက်နှင့် တစ်ယောက် သဟဇာတဖြစ်မှုလည်း စိတ်ပညာအရ ဆေးဆက်၍ကု၍ရသည်။

ဆရာလုပ်သူကို တပည့်လုပ်သူက လေးလေးစားစားဖြင့် ယုံယုံကြည်ကြည် ကုသမှုခံယူနိုင်မှသာ တိုးတက်ပျောက်ကင်းမည် ဖြစ်သည်။

"ငါ့အယူအဆအရတော့ မှုန်မှုန်ဟာ တစ်နည်းနည်းနဲ့ တစ်ဖက်ခြုက ဒေါ်သင်းထုံရဲ့ အဖြစ်အပျက်ကို ကြားဖူးနားဝ ရှိထားလိမ့်မယ် ထင်တယ်"

ရဲထွန်းက မှတ်ချက်ချ၏။

"အင်း....ဒါလဲ ဖြစ်နိုင်တာပဲ"

"အဲဒီလို ကြားဖူးနားဝ ရှိထားတဲ့ အကြောင်းအရာ တစ်ခုကို မသိစိတ်က စွဲစွဲလမ်းလမ်း မှတ်သားထားလိုက်ဟန်တူပါတယ်၊ ဒေါ်သင်းထုံရဲ့ အဖြစ်အပျက်မှန် ဘဝကို ကိုယ်ချင်းစာ ကြင်နာသနားမိရာက သူ့ရဲ့ အမှတ်သညာမှာ မေ့မရအောင် စွဲထင်နေတာမျိုး ဖြစ်နိုင်တယ်"

ရဲထွန်းက စိတ်ပါလက်ပါဖြင့် ခန့်မှန်းချက်များကို ဆက်၍ ပြောနေပြန်၏။

"မင်းထင်တာ မဆိုးပါဘူး ရဲထွန်း၊ ဒါပေမယ့် ငါကတော့ ဒီထက်ပိုပြီး စိတ်ဝင်စားစရာ ကောင်းတဲ့ အခြေခံအချက်တွေ ရှိလိမ့်ဦးမယ်လို့ ယူဆထားတယ်"



ဒေါက်တာ ရဲထွန်းက ခေါင်းတညိတ်ညိတ် လုပ်လိုက်ခဲ့၏။

"ဘာပဲဖြစ်ဖြစ်လေ၊ မှုန်မှုန် ကျန်းမာရေး ကောင်းလာဖို့က အဓိကပဲ မဟုတ်လား ငွေနှင်း"

"ဟုတ်တယ်....ဒါပေမယ့် မင်းလဲသိထားသားပဲ သူငယ်ချင်း၊ ဒီလိုရောဂါမျိုးက ပျောက်မယ်ဆိုရင်လဲ မမျှော်လင့်ဘဲ အချက်လေး တစ်ချက်နှစ်ချက်လောက်နဲ့ ပျောက်သွားတတ်တယ်၊ မဟုတ်ရင်လဲ ဘဝတစ်လျှောက်လုံး ပေးဆပ်လိုက်ရတာမျိုးလဲ ရှိတယ်လေ"

"ဟုတ်တယ်....ဒီလို စိတ်ကစဉ့်ကလျား ရောဂါမျိုးဟာ ကြောက်စရာ ကောင်းတယ်၊ ရိုင်းရိုင်းစိုင်းစိုင်း ဝေဒနာရှင်တွေက တစ်ခါတလေ အပျောက် မြန်တတ်ပေမယ့် ယဉ်ယဉ်ကလေး သမားတွေက ကုမရအောင်ဆိုးရွားသွားတာမျိုးလဲရှိတယ်၊ အေးလေ....ကံတရားအတိုင်းပေါ့"

"ငါကတော့ အတတ်နိုင်ဆုံးကြိုးစားသွားမှာပဲ ရဲထွန်း၊ ကိုယ်စွမ်းရှိသရွေ့ ဉာဏ်စွမ်းရှိသရွေ့ မှုန်မှုန့်ကို ကုသပေးသွားမယ်"

"ဒါနဲ့ မင်းသူ့ကို အိပ်မွေ့ချပြီး မေးမကြည့်ဖူးသေးဘူးလား"

"ဟင့်အင်း....မေးမကြည့်ရသေးဘူး၊ ပထမတစ်ကြိမ်ဆိုတော့ အကြောတွေ လျှော့ပေးရတဲ့အလုပ်ပဲ ယုပ်ပေးရ

သေးတယ်၊ မဆိုးပါဘူး၊ သူနဲ့ ငါနဲ့ အဆင်ပြေပါတယ်၊ ဒီတစ်ခါ ကျရင်တော့ သူ့ရင်ထဲမှာ အမြစ်တွယ်နေတဲ့ အတွင်းစိတ်ထဲက အကြောင်းတွေကိုပါ သိရအောင် ငါ ကြိုးစားကြည့်ရမယ်”

“ကောင်းတယ်၊ အဲဒီလိုဆိုရင် သူ့ဝေဒနာရဲ့ ဇာစ်မြစ် အမှန်ကို သိရလိမ့်မယ်၊ အနာသိတော့လဲ ဆေးရှိတာပေါ့ ကွာ....”

* * *

နောက်တစ်ကြိမ် ထပ်တွေ့သည့် အခါတွင် မှုန်မှုန်၏ အခြေအနေ အတော်ကလေး တိုးတက်လာသည်ကို တွေ့ရ သည်။

မှုန်မှုန်၏ မျက်နှာကလေး လန်းလန်းဆန်းဆန်း ဖြစ်နေ သည်။

“ဘယ့်နှယ်လဲ ဒေါ်ဒေါ်၊ နေထိုင်လို့ တော်တော် လေး ကောင်းတယ်မဟုတ်လား”

“ဟုတ်တယ် ဒေါက်တာ ငွေနှင်း၊ မင်း အကြောလျှော့ ပေးခဲ့တာ တော်တော့်ကို နေထိုင်လို့ ကောင်းတယ်၊ တစ်ကိုယ်လုံး ပေါ့ပါးနေတာပဲ”



“အဲသလိုမျိုး ငါးကြိမ်လောက်လုပ်လိုက်ရင် ဒေါ်ဒေါ် လုံးဝ နေလို့ထိုင်လို့ ကောင်းသွားမှာပါ၊ ခေါင်းကိုက် ဇက်လေးတာမျိုးတောင် တော်တော်နဲ့ မဖြစ်အောင်ကို ကောင်းသွားလိမ့်မယ်”

“နေ့တိုင်း လုပ်ရမှာလား”

“မဟုတ်ပါဘူး ဒေါ်ဒေါ်၊ တစ်ရက်ခြား ငါးကြိမ်ပါ၊ အားလုံး ပေါင်းလိုက်ရင်တော့ ကုသတဲ့ကာလ ဆယ်ရက် တော့ရှိမှာပေါ့၊ ဘယ့်နှယ်လဲ၊ ကျွန်တော့်ရဲ့ အကြောဖြေ လျှော့တဲ့ ကုထုံးကို သဘောကျတယ် မဟုတ်လား”

“ကောင်းပါတယ်၊ နေလို့ ထိုင်လို့ ကောင်းပါတယ်”

“ဒါဖြင့်ရင်လဲ ဒီကနေ့လဲ အကြောဖြေလျှော့လိုက်ကြ ရအောင် ဒေါ်ဒေါ်”

“ဟုတ်ပြီလေ”

ဒေါ်သင်းထုံ တစ်ဖြစ်လဲ မှုန်မှုန်က ဒေါက်တာ ငွေနှင်း၏ စကားကို နာခံလျက် ခုတင်ပေါ်တွင် ပက်လက် လှန် မျက်လုံးကို အသာမှိတ်လိုက်သည်။

ဒေါက်တာငွေနှင်းက စိတ်ကို ငြိမ်ငြိမ်သက်သက် ထား လိုက်ပြီး အသက်ကို ဝဝလင်လင် ခုနစ်ခါလောက် ရှူပစ် လိုက်သည်။

အသက်ရှူသွင်းလိုက်တိုင်းလည်း စကြဝဠာကြီးအတွင်း မှ အနန္တစွမ်းအင်များ သူ၏ ခန္ဓာကိုယ်တွင်းသို့ ဝင်ရောက် လာနေပြီဟု ဒေါက်တာငွေနှင်း အာရုံပြုထားလိုက်သည်။

ထို့နောက် မှုန်မှုန်အား စတင်၍ အကြောများ ဖြေလျှော့ပေးသည်။

ခြေချောင်းလေးများ၊ ခြေအလုံး၊ ပေါင်တံ၊ ခန္ဓာကိုယ်၊ လက်ချောင်းများ၊ လည်တိုင်များ၊ မျက်နှာ၊ ဦးခေါင်းစသည်တို့ရှိ သွေးလွှတ်ကြော၊ သွေးပြန်ကြောများကို ဖြေလျှော့သွားအောင် အာရုံစိုက်၍ အမိန့်ပေးသည်။

ခန္ဓာကိုယ်ရှိ အကြောအခြင်များ ပြေလျော့သွားသောအခါ မကြာခင် မှုန်မှုန် ခန္ဓာကိုယ်လေးငြိမ်သက်သွားသည်။ အသက်မှန်မှန် ရှူရှိုက်လျက် အိပ်ပျော်နေသကဲ့သို့ရှိလေ၏။

သို့သော်လည်း အမှန်တကယ် အိပ်ပျော်သွားခြင်းမဟုတ်ဘဲ အိပ်ပျော်လုဆဲဆဲ အခြေအနေငိုက်မျဉ်းနေသည့် သဘောဖြစ်သည်။

ထိုအချိန် အခါများတွင် ဆရာဖြစ်သူက အနားသို့ကပ်၍ အမိန့်ပေးစကားများ ပြောသောအခါ လူနာဖြစ်သူက နားလည် လက်ခံလေ့ရှိသည်။

"ဟုတ်ပြီ၊ ခန္ဓာကိုယ်တစ်ခုလုံးအကြောတွေလျော့သွားပြီ၊ စိတ်ချလက်ချ အနားယူလိုက်....စိတ်ချလက်ချအနားယူလိုက်၊ အိပ်လိုက်....အိပ်လိုက်တော့၊ ဟုတ်ပြီ၊ အနားရပြီ၊ ကျန်းမာနေပြီ၊ ချမ်းသာနေပြီ၊ မှုန်မှုန်....မင်းဟာ မှုန်မှုန်လို့ခေါ်တဲ့ မိန်းကလေးဖြစ်တယ်၊ မှုန်မှုန်....ဆရာခေါ်နေတာ ကြားရဲ့လား မှုန်မှုန်၊ ဆရာခေါ်နေတာ ကြားလား"



ဒေါက်တာငွေနှင်းက မှုန်မှုန့်နားသို့ကပ်၍ တိုးတိုးလေး ပြောနေခြင်းဖြစ်သည်။ ထိုအခါ မှုန်မှုန်၏ နှင်းဆီပွင့်ဖတ်လွှာ နှုတ်ခမ်းလွှာကလေးများက တရွရွ လှုပ်ရှားလာကြသည်။

လည်တိုင်ကြော့ကြော့ ကလေးကလည်း တံတွေးများ မြိုချလိုက်ဟန်ဖြင့် လှုပ်ရှားသွားသည်။

သူမ၏ လည်တိုင်ကလေးတွင် သွေးကြော စိမ်းစိမ်းကလေးများ ယှက်ဖြာနေသည်ကို ကြည့်ရသည်မှာ အသည်းယားစရာဖြစ်သည်။

သို့သော်လည်း ဒေါက်တာငွေနှင်းက တခြားအာရုံသို့ ပျံ့လွင့်မသွားအောင် စိတ်ကို စုစည်းသည်။

တရွရွလှုပ်နေသည့် နှုတ်ခမ်းလွှာမှ ထွက်ကျလာမည့် စကားသံများကို သေသေချာချာ နားစွင့် ထောင်လျက်နေသည်။

"မှုန်မှုန်၊ ဆရာခေါ်နေတာ ကြားလား"

"ကြား.... ကြားပါတယ် ဆရာ"

မှုန်မှုန့်နှုတ်ခမ်းမှ စကားသံ တိုးတိုးညင်းညင်းကလေး ထွက်ပေါ်လာသည်။

ဒေါက်တာငွေနှင်း အားတက်သွားမိသည်။

"ဟုတ်ပြီ၊ မင်းကြားတယ်.... ကြားတယ်နော်"

"ကြားပါတယ်ဆရာ"

"ကြားရင် ဆရာမေးတာဖြေ၊ ဆရာမေးတာကို မငြင်းဖြေရမယ်"

"ဖြေပါ့မယ်"

"ဟုတ်ပြီ မှုန်မှုန်၊ မှုန်မှုန့်မှာ စိတ်ညစ်ညူးစရာအကြောင်းတွေ ရှိခဲ့ဖူးသလား"

"ရှိ....ရှိခဲ့ပါတယ် ဆရာ"

"အဲဒီအကြောင်းကို ဆရာ့ကို ပြောပြစမ်း"

"မှုန်မှုန်....မှုန်မှုန့်မှာ ချစ်သူတစ်ယောက်ရှိခဲ့ဖူးပါတယ် ဆရာ"

"သူက ဘယ်သူလဲ၊ သူ့နာမည် ဘယ်သူလဲ"

"သူ့နာမည်က.... သူ့နာမည်က"

"ဟုတ်ပြီ.... ပြော၊ ပြောလေ မှုန်မှုန်၊ ဘာဖြစ်လို့ ရပ်ထားရတာလဲ"

"ပြောပါ့မယ်ဆရာ၊ မှုန်မှုန့်ချစ်သူရဲ့နာမည်က ကိုခိုင်ခန့်ပါ၊ ကိုခိုင်ခန့်ပါတဲ့ဆရာ"

"ဟုတ်ပြီ.... ဆက်ပြော"

"ကိုခိုင်ခန့်နဲ့ မှုန်မှုန်နဲ့ ချစ်တာတစ်နှစ်လောက်ရှိတော့ ဖေဖေ.... ဖေဖေ.... ဖေဖေ...."

"ဟုတ်ပြီ၊ ဖေဖေ ဘာဖြစ်သလဲ"

"ဖေဖေ သိသွားတယ်ဆရာ၊ ပြီးတော့ မှုန်မှုန့်ကို အကြီးအကျယ်ဆူတယ်၊ နှစ်ပင်လိမ်ကြိမ်လုံးနဲ့လဲ တအားလွှဲလွှဲပြီး



ရိုက်တယ်ဆရာ၊ သိပ်ပြီး ကြောက်ဖို့ကောင်းတာပါပဲ ဆရာရယ်"

မှုန်မှုန်က ပြောပြနေရင်း ပါးပြင်ပေါ်သို့ မျက်ရည်များ စီးကျလာနေကြသည်။

ဒေါက်တာငွေနှင်း စိတ်မကောင်းစွာဖြင့်ပင် ဆက်မေးနေရသည်။

"ဟုတ်ပြီ၊ ဆက်ပြောဦးလေ၊ ဆက်ပြောပါဦး"

မှုန်မှုန် ဆက်မပြောနိုင်တော့ချေ။

ငိုရှိုက်ခြင်းနှင့်အတူ မှုန်မှုန် သတိပြန်ရလာသည်။

မျက်တောင်တွေ ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း ဒေါက်တာငွေနှင်းကို ပြူးကြောင်ကြောင်နှင့် စိုက်ကြည့်နေသည်။

"ကောင်းပြီ၊ နိုးလာပြီဆိုရင် မျက်နှာသွားသစ်လိုက်ပါ၊ ပေါ့ပါးလန်းဆန်းသွားလိမ့်မယ်"

ဒေါက်တာငွေနှင်းက တမင် ဒေါ်သင်းထုံဟူ၍ အသိအမှတ် မပြုတော့တဲ့ စကားကို တမင်ရွေးချယ်၍ ပြောလိုက်သည်။

မှုန်မှုန်က ယခုချိန်ထိ ကြောင်ငေး၍ကြည့်နေဆဲ ဖြစ်သည်။

"ကြားတယ်မဟုတ်လား"

"ဟုတ်ကဲ့"

"ကြားရင် မျက်နှာသွားသစ်လိုက်ပါ၊ စိတ်ရော ခန္ဓာကိုယ်ရော ပေါ့သွားလိမ့်မယ်၊ ခုချိန်ကစပြီး ကျန်းမာလာ

ပြီလို့ နှလုံးသွင်းထားပါ၊ တစ်ရက်ခြား သန်ဘက်ခါကျရင် တစ်ခေါက်ပြန်လာခဲ့မယ်”

ပြောပြောဆိုဆို ဒေါက်တာငွေနှင်းက မှုန်မှုန့်အရင် အခန်းထဲမှကြို၍ ထွက်လာခဲ့သည်။

ဒေါ်ရွှေခင်နှင့် ဧည့်ခန်းအဝင်မှာ တွေ့သည်။

“ဘယ့်နှယ်နေသလဲ မောင်ငွေနှင်း”

ဒေါ်ရွှေခင်က စိတ်အားထက်သန်သော မျက်နှာထား ဖြင့် မေးလိုက်သည်။

“တိုးတက်လာပြီ ဒေါ်ဒေါ်၊ တစ်ခုတော့ရှိတယ်၊ သူ ကိုယ်သူ ဒေါ်သင်းထုံလို့ ထင်ချင်ရင်လဲ ထင်မှနိုင်သေး တယ်၊ ဒါပေမယ့် ဒေါ်ဒေါ်လဲ ဒေါ်သင်းထုံလို့မခေါ်နဲ့ တော့၊ တတ်နိုင်ရင် သူ့ကို ဘယ်လိုမှမခေါ်ဘဲနဲ့ ဆက်ဆံ ပြောဆိုရင် ပိုကောင်းတယ်၊ မကြာခင်မှာ မှုန်မှုန်ဘဝကို ရောက်လာလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်”

“ဝမ်းသာလိုက်တာ မောင်ငွေနှင်းရယ်”

“ကျွန်တော့်အထင်ကိုပြောတာနော် ဒေါ်ဒေါ်၊ ယတိ ပြတ် ကောင်းမယ်လို့တော့ မပြောနိုင်သေးဘူး၊ တစ်ခုရှိ တယ်၊ ကျွန်တော့်ကိုကူညီတဲ့အနေနဲ့ မှုန်မှုန် ဖြစ်ပျက်ခဲ့တာ တွေကို အမှန်အတိုင်းပြောပြပါလား ဒေါ်ဒေါ်”

ဒေါက်တာငွေနှင်း၏ စကားကြောင့် ဒေါ်ရွှေခင် မျက်နှာအနည်းငယ် ပျက်သွားသည်။

“ဘာဖြစ်လို့လဲ ဒေါ်ဒေါ်၊ မှုန်မှုန့်အကြောင်းကို ပြော ပြဖို့ ဝန်လေးနေလို့လား”



ဒေါ်ရွှေခင်က ခေါင်းဆတ်ညိတ်လိုက်၏။

“ဒေါ်ဒေါ့်အနေနဲ့ကတော့ ပြောပြဖို့ ဝန်မလေးပါဘူး မောင်ငွေနှင်းရယ်၊ ဒါပေမယ့်....”

“ဒါပေမယ့် ဘာဖြစ်လဲ ဒေါ်ဒေါ်”

“မှုန်မှုန့်အဖေ၊ ဒေါ်ဒေါ်ရဲ့ ကိုကိုက သူ့သမီးရဲ့ ဇာတ် လမ်းတွေကို လူမသိစေချင်ဘူး၊တတ်နိုင်ရင် ပြည်ဖုံးကားလိပ် ချသလို အားလုံးကို ဘယ်သူ့မှမပြောဘဲ မေ့ပျောက်ခိုင်း ထားလို့ပါ”

ဒေါက်တာငွေနှင်းက ခေါင်းတဆတ်ဆတ် ညိတ်လိုက် သည်။

“တခြားလူတွေကို ဟိုပြောဒီပြော လျှောက်ပြီးပြောဖို့ ကတော့ မကောင်းတာအမှန်ပါပဲ ဒေါ်ဒေါ်၊ ဒါပေမယ့် ကျွန်တော်က ဆရာဝန်တစ်ယောက်ပါ၊ မှုန်မှုန်နဲ့ပတ်သက်တဲ့ အဖြစ်အပျက်တွေမှန်သမျှကို ကျွန်တော်သိထားမှ ဖြစ်မှာ ပေါ့၊ ဒါမှလဲ အကောင်းဆုံးကုသနိုင်မှာပါ၊ မဟုတ်ဘူး လား၊ တစ်ချိန်က မှုန်မှုန့်မှာ ချစ်သူရှိခဲ့ဖူးတယ်၊ ဟုတ်တယ် မဟုတ်လား”

ဒေါ်ရွှေခင် ယောင်ယမ်း၍ ခေါင်းညိတ်လိုက်သည်။

“ဟုတ်... ဟုတ်ပါတယ် မောင်ငွေနှင်း”

ဒေါက်တာငွေနှင်းက ခေါင်းတဆတ်ဆတ် ညိတ်လိုက် သည်။

"ဒါဆိုရင် ကျွန်တော် ပြည့်ပြည့်စုံစုံသိရအောင် ဆက်ပြီး ပြောပြပါလား ဒေါ်ဒေါ်"

ဒေါ်ရွှေခင်က ပြောပြရကောင်းနိုး၊ မကောင်းနိုးဖြင့် ချိန်ဆနေဟန်ရှိသည်။

"ဒေါ်ဒေါ်"

"ဘာလဲ မောင်ငွေနှင်း"

"ဒေါ်ဒေါ် တူမလေး မှန်မှန့်ရဲ့ ရောဂါဝေဒနာကို စင်စင်ကြယ်ကြယ် မပျောက်စေချင်ဘူးလား"

"ဘယ့်နှယ် မေးပါလိမ့် မောင်ငွေနှင်းရယ်၊ သိပ်ကို ပျောက်စေချင်တာပေါ့ကွယ်"

"ဒါဆိုရင် ကျွန်တော်မေးတဲ့ မှန်မှန့် အကြောင်းကို ဒေါ်ဒေါ်က ဂဃနဏဖြေပေးမှ ဖြစ်လိမ့်မယ်၊ ဒေါ်ဒေါ် ဒီလို အဖြေပေးခြင်းအားဖြင့် ဒေါ်ဒေါ်ဟာ ဒေါ်ဒေါ့်ရဲ့ကိုကို ဦးဖေခင်အပေါ်မှာ ကတိဖောက်ဖျက်ရာ မကျနိုင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မှန်မှန်ရဲ့ရောဂါ ပျောက်ကင်းချမ်းသာဖို့ဟာ အဓိကကျနေလို့ပေါ့"

ဒေါ်ရွှေခင်က ခေါင်းကို တဆတ်ဆတ် ညိတ်လိုက်သည်။

"ဒေါ်ဒေါ် သဘောပေါက်ပါပြီ မောင်ငွေနှင်း"

"ဒီလိုမှပေါ့ ဒေါ်ဒေါ်၊ ကျွန်တော် ထင်ပါတယ်၊ မှန်မှန်ရဲ့ နောက်ကြောင်းရာဇဝင်ကို ရှင်းရှင်းလင်းလင်း ကျွန်တော်သိရပြီးတဲ့ အခါကျရင် မှန်မှန်ရဲ့ ရောဂါကို ကျွန်တော် ပိုင်ပိုင်နိုင်နိုင် ကုသနိုင်ပါလိမ့်မယ်"



"အဲသလို ဖြစ်ပါစေလို့ ဒေါ်ဒေါ်လဲ ဆုတောင်းပါတယ် မောင်ငွေနှင်းရယ်"

ဤသို့ဖြင့် ဒေါက်တာငွေနှင်းနှင့်ဒေါ်ရွှေခင်တို့ အပေးအယူ တည့်သွားကြသည်။

ဒေါက်တာငွေနှင်း ထင်မြင်ထားသည့်အတိုင်း မှန်မှန်၏ အကြောင်းသည် တစ်ဖက်ခြမ်းရှိ ဒေါ်သင်းထုံ၏ ဘဝဇာတ်ကြောင်းနှင့် ရာခိုင်နှုန်း ရှစ်ဆယ်နီးပါးမျှ တူညီ၍နေလေတော့၏။

## အခန်း (၁၂)

### ဆေးဝါးခြေရာကောက်

"ဪ....မှန်မှန်က ခိုင်ခန့်ဆိုတဲ့ ချစ်သူရှိခဲ့ဖူးတာကိုး"

ထုံးစံအတိုင်း ဒေါက်တာ ငွေနှင်းနှင့် ဒေါက်တာ ရဲထွန်းတို့သည် မှန်မှန့်အကြောင်းကို တစ်နေရာတွင် ဆွေး နွေးကြပြန်၏။

"ဟုတ်တယ်....ရဲထွန်း၊ အဲဒီ ခိုင်ခန့်ဆိုတဲ့ လူနဲ့ သူ့အဖေ ဦးဖေခင်နဲ့က ရွာဆောင်းစေးနဲ့ မျက်ချေး၊ ဘယ်လိုမှ ကြည့်မရခဲ့ဘူး၊ ဒီတော့ မှန်မှန်နဲ့ ခိုင်ခန့်ကို ခွဲပစ်တာ ပါကွာ"

"ဒါဆိုရင်တော့ ခြေရာကောက်မိသလောက် ရှိပါပြီ"

"ဟုတ်တယ်....ပိုဆိုးတာက ဦးဖေခင်က ဒေါသသိပ်ကြီး တယ်၊ သမီးကိုဆုံးမတာ ပါးစပ်နဲ့တင်မကဘူး လက်ပါ

ပါလာတယ်၊ ခိုင်ခန့်နဲ့ ဖြစ်ကြပျက်ကြတဲ့ အကြောင်း သိရတော့ ကြိမ်လုံးနဲ့ နာနာကြည်းကြည်း ရိုက်နှက်ခဲ့တယ်၊ အဲဒီလို ရိုက်နှက်ခဲ့တဲ့ ကာလတွေထဲမှာ မှုန်မှုန် သွေးသား ပြောင်းလဲတဲ့ ကာလမျိုးတွေလဲ ပါခဲ့တာပေါ့၊ ဒီမှာတင် စိတ်ချောက်ချားပြီး ဝေဒနာတွေ စွဲကပ်ခဲ့ရတယ်လေ"

"ဖျောက်"

ဒေါက်တာရဲထွန်းက နားထောင်ရင်း လက်ဖျောက်တစ်ချက် ထတီးလိုက်၏။

"ဟုတ်ပြီ သူငယ်ချင်း၊ ကိုယ် သဘောပေါက်သွားပြီ"

"ဆိုပါဦး"

"မှုန်မှုန်ဟာ ချစ်သူနဲ့ကွေကွင်းရတဲ့ ဝေဒနာ ကြီးကြီး မားမား ရှိခဲ့ဖူးတယ်၊ အဲဒီကာလတွေနဲ့ မရှေးမနှောင်းမှာပဲ တစ်ဖက်ခြံထဲက ဒေါ်သင်းထုံရဲ့ ဘဝဇာတ်ကြောင်းကို သူတစ်နည်းနည်း သိထားခဲ့ပုံရတယ်၊ ဒီတော့ ဒေါ်သင်းထုံရဲ့ ဇာတ်ကြောင်းနဲ့ မှုန်မှုန်ရဲ့ ဇာတ်ကြောင်းဟာ အတော်ကလေး ဆင်တူနေခဲ့တယ် ဆိုတော့ကာ မှုန်မှုန်ဘဝကို မကျေနပ်ခဲ့တဲ့ မှုန်မှုန်ဟာ ဒေါ်သင်းထုံလို လွတ်မြောက်ခြင်း စိတ်တွေပေါ်လာမယ်"

ဒေါက်တာငွေနှင်းက ခေါင်းတဆတ်ဆတ် ညိတ်ရင်း စိတ်ဝင်စားစွာ နားထောင်နေသည်။

"ဆက်ပါဦး"



"အဲဒီလို လွတ်မြောက်ချင်စိတ် ပေါ်လာတဲ့အခါ သူ့ ကိုယ်သူ ဘဝချင်းနီးစပ်တဲ့ ဒေါ်သင်းထုံအဖြစ်ကို ခံယူလာမယ်၊ မင်းဒီလို တွေးချင်တာ မဟုတ်လား"

"ဟုတ်တယ် ရဲထွန်း၊ ငါအဲဒီလိုပဲ စဉ်းစားမိတယ်၊ ဒါကြောင့် သူ့ရင်ထဲမှာ ရောက်နေတဲ့ ဒေါ်သင်းထုံကို ဖယ်ထုတ်ရမယ်၊ ဒေါ်သင်းထုံကို ဖယ်ထုတ်တဲ့ နေရာမှာ အတင်းဆွဲထုတ်တဲ့နည်း၊ မောင်းနှင်ပစ်တဲ့နည်းနဲ့ ဖယ်ထုတ်လို့မရဘူး၊ မှုန်မှုန်ရဲ့ ဘဝက လူမှန်နေရာမှန် သူ့ဘာသာ ပြန်ပြီး ရောက်လာမှ ပိုနေမြဲကျွားနေမြဲ ဖြစ်မယ်၊ သူ့စိတ်တွေ ပြန်မှန်လာမယ်လေကွာ"

"ဟုတ်တယ် ငွေနှင်း၊ မင်း လုပ်တာမှန်တယ်"

"ငါ သိချင်တာက ဒေါ်သင်းထုံရဲ့ ဇာတ်လမ်းကို မှုန်မှုန့်ကို တစ်ယောက်ယောက်က ပြောပြလိမ့်မယ်၊ အဲဒါ ဒေါ်ရွှေခင်တော့ မဖြစ်နိုင်ဘူး၊ ဒေါ်ရွှေခင်က ဒေါ်သင်းထုံဆိုတာ ဘယ်သူမှန်းတောင် သိတာမဟုတ်ဘူး"

"ဒီလိုလုပ်ပါလား ငွေနှင်း"

"ဘယ်လိုလုပ်ရမှာလဲ"

"မင်း မှုန်မှုန်တို့ တစ်ဖက်က ခြံထဲကို ထပ်သွားပြီး အဲဒီအဘိုးကြီးနဲ့ ထပ်တွေ့ကြည့်ဖို့ လိုလိမ့်မယ် ငွေနှင်း"

ဒေါက်တာငွေနှင်း တွေခနဲ တစ်ချက် စဉ်းစားသည်။

"ဟုတ်တယ် ရဲထွန်း၊ ငါထပ်သွားဖို့လိုမယ်၊ ကျေးဇူးပဲ သူငယ်ချင်း၊ အဲသလို တစ်ယောက်ယောက် ပြောပြခဲ့လို့

သိတာဆိုရင် ပိုလွယ်သွားပြီး ဘာပယောဂမှလဲ မဟုတ်ဘူး၊ လူဝင်စားကိစ္စလဲ မဟုတ်တော့ဘူး၊ ရိုးရိုးစိတ်ရောဂါပဲ ဖြစ်သွားလိမ့်မယ်"

"သေချာတာပေါ့ သူငယ်ချင်းရာ၊ ဪ....ဒါနဲ့မေးရဦးမယ်၊ မှုန်မှုန်ရဲ့ချစ်သူ ခိုင်ခန့်ဆိုတဲ့ သူက နောက်ပိုင်းဘယ်ရောက်သွားသလဲ"

"မှုန်မှုန်နဲ့ ပြတ်သွားပြီး နှစ်နှစ်လောက်ကြာတော့ ဒီလူလဲ မိန်းမ ယူသွားတာပေါ့ကွာ၊ ခုဆိုရင် ကလေးတစ်ယောက်တောင် ရနေပြီတဲ့"

ဒေါက်တာရဲထွန်းက ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"မင်းလုပ်ရမှာက ဒေါ်သင်းထုံကိုရော၊ မှုန်မှုန်ရဲ့ချစ်သူ ခိုင်ခန့်ဆိုတဲ့ လူရော သူ့ရင်ထဲက ဆွဲထုတ်ပစ်ရလိမ့်မယ်၊ အဲ....ဆွဲထုတ်ပစ်တယ်ဆိုတာထက် မင်းပြောသလို မှုန်မှုန် လူမှန်နေရာမှန် ပြန်ရောက်အောင် လုပ်ယူရမယ်၊ စိတ်ကို အကြံပေးတဲ့နည်းပဲ သုံးရမှာပေါ့လေ"

"ဟုတ်တယ် ရဲထွန်း၊ ကဲကွာ....မင်းပြောသလို ငွေနှင်း မှုန်မှုန် စစ်ဆင်ရေးအတွက် ငါ ဆက်ပြီး လှုပ်ရှားလိုက်ဦးမယ်"

ဒေါက်တာငွေနှင်းက သူငယ်ချင်းဖြစ်သူ ဒေါက်တာရဲထွန်းကို နှုတ်ဆက်ပြီး ထွက်လာခဲ့လေသည်။



သူ ဦးတည်လာခဲ့သည့် နေရာက....

ဒေါ်သင်းထုံ၏ ဦးလေးတော်သူ ဦးဘိုးထွန်း၏ ၄ုက်ပျောတောထဲက အိမ်ကလေးဆီသို့ပင် ဖြစ်ပါ၏။

* * *

ယခုအခါတွင်မူ ဦးဘိုးထွန်းသည် ဒေါက်တာငွေနှင်းကို ပြုံးပြုံးရွှင်ရွှင်ပင် ခရီးဦးကြို ပြုလေ၏။

ထုံးစံအတိုင်း သူ၏ မြေကရားအိုး နှုတ်ခမ်းပဲ့ကြီးအတွင်းမှ ရေနွေးကြမ်း မည်းမည်းကြီးများဖြင့် ဧည့်ခံပြန်လေ၏။

ဒေါက်တာငွေနှင်း ကလည်း သူဝယ်လာခဲ့သည့် လက်ဆောင်ပစ္စည်းများကို ဦးဘိုးထွန်းအား ပေးလေ၏။

"ဒါက....ဘာတွေလဲ မောင်ငွေနှင်း"

"အဘအတွက် လက်ဆောင်ပစ္စည်းတွေလေ"

"အို....အစုံပါပဲလား၊ စားစရာ သောက်စရာ တွေရော အကျႌ လုံချည် တွေရော အများကြီးပဲ၊ ဒုက္ခရှာလို့ မောင်ငွေနှင်း ရယ်"

ဦးဘိုးထွန်း၏ အားနာသည့် လေသံနှင့် စကားများကြောင့် ဒေါက်တာငွေနှင်းက ပြုံးလိုက်မိ၏။

"ကျွန်တော့် အတွက် ဒီလောကဟာ ဒုက္ခမဟုတ်ပါဘူး အဘရယ်၊ ကြုံကြိုက်လို့ အဘအတွက်လဲ လိုအင်မယ်ထင်လို့ ယူခဲ့ရတာပါ"

"အေးလေ....ဒီလိုဆိုရင်လဲ သာဓုပါ မောင်ရင်ရယ်၊ သာဓုပါ၊ ကဲ....ဆိုစမ်းပါဦး၊ ဒီတစ်ခါရော ဘာကိစ္စရှိပြန်ပြီလဲ၊ မသင်းထုံရဲ့ အုတ်ဂူကို ထပ်ကြည့်ချင်လို့တော့ ဟုတ်ဟန် မတူပါဘူးနော်"

"မကြည့်တော့ပါဘူး အဘရယ်၊ ဒါပေမယ့် ကျွန်တော် သိချင်တာလေးတစ်ခုတော့ အဘကို မေးကြည့်ရဦးမယ်"

"မေးပါ မောင်ငွေနှင်း၊ မေးပါ"

ဦးဘိုးထွန်းက ဘာများလဲ ဟု အံ့ဩသော မျက်နှာဖြင့် ပြောလိုက်၏။

"တခြားမဟုတ်ပါဘူး၊ အဘရဲ့ ခြံထဲကနေ လှမ်းကြည့်ရင် မြင်ရတဲ့ ဟိုဘက်ခြံက မိန်းကလေးကို အဘ သိသလား"

ဒေါက်တာငွေနှင်းက စေ့စေ့ကြည့်ပြီး မေးလိုက်ခြင်းဖြစ်လေရာ ဦးဘိုးထွန်းသည် ကြောင်အမ်းအမ်း ဖြစ်သွားလေ၏။

တစ်စုံတစ်ရာကို တွေးတောရင်း ပြောရကောင်းနိုး၊ မပြောရကောင်းနိုးဖြင့် ချိန်ဆနေလေသည်။

"ဘယ့်နှယ်လဲ အဘ၊ အဲဒီ မိန်းကလေးကို သိလား၊ သူ့နာမည်က မှုန်မှုန်လို့ခေါ်တယ်၊ ကျွန်တော် သိချင်တာက



အဲဒီ မှုန်မှုန် ဆိုတဲ့ မိန်းကလေးဟာ အဘရဲ့ခြံကို ရောက်ဖူးသလားလို့ပါ"

"ကျုပ်....ဘယ်လို ပြောရမလဲ"

"ဒီလိုရှိပါတယ် အဘ၊ အမှန်အတိုင်းသာ ပြောပါ၊ အဘအနေနဲ့ ဒီမိန်းကလေးရဲ့အကြောင်းကို ပြောပြလိုက်လို့ မိန်းကလေးအတွက် အကျိုးမယုတ်နိုင်ပါဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ အခုအချိန်မှာ ဒီ မိန်းကလေးဟာ စိတ်ဝေဒနာသည် ဖြစ်နေရှာတယ်"

"ဘာပြောတယ်ကွယ့်၊ မိန်းကလေးဟာ စိတ်ဝေဒနာသည် ဟုတ်လား"

"ဟုတ်တယ်၊ သူ စိတ်ဖောက်ပြန်ပြီး ကယောင်ကတမ်းတွေဖြစ်နေလို့ ကျွန်တော် သူ့ကို ဆေးကုသပေးရတယ်"

"ဟင်....ဒါဆို ဒီကလေးမလေး အခြေအနေ သိပ်ပြီး ဆိုးနေသလား"

ဒေါက်တာငွေနှင်းက ခေါင်းကို ယမ်းခါလိုက်သည်။

"သိပ် အဆိုးကြီးမဟုတ်ပါဘူး အဘ၊ တကယ်လို့ အဘက ကျွန်တော့်ကို ကူညီမယ်ဆိုရင် မိန်းကလေးရဲ့ ဝေဒနာဟာ မကြာခင် ပျောက်ကင်းချမ်းသာ သွားပါလိမ့်မယ်"

"ဪ....ဒီလိုလား"

"ဟုတ်ပါတယ်၊ အဘပြောပြမယ့် မှုန်မှုန်နဲ့ပတ်သက်တဲ့ အကြောင်းအရာအတွက် အချက်အလက်တွေအပေါ်မူတည်ပြီး ကျွန်တော်က ကောက်ချက်ချရမှာမို့ပါ"

“အင်း....ဒါဆိုရင်လဲ ကျုပ်သိသလောက်တော့ပြောပြရတာပေါ့လေ”

ဦးဘိုးထွန်းက သက်ပြင်းတစ်ချက်နှင့်အတူ စကားကိုဆက်ပြော၏။

“ဒီကလေးမရဲ့နာမည်ကို ကျုပ် မသိပါဘူး၊ ပြောသွားခဲ့သလား၊ မပြောသွားခဲ့ဘူးလားတောင် မမှတ်မိတော့ပါဘူး....

“တစ်နေ့ သူ ဒီခြံထဲကိုရောက်လာတယ်၊ မောင်ငွေနှင်းရောက်လာခဲ့သလိုပဲပေါ့၊ ဒါပေမယ့် သူ ရောက်လာခါစတုန်းကတော့ ကျုပ် တော်တော်လေး အံ့သြသွားတယ်၊ တုန်လှုပ်ချောက်ချားမှုလဲ ဖြစ်သွားတယ်”

“ဘာဖြစ်လို့လဲ အဘ”

“ဘာဖြစ်လို့လဲဆိုတော့ အဲဒီ မင်းပြောတဲ့ ကလေးမလေးဟာ ကျုပ်ရဲ့တူမ မသင်းထုံနဲ့ တော်တော်လေးတူနေလို့ပဲကွယ့်....

“ပိုပြီးတူစေတာက မသင်းထုံလိုပဲ သူကလဲ ဆံပင်တွေကပိုကရိုနဲ့ မဖြီးမလိမ်း မပြင်မဆင်နဲ့ ရောက်လာတာကိုး၊ ပြောရမယ်ဆိုရင်တော့ အပူသည်ရုပ်ပေါ့ကွယ်၊ တကယ့်ကို မသင်းထုံ အတိုင်းပဲ၊ ကျုပ်ဟာ သတ္တိနည်းတဲ့လူ တစ်ယောက် မဟုတ်ပါဘူး၊ ဒါပေမယ့် သူ့ကိုတွေ့တွေ့ချင်း ကြက်သီးတွေ တဖြန်းဖြန်းထသွားခဲ့မိတာတော့ အမှန်ပဲ၊ ကျုပ်ရဲ့စိတ်ထဲမှာ ကျုပ်တူမလေး မသင်းထုံ ပြန်ရောက်



လာသလိုပဲ၊ သင်းထုံလို့ မခေါ်မိအောင်တောင် မနည်းချုပ်ထားရတယ်”

“ဆက်ပါဦး အဘ”

“သူက ကျုပ်နေတဲ့ ငှက်ပျောတောထဲက တဲကလေးဆီကို တန်းတန်းမတ်မတ် လျှောက်လာတာ၊ ပုံပန်းကတော့ မောင်ရင့်လို ဘုမသိဘမသိ မဟုတ်ဘူး၊ သူက တစ်ဖက်ခြံကနေ ကျုပ်ခြံထဲကိုလှမ်းကြည့်ပြီး အကဲခတ်နေပုံရပါတယ်၊ ကျုပ်ကိုတွေ့တော့ မောင်ရင့်လို အထိတ်တလန့်ဖြစ်မသွားဘူး၊ ရင်းရင်းနှီးနှီးဆက်ဆံတယ်၊ ပြီးတော့....”

“ပြီးတော့ ဘာဖြစ်လဲ အဘ”

“ပြီးတော့ သူက ကျုပ်ထူမ မသင်းထုံရဲ့ဂူနေရာကို ပို့ခိုင်းတယ်၊ မသင်းထုံ အကြောင်း အသေးစိတ် ပြောခိုင်းတယ်....

“ပြီးတော့ ကျုပ်ကို ငွေငါးရာ ကန်တော့ခဲ့ပြီး ဒီအကြောင်းတွေကို ဘယ်သူ့မှ ပြန်မပြောပြဖို့ နှုတ်ပိတ်ခဲ့တယ်....

“ကျုပ်လဲ သူစိတ်ချမ်းသာအောင် ဘယ်သူ့ကိုမှမပြောပြပါဘူးဆိုပြီး ကတိပေးခဲ့မိတယ်၊ အဲဒါကြောင့် မောင်ငွေနှင်း မေးတော့ ကျုပ် ပြောရခက်နေတာပါ၊ အဲ....တစ်ခုထူးခြားတာက အဲဒီမိန်းကလေးရဲ့ မျက်လုံးတွေက အကြည့်မှုန်ဘူးကွယ့်၊ ပြောရမယ်ဆိုရင်တော့ မျက်လုံးတွေ မငြိမ်ဘူးပေါ့”

"ဟုတ်တယ် အဘ၊ သူက စိတ်ဝေဒနာရှင်လေးတစ်ဦးပါပဲ"

ဦးဘိုးထွန်း၏ မျက်နှာတွင် စိုးရိမ်စိတ်များ ပေါ်လာသည်။

"အခု သူ့အခြေအနေက ဘယ်လိုရှိသလဲ မောင်ငွေနှင်း"

"အခုတော့ အခြေအနေ အတော်ကလေး သက်သာလာပါပြီ အဘရယ်၊ နောက်ဆိုရင် ပိုပြီး ဒီထက်ကောင်းလာဖို့ပဲ ရှိပါတော့တယ်၊ အဘဆီကရတဲ့ သတင်းစကားတွေဟာ ကျွန်တော် မှုန်မှုန့်ရောဂါကို ကုသတဲ့အခါ အများကြီး အထောက်အကူရမှာပါပဲ"

"ဘယ်လိုများ ပတ်သက်နေလို့လဲ"

"ရိုးရိုး အရပ်သားတစ်ယောက်ကို သေသေချာချာ နားလည်အောင် ရှင်းပြနိုင်ဖို့ ခက်ပါတယ် အဘ၊ ပြောရမယ်ဆိုရင်တော့ မှုန်မှုန်ဟာ ဒေါ်သင်းထုံရဲ့ ဘဝလိုမျိုး ထပ်တူနီးပါး ခံစားနေခဲ့ရရှာတဲ့ မိန်းကလေးပါ အဘ၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခောဆိုတဲ့ ဘုရားဟော ပါဠိတော်အတိုင်း ချစ်သောသူနှင့် ကွေကွင်းရခြင်း ဒုက္ခဆင်းရဲကို ခံစားရပြီး ကြောင်ငေးငေး ဖြစ်နေရှာတာပါပဲ၊ ဒီတော့ အဘပြောပြတဲ့ ဒေါ်သင်းထုံ အဖြစ်အပျက်ကိုလဲ ကြားရရော သူ့နှလုံးသားမှာ ပိုပြီး ဒဏ်ရာအနာတရ ဖြစ်သွားရတာပေါ့၊ ဘယ်လိုပြောရမလဲ၊ တစ်ပိသာ အလေးချိန်ကနေ နှစ်ပိသာအလေးချိန်မျိုး နှစ်ဆတိုးပြီး ဝေဒနာခံစားခဲ့ရတယ်"



ဦးဘိုးထွန်းက နားစိုက်ထောင်ရင်း ခေါင်းတညိတ်ညိတ်လုပ်နေပြန်သည်။

"ပြောရမယ်ဆိုရင်တော့ နှလုံးသားကြေကွဲပြီး ဘဝထဲမှာ နေရတာကို ငြီးငွေ့လာတယ်၊ ဒေါ်သင်းထုံလို ဘဝအဆုံးသတ် လိုက်ချင်ပြီ၊ ဒါပေမယ့် အဖန်ငါးရာ ငါးကမ္ဘာဆိုတဲ့ ဘာသာတရားက ဆုံးမထားချက်ကိုလဲ သိထားတော့ လွန်ဆန်ပြီး မလုပ်ရဲဘူး၊ ဒီမှာတင် သူ့ကိုယ်သူ ဒေါ်သင်းထုံလို့ ခံယူပစ်လိုက်ပုံရပါတယ်"

"ကျွတ် ကျွတ် ကျွတ်ကျွတ်၊ အဲဒီအထိတောင် ဖြစ်သွားရှာတာကိုး၊ ဒီလောက်ထိ ဖြစ်လိမ့်မယ်လို့ အဘမသိတာတော့ အမှန်ပါ မောင်ငွေနှင်းရယ်၊ အဘက သူသိချင်တယ်ဆိုလို့သာ ဘာရယ်မတွေးမိဘဲ ပြောပြဖြစ်သွားခဲ့တာပါ"

"ဒါဟာ အဘအပြစ်လဲ မဟုတ်ပါဘူး၊ သူ့ဘာသာ ဖြစ်ချိန်တန်လို့ ဖြစ်ခဲ့ရတယ်လို့ပဲ အောက်မေ့လိုက်ပါ အဘရယ်၊ အခုလို ကျွန်တော့်ကို သေသေချာချာ ရှင်းပြတဲ့အတွက် ကျေးဇူးအများကြီး တင်ပါတယ်၊ အဘ ရှင်းပြလိုက်လို့ မှုန်မှုန့်အတွက် ဘယ်လိုလုပ်ဆောင် ကုသပေးရမယ်ဆိုတာကို ချင့်ချိန်တွက်ဆလို့ ရတာပေါ့"

ဦးဘိုးထွန်းက နားလည် သဘောပေါက်သွားဟန်ဖြင့် ခေါင်းကို တဆတ်ဆတ် ညိတ်လိုက်သည်။

"အေးကွယ်....ကလေးမလေး မိဖွေးတိုင်း ဖဖွေးတိုင်း စိတ်ဓာတ်မျိုးပြန်ရပြီး မကြာခင်မှာ ကျန်းမာလာပါစေလို့ ကျုပ်ဆုတောင်းနေပါ့မယ်"

"ကျွန်တော်လဲ အတတ်နိုင်ဆုံး ကြိုးစားပြီး ကုသပေးမှာပါ အဘ"

"အေးကွယ်....မောင်ငွေနှင်း အလုပ်က တကယ့်ကို လူသားအကျိုးပြု လုပ်ငန်းပါပဲကွယ်၊ ကျုပ် သာဓုခေါ်ပါတယ်"

ဤသို့ဖြင့် ဒေါက်တာငွေနှင်းသည် ဦးဘိုးထွန်းကို နှုတ်ဆက်ပြီး ခြံကြီးထဲမှ ပြန်၍ထွက်လာခဲ့လေတော့သည်။

●

## အခန်း (၁၃)

### အစဝေးတို့နှင်

ဦးဘိုးထွန်း၏ ခြံထဲမှ ပြန်ထွက်လာခဲ့သည့် ဒေါက်တာငွေနှင်း၏ ခြေလှမ်းများသည် လွန်စွာ သွက်လက်လျက်ရှိလေ၏။

အဘယ်ကြောင့်ဆိုသော် မှုန်မှုန်၏ရောဂါ ဇာစ်မြစ်ကို ရှာဖွေတွေ့ရှိ ခဲ့သောကြောင့်ပင် ဖြစ်သည်။

"မကြာခင် ရက်ပိုင်းအတွင်းမှာ မှုန်မှုန်ဟာ လူကောင်းတစ်ယောက် ဖြစ်သွားတော့မယ်"

ဒေါက်တာငွေနှင်းက စိတ်ထဲမှ တွေးတောရင်း မိမိဘာသာ ကျေနပ်စွာ ပြည့်ပြည့်ဝဝကြီး ပြုံးလိုက်မိလေ၏။

ကျေနပ်မှုနှင့်အတူ ခြေလှမ်းများလည်း သွက်လက်လျက်ရှိသည်။

မှုန်မှုန်တို့ ခြံဘက်သို့ ကားကို သွက်သွက်မောင်းဝင်လာခဲ့၏။

ခြံဝတွင် ရပ်လျက် ဟွန်းတီးလိုက်သောအခါ အိမ်ဖော်မလေး ထွေးရီ ရောက်လာပြီး ခြံဝင်းတံခါးကို ဖွင့်ပေးလေ၏။

ဒေါက်တာငွေနှင်းက ကားကို တဖြည်းဖြည်း မောင်းနှင်ပြီး တိုက်အိမ်ဆင်ဝင်အောက်တွင် ရပ်လိုက်သည်။

ထိုအခါ ဧည့်ခန်းတံခါးဝမှ ဦးဖေခင်က အပြုံးဖြင့်ဆီးကြိုလေသည်။

"ကြွပါ၊ ဒေါက်တာ ကြွပါ၊ ကျွန်တော်လဲ အလုပ်တွေ သိပ်ပြီး အရေးကြီးနေတာနဲ့ ဒေါက်တာနဲ့ မတွေ့ရတာ တော်တော်တောင် ကြာသွားပြီ"

ဦးဖေခင်က ဧည့်ဝတ်စကားပြောကြားရင်း ဧည့်ခန်းသို့ ဦးဆောင် ဝင်လာခဲ့၏။

ထို့နောက် ဆက်တီတွင် ဝင်ထိုင်လိုက်ကြလေ၏။

"သမီးရဲ့ အခြေအနေ အတော် ဘိုးတက် လာပြီလို့ ကျွန်တော့် ညီမ မရွှေခင် ပြောတယ်၊ ဟုတ်လဲဟုတ်ပါတယ် ဒေါက်တာ၊ အရင်လို ကြောင်တောင်တောင် စကားတွေ



သိပ်မပြောတော့ဘူး၊ သူ့ကိုယ်သူဒေါ်သင်းထုံလို့လဲ မပြောတော့ဘူး၊အဲ....ဒါပေမယ့် စကားတော့အတော် နည်းသွားတယ်"

"ကိစ္စမရှိပါဘူး ဦး၊ဒီလိုပဲဖြစ်တတ်ပါတယ်၊ အပြောင်းအလဲ ကာလမှာ စကား သိပ်ပြီး မပြောလို့လဲ စိုးရိမ်စရာ မလိုပါဘူး၊ နောက် သုံးကြိမ်လောက် ကျွန်တော် ကုပေးပြီးရင် မှုန်မှုန်ရဲ့ရောဂါ ရှင်းရှင်းကြီး ပျောက်သွားလိမ့်မယ်လို့ ယုံကြည်ပါတယ် ဦးလေး"

"ကျွန်တော် ဒေါက်တာ့ကို ကျေးဇူးတင်ပါတယ်ဗျာ၊ ကျေးဇူး ဘယ်လို ဆပ်ရမယ်ဆိုတာတောင် မပြောတတ်တော့ပါဘူး"

ဒေါက်တာငွေနှင်းက ခေါင်းကိုယမ်းခါပြလိုက်သည်။

"ဆရာဝန်တစ်ယောက် ဖြစ်လာရင် လူနာကို ပျောက်အောင် ကုသရမှာ တာဝန်ဝတ္တရားတစ်ခုပါပဲဦး၊ဒီအတွက် ကျွန်တော့်ကို အထူးတလည် ကျေးဇူးဆပ်စရာ မလိုပါဘူး၊ လူနာ ချမ်းသာခွင့် ရတာဟာ ဆရာဝန်တစ်ဦး အတွက် ဆုလာဘ် ပါပဲ"

ဦးဖေခင်က ကျေနပ်နှစ်သိမ့်စွာဖြင့် ခေါင်းတညိတ်ညိတ်လုပ်နေသည်။

"ကဲ....ဒေါက်တာ၊ ဒီကနေ့ ကုသရဦးမယ် မဟုတ်လား"

"ဟုတ်ကဲ့"

"သမီး အပေါ်ထပ်မှာရှိပါတယ်၊ စောစောက ရေချိုးပြီး အပေါ်တက်သွားတယ်၊ မရွှေခင်လဲ သူ့တူမနဲ့ အတူရှိတယ်"

"ဟုတ်ကဲ့....ဦး"

ဒေါက်တာ ငွေနှင်းက အပေါ်ထပ်သို့ တက်လာခဲ့သည်။

အပေါ်ရောက်သောအခါ ဒေါ်ရွှေခင်က ရွှင်လန်းစွာ လှမ်းနှုတ်ဆက်လိုက်သည်။

"တော်တော်လေး အခြေအနေကောင်းလာပြီ မောင်ငွေနှင်း၊ ဒေါ်သင်းထုံ ဆိုတဲ့ နာမည် သိပ်မသုံးတော့ဘူး"

ဒေါ်ရွှေခင်က နှစ်ကိုယ်ကြား တိုးတိုးလေး ကပ်ပြီး ပြောလိုက်သည်။

"ကျွန်တော် သဘောပေါက်ပါတယ် ဒေါ်ဒေါ်၊ အရင်တစ်ခေါက်က သူ့ရဲ့ မသိစိတ်ကို မှုန်မှုန်ဆိုတဲ့ အသိ ကျွန်တော် ပေးထားခဲ့တယ်၊ သူ့ကိုယ်သူ မှုန်မှုန် အဖြစ် ပြန်ပြီး သိနေပါပြီ၊ ဒါပေမယ့် လနဲ့ချီပြီး ဒေါ်သင်းထုံ ဖြစ်ခဲ့ဖူးတော့ ကြောင်အမ်းအမ်း ဖြစ်နေတာပါ"

ဒေါက်တာငွေနှင်း ကလည်း လေသံတိုးတိုးဖြင့် ရှင်းပြလိုက်၏။

"ကဲကဲ....ဒေါက်တာ ငွေနှင်း၊ အခန်းထဲမှာ မှုန်မှုန် အဆင်သင့် ရှိနေတယ်၊ သူ့ကိုကြည့်ရတာ မောင်ငွေနှင်းကို စောင့်နေတဲ့ပုံပဲ"

"ဟုတ်ကဲ့ ဒေါ်ဒေါ်၊ ကျွန်တော် သွားလိုက်ပါမယ်"



ဒေါက်တာငွေနှင်းက ပြောပြောဆိုဆို မှုန်မှုန်၏ အခန်းသို့ ဝင်သွားခဲ့သည်။

ဒရင်းဘက်ဟုခေါ်သော လက်တင် ပက်လက်ခုံကလေးတွင် သက်သောင့်သက်သာထိုင်လျက် စာအုပ် တစ်အုပ်ကို စိတ်ဝင်စားစွာ ဖတ်နေသည်။

ခါတိုင်းထက်စာလျှင် အခြေအနေများစွာ တိုးတက်နေပြီ ဖြစ်၍ ဒေါက်တာငွေနှင်း ဝမ်းသာကျေနပ်သွားမိသည်။

သူဝင်သွားသည်ကို မှုန်မှုန်က သတိမထားမိဘဲ စာထဲတွင် စိတ်ဝင်စားမြဲ ဝင်စားနေသောကြောင့် သူက အနားတွင် ခြေစုံရပ်ရင်း အသံပေးလိုက်သည်။

"မှုန်မှုန်....ဘာတွေ ဒီလောက်တောင် စိတ်ဝင်တစား ဖတ်နေရတာလဲ"

"ဪ....ဆရာ ထိုင်လေ"

ဒေါက်တာ ငွေနှင်းက အသံ ပေးလိုက်သောကြောင့် မှုန်မှုန် စာအုပ်ကိုဖယ်လိုက်ပြီး လှမ်းကြည့်ကာ နေရာပေးသည်။

ဒေါက်တာငွေနှင်းက သူထိုင်နေကျ နေရာတွင် ဝင်ပြီး ထိုင်လိုက်သည်။

သနပ်ခါး အဖွေးသားနှင့် လှချင်တိုင်းလှ၊ မွှေးချင်တိုင်း မွှေးနေသော မှုန်မှုန် ကို ကြည့်ရင်း ဒေါက်တာငွေနှင်း ဝမ်းသာနေမိသည်။

"မှုန်မှုန်က ဘဝမှန်ကို ပြန်ရောက်နေပြီပဲ"

"နေကောင်းတယ်နော် မှုန်မှုန်"

"ဟုတ်ကဲ့....ကောင်းပါတယ် ဆရာ"

"ဒီကနေ့လဲ အကြောဖြေလျှော့တဲ့ လေ့ကျင့်ခန်း လုပ်ရဦးမယ်နော် မှုန်မှုန်"

"ဟုတ်ကဲ့....ဆရာ"

"ဒီလိုလုပ်တဲ့အတွက် နေလို့ထိုင်လို့ ကောင်းလာတာ သေချာတယ်နော်"

"ဟုတ်ကဲ့ပါ ဆရာ"

မှုန်မှုန်က သူ့ကို စေ့စေ့ကြည့်ရင်း အားဖြပေးသည်။

မျက်လုံးချင်းဆုံမိသောအခါ ထုံးစံအတိုင်း မှုန်မှုန်က မျက်နှာအရင်လွှဲသည်။

"ဒီကနေ့လဲ အဲဒီကုထုံးနဲ့ ဆက်ပြီးကုရဦးမယ် မှုန်မှုန်၊ သိပ်မလိုတော့ပါဘူး၊ဒီကနေ့တစ်ခါ၊ သန်ဘက်ခါ တစ်ခါဆိုရင် ငါးကြိမ်ပြည့်ပါပြီ"

"သန်ဘက်ခါဆို ငါးကြိမ်ပြည့်ပြီနော်"

မှုန်မှုန်က မှတ်မှတ်ရရ ပြောလိုက်၏။

"ဟုတ်တယ်၊ ငါးကြိမ်ပြည့်ပြီ မှုန်မှုန်၊ ဘာဖြစ်လို့လဲ"

"ဩော်.... ဘာမှမဖြစ်ပါဘူး ဆရာ"

မှုန်မှုန်က ဘာမှမဖြစ်ပါဘူးဟုဆိုသော်လည်း ရင်ထဲမှာ တစ်စုံတစ်ရာ ခံစားနေရသည်ကိုမူ သူမဘာသာသိနေသည်။

မှုန်မှုန်က ပြောပြီး အကြည့်ကို ပြတင်းပေါက်ဘက်လှည့်ထားသည်။

"မှုန်မှုန်"

"ရှင်.... ဆရာ"



"ကဲ.... ဖြေလျှော့အနားယူလိုက်ရအောင်"

"ဟုတ်ကဲ့ ဆရာ"

ဒေါက်တာငွေနှင်းရင်ထဲမှာ ပီတိတွေပြည့်လျှံလျက် များစွာ ကျေနပ်နေမိလေ၏။

"ခုတင်ပေါ်တက်မနေနဲ့တော့ မှုန်မှုန်၊ အဲဒီ ဒရင်းဘက်ပေါ်မှာပဲ နေလို့ရပါတယ်"

"ဟုတ်ကဲ့ ဆရာ"

သိမ်မွေ့နူးညံ့သော လေသံကလေးဖြင့် မှုန်မှုန်က တုံ့ပြန်သည်။

ဒေါ်သင်းထုံ မဖြစ်တော့ပြီဖြစ်သော မှုန်မှုန့်အတွက် ရင်ထဲမှာ ဝမ်းသာနေမှုများက အတိုင်းထက်အလွန်။

"မျက်စိလေးတွေမှိတ်ထား မှုန်မှုန်"

မှုန်မှုန်က ကလေးတစ်ယောက်လိုပင် လွယ်လွယ်ကူကူ လိုက်နာသည်။

မျက်လွှာကလေး ချထားသော်လည်း မှုန်မှုန်က လှပနေဆဲ။

ခုန်လှုပ်ချင်သည့်ရင်ကို မခုန်ဖြစ်အောင် ဒေါက်တာငွေနှင်း အာရုံချက်ချင်းလွှဲရသည်။

ဩော်.... လူနာနှင့်ဆရာဝန်၊ ဆရာဝန်နှင့်လူနာ စောင့်ထိန်းရမည့် ဝတ္တရားက ရှိနေသည်မဟုတ်လား။

ထုံးစံအတိုင်း ခြေထောက်မှ ဦးခေါင်းအထိ ခန္ဓာကိုယ်တစ်ခုလုံး ဖြေလျှော့ပေးလိုက်သည်။

တစ်ကိုယ်လုံးရှိ သွေးလွှတ်ကြော၊ သွေးပြန်ကြောများ ပြေလျော့သွားသောအခါ မှုန်မှုန်သည် အိပ်ပျော်နေသကဲ့သို့ ဖြစ်သွားလေတော့သည်။

"ဟုတ်ပြီ၊ တစ်ကိုယ်လုံး အကြောတွေ လျော့လျော့.... လျော့လာပြီ၊ နေလို့သိပ်ပြီးကောင်းနေပြီ၊ ကျန်းမာလာပြီ၊ အင်အားတွေပြည့်လာပြီ၊ စားလို့သောက်လို့ ကောင်းလာပြီ၊ အိပ်လို့ကောင်းလာပြီ၊ စိတ်ချလက်ချအနားယူလိုက်၊ စိတ်ချလက်ချအနားယူလိုက်"

ဒေါက်တာငွေနှင်းက တိုးသက်ညင်သာစွာဖြင့် တစ်လုံးချင်း ပြောပေးနေသည်။

ဆယ်မိနစ်ခန့် ငြိမ်သက်စွာ နားနေခိုင်းလိုက်သည်။

ဒရင်းဘက်ပေါ်တွင် မှုန်မှုန် အိပ်၍မပျော့တပျော် အနေအထားမှာ ရှိသည်။

မှုန်မှုန့် ခန္ဓာကိုယ်လေးကို အပေါ်စီးမှ ကြည့်ရင်း ဒေါက်တာငွေနှင်း စိတ်တွေလှုပ်ရှားလာပြန်သည်။

ခါတိုင်းလိုဆံပင်မျှားမဖြီးမသင်ဘဲ ကပိုကရိုမဟုတ်တော့ လည်း စိတ်တွေက တစ်မျိုးဖြစ်ချင်လာသည်။

ဒေါက်တာငွေနှင်း သက်ပြင်းကို မသိမသာ ခိုးရှိုက် လိုက်သည်။

စိတ်ဆင်ရိုင်းတွေငြိမ်သက်သွားစေရန် သတိထား ချုန်း အုပ်ရင်း ဒေါက်တာငွေနှင်း စိတ်တွေကျဉ်းကျပ်နေမိသည်။

"ဩော်.... မှုန်မှုန်ရယ်"



မှုန်မှုန်ကတော့ အေးချမ်းငြိမ်သက်စွာဖြင့် ဒရင်းဘက် ပေါ်မှာ မလှုပ်မယှက် ငြိမ်သက်နေသည်။

ငြိမ်သက်နေသော မှုန်မှုန်ကိုကြည့်ရင်း စိတ်တွေမငြိမ် မသက် ဖြစ်နေသည်က ဒေါက်တာငွေနှင်း ဖြစ်သည်။

ဆရာနှင့် တပည့်။

ဆေးဆရာနှင့် လူနာ။

မကြံအပ်၊ မစည်ရာ။

ဒေါက်တာ ငွေနှင်းက ကိုယ့်ကိုယ်ကို သတိပေးရင်း စိတ်အတွေးရိုင်းများကို အဝေးသို့ နှင်ထုတ်ပစ်နေမိသည်။

မည်သို့ပင်ဆိုစေ ပုထုဇဉ်စိတ်ဆိုတော့လည်း....

## အခန်း (၁၄)

### စိတ်ရှုပ်ခြင်းဆည် ဒေါသသဘောကိုဆောင်၏

"ငါ နောက်ထပ်တစ်ကြိမ် မှုန်မှုန်နဲ့ သွားတွေ့ရဦးမှာတောင် ခပ်လန့်လန့် ဖြစ်နေတယ် ရဲထွန်းရာ"

ဒေါက်တာငွေနှင်းက သက်ပြင်းရှိုက်လျှက် ပြောလိုက်၏။

"ဘာဖြစ်တယ် ငွေနှင်း၊ မှုန်မှုန်နဲ့သွားတွေ့ဖို့ ခပ်လန့်လန့် ဖြစ်နေတယ် ဟုတ်လား"

"အင်း"

"ဩော်....ငါက နားကြားများ လွဲသွားသလားလို့၊ မင်းစိတ်ဝင်စားနေတဲ့ မှုန်မှုန့်ဆီကို သွားရမှာ ဘာဖြစ်လို့

လန့်ရတာလဲ၊ စုန်းပူး သရဲပူးတာ မဟုတ်ဘူးဆို၊ လန့်စရာလား"

ဒေါက်တာ ငွေနှင်းက ခေါင်းကို ယမ်းခါပစ်လိုက်သည်။

"စုန်းပူးတာ၊ သရဲပူးတာကမှ တော်လိမ့်ဦးမယ်၊ ခုဟာက...."

"ခုဟာက ဘာဖြစ်သလဲ၊ သေချာ ပြောစမ်းပါကွာ၊ မင်းဟာက စကားလုံးတစ်လုံးနဲ့ တစ်လုံး သံကြိုးရိုက်နေသလိုပဲ၊ မင်းကိုကြည့်ရတာ ဘာဖြစ်နေသလဲ၊ တစ်မျိုးပဲ"

"အေးပေါ့....အဲဒါကို ပြောပြနေတာ၊ စုန်းပူးတာ၊ သရဲပူးတာကမှ တော်ဦးမယ်၊ ခုဟာက အဲဒါထက် ပိုပြီးဆိုးနေတယ်"

"ဒါနဲ့ မင်းပြောတော့ မှုန်မှုန်က အခြေအနေ သိပ်ကောင်းနေပြီဆို၊ ဒီတစ်ခေါက် မင်းသွားပြီးရင် လူကောင်းတစ်ယောက်ဖြစ်ပြီလို့ ပြောနိုင်ပြီဆို"

"ဟုတ်ပါတယ်၊ မှုန်မှုန်က ဝေဒနာတွေ သက်သာပျောက်ကင်းသွားပါပြီ၊ အခု ဝေဒနာတိုးနေတာ ငါကွ၊ စုန်းပူးတာ သရဲပူးတာထက် ဆိုးနေတာက သူမဟုတ်ဘူး၊ ငါကွ....ငါ"

ဒေါက်တာရဲထွန်းက သူ့စကားကို အံ့သြနားမလည်စွာဖြင့် မျက်မှောက်ကြုတ်၍ ကြည့်သည်။



"မင်း ဘာတွေဖြစ်နေတာလဲ"

"အေး....ငါဘာတွေ ဖြစ်နေသလဲဆိုတာ ငါ့ကိုယ်ငါတွေးရခက်နေတယ်၊ တကယ်ဆို မှုန်မှုန်က ငါ့ရဲ့လူနာကွ၊ လူနာပေါ်မှာ ဆရာတစ်ယောက်ဟာ ဖြူစင်တဲ့စိတ်ထားမျိုးပဲ ထားသင့်တာပေါ့၊ ခုတော့...."

ဒေါက်တာငွေနှင်းက စကားကိုဆက်မပြောဘဲ ရပ်ဆိုင်းထားလိုက်သည်။

ဒေါက်တာ ရဲထွန်းက သူငယ်ချင်းဖြစ်သူ၏ စကားအသွားအလာကို တွက်ချက်ရင်း သဘောပေါက်သွားဟန်ဖြင့် ခေါင်းတညိတ်ညိတ် လုပ်လိုက်သည်။

"ငါသဘောပေါက်ပြီ ငွေနှင်း၊ မင်း မှုန်မှုန့် အပေါ်မှာ စွဲလမ်းတွယ်တာနေမိပြီ မဟုတ်လား"

ဒေါက်တာငွေနှင်းက အဖြေမပေးဘဲ ငြိမ်သက်နေလေသည်။

"ဆိတ်ဆိတ်နေခြင်းဟာ ဝန်ခံခြင်းဆိုတဲ့ သဘောပဲလို့ ငါနားလည်တယ် ငွေနှင်း၊ ဒါပေမယ့် တစ်ခုတော့ ရှိပါတယ်ကွာ၊ မှုန်မှုန်ကို မင်း စိတ်ဝင်စားတာက အခုကျမှ မဟုတ်တာ၊ မင်းကို လူနာရှင်က မအပ်ခင်ကတည်းက တွေ့တွေ့ချင်း ကတည်းက မင်းစိတ်ဝင်စားခဲ့တာ မဟုတ်လား၊ ကိုယ့်ရဲ့လူနာဖြစ်မှ စိတ်ဝင်စားတာမှ မဟုတ်ဘဲ၊ ငါကတော့ မင်းကိုဖောက်ပြန်သူ၊ ဆရာစည်းဖောက်သူဆိုတဲ့ အမြင်မျိုး မမြင်ပါဘူးကွာ"

"ဘာပဲဖြစ်ဖြစ် မဖြစ်သင့်တာတော့ အမှန်ပဲ ရဲထွန်း၊ ငါကိုယ်ငါ သဘောပေါက်တယ်၊ မှုန်မှုန်နဲ့ ရင်းရင်းနှီးနှီး ခုလို ခဏခဏ တွေ့ရတဲ့ အခါမျိုးရင် တစ်ချိန်ချိန်မှာ မှုန်မှုန့်ကို ငါ ဖွင့်ပြောမိသွားလိမ့်မယ်"

ဒေါက်တာရဲထွန်းက ကျေနပ်စွာ ပြုံးလိုက်၏။

"ဖွင့်ပြောမိတော့လဲ ဘာဖြစ်သေးလဲ ငွေနှင်းရာ၊ မင်းက လွတ်လပ်တဲ့လူပျို တစ်ယောက်ပဲ၊ လွတ်လပ်တဲ့ မှုန်မှုန်ကို ရည်စားစကား ပြောမိတယ်ဆိုရင်လဲ တရားကျပါတယ်၊ ဖြစ်သင့်ပါတယ်"

ငွေနှင်းက ခေါင်းကို ယမ်းခါပစ်လိုက်သည်။

"ငါ ဒီလိုမဖြစ်သင့်ဘူး၊ ဖြစ်ရမှာကြောက်တယ် သူငယ်ချင်း"

"ဟ....ဘာ ကြောက်စရာရှိလို့လဲ"

"ကိုယ့်ကိုယ်ကို ကျေနပ်နိုင်မှာ မဟုတ်ဘူး၊ တကယ်တော့ မှုန်မှုန်ဟာ ငါ့ရဲ့ဘူနာကွ၊ သူ့ အဖေနဲ့ အဒေါ်က ငါ့ကိုယုံလို့ ပုံအပ်ထားတာ"

"ဘာပဲဖြစ်ဖြစ် လောကကြီးဟာ ဖြစ်သင့်ဖြစ်ထိုက်တာတွေ ဖြစ်နေကြတာပါကွာ၊ မင်း သိပ်ပြီး စိတ်မပူနေစမ်းပါနဲ့"

ဒေါက်တာငွေနှင်းက သက်ပြင်းချလိုက်၏။



"ငါ မနက်ဖြန် မှုန်မှုန် တို့အိမ်ကို သွားရမှာတောင် တွေးတွေးပြီး ကြောက်နေတယ် ရဲထွန်း"

"မင်းက ကိုယ့်အရိပ်ကိုယ် ပြန်ကြောက်နေတဲ့ ကောင်ပဲကွာ"

"ပြောချင်သလိုသာ ပြောတော့ ရဲထွန်း၊ ငါကတော့ ဒီကိစ္စကို မဖြစ်သင့်ဘူးလို့ထင်တယ်"

"ဒါဖြင့် မင်း မှုန်မှုန့်ကို ချစ်နေပြီပေါ့"

ဒေါက်တာငွေနှင်းက ဘာမှ ပြန်မပြောဘဲ အိမ်ရှေ့တံခါးမကြီးမှ အပြင်ဘက်ကို ငေးကြည့်နေသည်။

"ငွေနှင်း၊ မင်းကို ငါ မေးနေတယ်လေ"

သည်တော့မှ အသက် ဝင်လာသည့် အရုပ် တစ်ရုပ်လို ဒေါက်တာရဲထွန်းဘက် လှည့်လာသည်။

"ကဲ....ဖြေစမ်းပါဦး"

"ဒီမေးခွန်းက အဆန်းတကြယ် မေးနေစရာ မလိုပါဘူးကွာ၊ မင်းလဲ သိပြီးသားပဲ၊ မှုန်မှုန့်ကို ငါ စတွေ့တွေ့ချင်းကတည်းက ချစ်နေမိတာလို့ ပြောရင် ရတာပဲ"

"ဖျောက်"

ရဲထွန်းက သူ့ဝသီအတိုင်း လက်ဖျောက်တစ်ချက် ထချိုးလိုက်ပြန်သည်။

"ဒါဆိုရင် ပွဲကပြီးနေပြီပဲ ငွေနှင်းရယ်၊ မင်း အတွေးတွေ ခေါင်မနေနဲ့၊ ဆေးဆရာက စောင့်ထိန်းရမယ်၊ စည်း

ဖောက်ဖျက်ပြီး မင်း သူ့အပေါ် စိတ်ပြောင်း သွားတာ မဟုတ်ဘူး၊ မင်းရဲ့လူနာ မဖြစ်ခင်ကတည်းက မှုန်မှုန်ဟာ မင်းရဲ့ချစ်သူ ဖြစ်နေပြီ မဟုတ်လား''

''ဟာကွာ....မပြောတတ်တော့ဘူး၊ ငါ့စိတ်တွေ ရှုပ်နေတယ်''

''စိတ်တွေ မရှုပ်နဲ့ ငွေနှင်းရေ၊ စိတ် ရှုပ်တယ်ဆိုတာ မကောင်းဘူး၊စိတ်ရှုပ်တာ ဒေါသသဘောကို ဆောင်တယ်၊ ဒေါသဟာ အကုသိုလ်စိတ်ကွ၊ နေ့ရင်းထိုင်ရင်းအကုသိုလ် မဖြစ်စေနဲ့ဟေ့....''

●

## အခန်း (၁၅)

### အားလုံးတို့ နားလည်မိခြင်း

မသွားချင်၍လည်း မဖြစ်။
နောက်ဆုံးတစ်နေ့ကို သွားဖြစ်အောင် သွားမှဖြစ်မည်။

ဒေါက်တာငွေနှင်း ညက တော်တော်နှင့် အိပ်၍မပျော်နိုင်ခဲ့။အတွေးထဲမှာ မှုန်မှုန်ကချည်း နေရာဝင်ယူထားသည်။

လှသော မှုန်မှုန်....
သနားစရာကောင်းသော မှုန်မှုန်....
ချစ်စရာကောင်းသော မှုန်မှုန်....
ရင်နှင့်မဆံ့ ချစ်ရတဲ့ မှုန်မှုန်....
ဩော်....မှုန်မှုန် ရယ်။

မှုန်မှုန့်ကို ချစ်ခဲ့မိတာ အမှားလား။

မှုန်မှုန့်ကို ကုသပေးခဲ့မိတာ အမှားလား။

လောကကြီးက မှားနေတာလား။

အတွေး တွေက ဟို ရောက်လိုက် သည် ရောက်လိုက်၊ အကောင်အထည် မရှိသော အတွေးများသည် ဒေါက်တာ ငွေနှင်းကို နှိပ်စက်ကြလေ၏။

မှုန်မှုန့်ကို နောက်ဆုံးနေ့အဖြစ် သွားရောက် ကုသပေးရဦးမှာပါကလားဟူသော အသိတရား ဝင်ရောက်လာသော အခါ အိပ်၍ မပျော်, ပျော်အောင် ကြိုးစား၍ အိပ်ရသည်။

ညဉ့်နက်မှ အိပ်ပျော် သွားခဲ့သဖြင့် အိပ်ရာ ထတော့ နောက်ကျသည်။

စိတ်ပိုင်းဆိုင်ရာ ကုသမှုပေးရသည်။

စိတ်ကုဆရာသည် တခြားဆေးဆရာများထက် ကျန်းမာရေး ကောင်းနေဖို့လိုသည်။

လန်းလန်းဆန်းဆန်း တက်တက်ကြွကြွ ရှိနေဖို့ လိုသည်။

လူနာကို ကုသပေးသောနေ့၊ ကုသပေးသောအချိန်မျိုးတွင် စိတ်အနှောင့်အယှက် တစ်စုံတစ်ရာ ဖြစ်မနေစေရန် ရှောင်ကြဉ်ရသည်။

ကိုယ်ရေးကိုယ်တာကိစ္စများကို ဘေးချိတ်ပြီးမေ့ပျောက်ထားရသည်။



သည့်အတွက် ဒေါက်တာငွေနှင်းသည် ကြိုးစား၍ သူ့ကိုယ်သူ ပြုပြင်သည်။

လုပ်နေကျ ကျန်းမာရေးလေ့ကျင့်ခန်းကို စိတ်ပါလက်ပါ ဖြစ်အောင်လုပ်သည်။ ပြီးလျှင် ရေချိုးသည်။ အဝတ်အစားသစ် လဲသည်။

အစာပြေ အနည်းငယ် စားသောက်ပြီးနောက် မှုန်မှုန့်ဆီသို့ ထွက်ခဲ့လေတော့၏။

မှုန်မှုန်ကလည်း ဒေါက်တာငွေနှင်း ရောက်လာချိန်တွင် ရေမိုးချိုး ဖြီးလိမ်းပြီး အဆင်သင့်ရှိသည်။

ကျန်းကျန်းမာမာ ပြုံးပြုံးရွှင်ရွှင် ရယ်ရယ်မောမော ဖြင့် ဆီးကြိုသည်။

ဒေါ်သင်းထုံစိတ် ပေါက်နေတုန်းက မှုန်မှုန်နှင့် လုံးဝ မတူတော့ပေ။

ဘီးကျော်ပတ်ကြီးနှင့် မှုန်မှုန် မဟုတ်တော့။

လွန်စွာ ခေတ်ဆန်၍ လှပသော မှုန်မှုန် ဖြစ်နေပြီ။

အသက်နှစ်ဆယ် လှသွေးကြွယ်လှောက်အရွယ် ရောက်နေသည့် မှုန်မှုန်....

အပို အမောက် အရှိက်အဝှမ်းတို့ဖြင့် နေရာတကျပြည့်စုံသည့် မှုန်မှုန်။

အလှအပတို့ စုဝေးရာ....

မွေးပျံ့ခြင်းတို့ တည်ရာ....

စက္ကူရှုပေန သံဝါသ....ဟူသော စကားနှင့်အညီ မှုန်မှုန်တည်းဟူသော ရူပါရုံကို မြင်ရသည့် ဒေါက်တာငွေနှင်း၏

ရင်သည် မြင်းရိုင်းတစ်ကောင်၏ လှုပ်ရှားပုံမျိုးဖြင့် ခပ်ရိုင်းရိုင်း ခုန်လေ၏။

"ဆရာ.... ဒီနေ့ လာတာ ခါတိုင်းထက် နောက်ကျသလားလို့"

မှုန်မှုန်က ချစ်စဖွယ် အပြုံးလေးဖြင့် ပြောလိုက်ကာ တစ်ဆက်တည်း....

"မှုန်မှုန်က ဆရာ့ကို မျှော်နေတာ...."

ဟူသော စကားဖြင့် ဖြည့်စွက်၍ ပြောလိုက်လေ၏။

သံယောဇဉ်စကား၊ တွယ်တာသည့်စကား။

သည်စကားမျိုး မှုန်မှုန့် နှုတ်ဖျားမှ ထွက်ပေါ်လာသောအခါ....

ဒေါက်တာ့ ငွေနှင်းအတွက် လှုပ်ရှားမှု အရှိန်က ပို၍ မြင့်တက်လာလေသည်။

သို့သော်....

သို့ပါသော်....

ဒေါက်တာငွေနှင်း၏ အသိတရားက ရိုင်းစိုင်းလှုပ်ခုန်နေသည့် စိတ်ဆောင်ရိုင်းကို ချွန်းဖြင့် အုပ်သလို အချိန်မီ အုပ်နိုင်ခဲ့သည်။

ချက်ချင်းပင် စိတ်ကိုငြိမ်အောင် ချုပ်ထိန်းလိုက်သည်။

"ဟုတ်တယ် မှုန်မှုန်၊ ဒီကနေ့ အိပ်ရာထ နည်းနည်းနောက်ကျလို့ ဆရာ နည်းနည်းလေးနောက်ကျသွားတယ်"

အသံကို တည်ငြိမ်အောင် မနည်းဂရုစိုက်ပြီး ပြောရသည်။



"ဪ....ဒါနဲ့ ဆရာ"

မှုန်မှုန်က ဒေါက်တာ ငွေနှင်း မျက်နှာကို ဖျတ်ခနဲ ကြည့်ပြီးမှ ဆက်၍ပြောသည်။

"ဒီကနေ့ ငါးကြိမ်ပြည့်ပြီနော်"

"ဟုတ်တယ် မှုန်မှုန်၊ ရောဂါလဲ ပျောက်တော့မှာပဲ"

မှုန်မှုန်က သက်ပြင်းကလေး မသိမသာ ခိုးရှိုက်လိုက်သည်။

"ဘာဖြစ်လို့လဲ မှုန်မှုန်"

မှုန်မှုန်က ဒေါက်တာငွေနှင်းထံမှ အကြည့်ကို လွှဲဖယ်ပစ်စေလိုက်သည်။

"ဘာမှ မဖြစ်ပါဘူး"

တစ်စုံတစ်ရာကို ဖုံးကွယ်လိုက်မှန်း ဒေါက်တာငွေနှင်း ရိပ်မိသော်လည်း ဆက်၍ မမေးဖြစ်တော့။

"ကဲ....မှုန်မှုန်၊ ထုံးစံအတိုင်း အကြောတွေ ဖြေလျှော့ပြီး အနားယူလိုက်ကြရအောင်...."

"ဟုတ်ကဲ့ ဆရာ"

မှုန်မှုန်က ဆရာ့စကားကို နာခံသည့် တပည့်လိမ္မာလေး တစ်ယောက်သဖွယ် ခုတင်ပေါ်တွင် ငြိမ်ငြိမ်လေး လျောင်းသက်လိုက်သည်။

ငြိမ့်သက် တည်ငြိမ်စွာသော အလှစုကို မကြည့်ချင်မြင်ချင်ယောင်ဆောင်သား ဖြစ်နေသည့် ဒေါက်တာ ငွေနှင်းသည် ဆန္ဒကိုဆန့်ကျင်လျက် အကြည့်ကို ကြိုးစားလွှဲဖယ်နေရ၏။

မှုန်မှုန်ကို ကုသနေစဉ် စိတ်ဆင်ရိုင်းများ ပေါ်မလာရေးသည် သူ့အတွက် အရေးကြီးဆုံးဖြစ်သည်။

သူ့စိတ်များ အမြန်ဆုံး တည်ငြိမ်သွားစေရန် ဆဲဗင်းဒိုင်းနိမိတ်ခေါ် အသက်ပြင်းပြင်း ခုနစ်ကြိမ် ခုနစ်ခါ ရှူသွင်းသည့်အလုပ်ကို ထိုင်ခုံမှာထိုင်ရင်း လုပ်သည်။

လေကို ပြင်းပြင်းရှူသွင်းလိုက်သည့် အချိန်တွင် ချက်တိုင်ထိရောက်အောင် ရှူသွင်းလျက် ပြန်လည်ထုတ်ပစ်သည့်အခါ ဖြည်းဖြည်းချင်း ကုန်စင်အောင် ထုတ်ပစ်သည့်နည်းပင်ဖြစ်သည်။

ခုနစ်ကြိမ်တိတိ ရှူသွင်းရှူထုတ် လုပ်ပြီး စိတ်များတည်ငြိမ်ကြည်လင်သွားမှ မှုန်မှုန်ကို အမိန့်ပေးကုသသည့်အလုပ်ကို ဆက်လုပ်သည်။

အားလုံး စုစုပေါင်း မိနစ်လေးဆယ့်ငါး မိနစ်ခန့်ကြာသည်။

နောက်ဆုံး အနားယူခိုင်းပြီးသည်နှင့် မှုန်မှုန့်ကို အိပ်ရာမှထခိုင်းလိုက်သည်။

မှုန်မှုန် လက်ချောင်းလေးတွေ တရွရွ စတင်လှုပ်ရှားလာပြီးမှ မျက်တောင်များ ပွင့်ဟလာကြသည်။

ကုထုံးစနစ်အရ မှန်ကန်သည်။

မှုန်မှုန် ကျန်းမာရေး အမှန်တကယ် ကောင်းမွန်လာကြောင်း ဖော်ပြသည်။

မှုန်မှုန် ကြည်ကြည်လင်လင် ပြန်လည်နိုးထလာသည်။

"ဘယ့်နှယ်နေသလဲ မှုန်မှုန်"



မှုန်မှုန်က ချစ်စဖွယ် ပြုံးလိုက်သည်။

"နေလို့ သိပ်ကောင်းတာပဲ ဆရာ၊ တစ်ကိုယ်လုံး ပေါ့ပါးပြီး စိတ်ထဲမှာ ကြည်လင်နေတယ်...."

"ဝမ်းသာပါတယ် မှုန်မှုန်၊ မှုန်မှုန် ကျန်းမာရေးသေသေချာချာ ကောင်းမွန်လာပြီ...."

မှုန်မှုန်က ဒေါက်တာငွေနှင်းကို စေ့စေ့စူးစူး ကြည့်နေရင်း....

"ဆရာ"

ဟု လှမ်းခေါ်လိုက်လေ၏။

အဓိပ္ပာယ်ပါသော အကြည့်၊ လေးနက်စွာ ခေါ်လိုက်သောအခေါ်ကြောင့် ဒေါက်တာငွေနှင်း သူမကို စေ့စေ့မကြည့်ရဲဘဲ တုံ့ပြန်လိုက်ရသည်။

"ပြောပါ မှုန်မှုန်"

"ဆရာ မှုန်မှုန့်ကို ဆေးကုသလို့ ပြီးသွားပြီပေါ့နော်"

ရုတ်တရက် ဘာပြန်ပြောရမည်ကို စဉ်းစားမိပြီးမှ ပြန်၍....

"ဟုတ်တယ် မှုန်မှုန်၊ ဆရာ့ရဲ့ကုထုံးအရတော့ ငါးကြိမ်ကုသပြီးပြီဆိုရင် လုံလောက်ပါတယ်"

"ဒါဆို မှုန်မှုန့်ဆီ ဆရာ ထပ်မလာတော့ဘူးပေါ့"

"ဟုတ်တယ်၊ လာစရာ မလိုတော့ဘူး"

"လုံးဝ မလာတော့မှာလား"

ဒေါက်တာငွေနှင်း ဖျတ်ခနဲ လှမ်းကြည့်မိသော အခါ အကြည့်ချင်း မဆုံချင်ဘဲ ဆုံသွားရပြန်သည်။

ယခုအခါ အကြည့်လွှဲမိသူက ဒေါက်တာငွေနှင်း ဖြစ်နေသည်။

"ဟိုလေ....လုံးဝ မလာတော့ဘူးတော့ မဟုတ်ဘူးပေါ့၊ အလည်အပတ်အဖြစ်တော့ လာတဲ့အခါ လာမှာပေါ့"

"မှုန်မှုန် မေးတာက ဆရာ မကြာမကြာ မလာတော့ဘူးလား ဆိုတာကိုပါ"

"ဒါက ဒီလိုရှိတယ်လေ၊ မှုန်မှုန်က လူနာ၊ ကျွန်တော်က ဆရာဝန်ပါ၊ လူနာကျန်းမာလာတဲ့အခါ ဆရာဝန်က လာဖို့လိုသေးလို့လား"

ဒေါက်တာငွေနှင်း ပြန်မေးလိုက်သည့် အမေးအတွက် မှုန်မှုန်လည်း အဖြေရ ပြန်ခက်သွားဟန်ရှိသည်။

"မှုန်မှုန်လေ....မှုန်မှုန်"

"ပြောပါ မှုန်မှုန်"

"မှုန်မှုန် ဆရာနဲ့ စကားပြောရတာ သိပ်ပြီး ကျေနပ်တာပဲ"

"ဆရာလဲ မှုန်မှုန်နဲ့ စကားပြောရတာကို ကျေနပ်ပါတယ်"

"ဆရာ့ကြောင့် မှုန်မှုန် ကျန်းမာလာတဲ့အတွက် မှုန်မှုန် ကျေးဇူးသိပ်တင်ပါတယ်"

"ဒါကတော့ တာဝန်ပဲလေ"

"ဆရာက မှုန်မှုန်ကို ကုသပေးတာ တာဝန်တစ်ခုလို့ပဲ သတ်မှတ်ထားလား"

ဒေါက်တာငွေနှင်း အဖြေရ ခက်သွားသည်။



ဘယ်လိုဖြေရမှာလဲ အပြေးအလွှား တွေးကြည့်မိသည်။

"ပြောပါဦး ဆရာရဲ့၊ တာဝန်အနေနဲ့ပဲလား"

"ဒီလိုလဲ မဟုတ်ပါဘူး"

ဒေါက်တာ ငွေနှင်း အကျပ်ရိုက်နေစဉ် ဒေါ်ရွှေခင် အခန်းထဲသို့ ဝင်လာသောကြောင့် အကျဉ်း အကျပ်မှ လွတ်မြောက်သွားသည်။

"ဒေါက်တာ၊ ဒီကနေ့ မနက်စာစားပြီးမှ ပြန်ပါလို့ ကိုကိုက မှာလိုက်တယ်"

ဒေါ်ရွှေခင်၏ စကားကို ပထမတွင် ငြင်းလိုက်ဦးမည် စိတ်ကူးသော်လည်း လူမှုရေးအရ မကောင်းတတ်သောကြောင့် လက်ခံလိုက်ရသည်။

"ဟုတ်ကဲ့ ဒေါ်ဒေါ်"

"ကဲ....မှုန်မှုန်လဲ တစ်ခါတည်း ဝင်စားလိုက်လေ"

"ဟုတ်ကဲ့ ဒေါ်လေး၊ မှုန်မှုန်လဲ စားမယ်"

မှုန်မှုန်က သွက်လက်နေသည်။ စိတ်အခြေအနေ နဂိုအတိုင်း ပြန်ဖြစ်သွားသည့်အတွက် ဒေါ်ရွှေခင် ဝမ်းသာမိသည်။

ဒေါက်တာငွေနှင်းလည်း ကြည်နူးရသည်။

မကြာခင် သူတို့ အောက်ထပ် ထမင်းစားခန်းသို့ ဆင်းလာခဲ့ကြသည်။

ထမင်းဝိုင်းတွင် အသင့်စောင့်နေသည့် ဦးဖေခင်ကို တွေ့ရသည်။

ဦးဖေခင်က ထိုင်ရာမှထ၍ လေးလေးစားစား ဖိတ်ခေါ်သည်။

"ကြွပါ ဒေါက်တာ၊ ကြွပါ၊ အားရပါးရ မြိန်မြိန်ရှက်ရှက် သုံးဆောင်ပါ"

ဒေါက်တာငွေနှင်းက ဦးဖေခင် ညွှန်ပြသည့်နေရာတွင် ဝင်ထိုင်လိုက်သည်။

ဖြစ်ချင်တော့ ဒေါက်တာငွေနှင်းနှင့် မှုန်မှုန်တို့က မျက်နှာချင်းဆိုင် ထိုင်ခုံများတွင် ကျနေကြသည်။

"ဩော်....ဦး၊ ကျွန်တော့်ကို ဒေါ်ဒေါ် ခေါ်သလို ရင်းရင်းနှီးနှီး မောင်ငွေနှင်းလို့ပဲခေါ်ပါ ခင်ဗျာ၊ ကျွန်တော်နဲ့ ဦးတို့ဟာ တစ်ရပ်ကွက်သားချင်းတွေပဲဥစ္စာ"

"ကောင်းပါပြီကွယ်၊ ဦးတို့အိမ်ကိုလဲ နောင် အမြဲဝင်ပါ၊ ထွက်ပါ"

"ဟုတ်ကဲ့ပါ ဦး"

ထမင်းဝိုင်းတွင် ဦးဖေခင်၏ အသံက အပေါ်လွင်ဆုံးဖြစ်နေသည်။

သမီးဖြစ်သူ၏ ကျန်းမာရေးအခြေအနေ ကောင်းမွန်လာပြီ ဖြစ်သောကြောင့် ဦးဖေခင် အရမ်းဝမ်းသာနေလေသည်။

ထမင်းစားပြီးကြ၍ ဧည့်ခန်းတွင်းသို့ရောက်သောအခါ ဦးဖေခင်က ဒေါက်တာငွေနှင်း ကြိုတင် တွေးမထားသည့် စကားကို ပြောလာလေတော့၏။



"မောင်ငွေနှင်း အခုလို အချိန်ကုန်ခံပြီး လာကုသပေးတဲ့အတွက် ဉာဏ်ပူဇော်ခအဖြစ် ဟောဒီငွေကို လက်ခံပါ၊ နည်းတယ်များတယ်လို့ မအောက်မေ့ပါနဲ့"

ဦးဖေခင်က အသင့်ထုပ်ထားသည့် ငွေစက္ကူထုပ်ကို ရှေ့သို့တိုးပေးရင်း ပြောလိုက်၏။

ဒေါက်တာငွေနှင်းက ငွေစက္ကူထုပ်ကို တစ်ချက် လှမ်းကြည့်ရင်း ခေါင်းကို သွက်သွက်ယမ်းခါပစ်လိုက်၏။

"ကျွန်တော် ဒီငွေတွေကိုလက်မခံပါရစေနဲ့ ဦး၊ မှုန်မှုန်ကို စပြီး ကုသပေးခဲ့စဉ်တုန်းကတည်းက ငွေမယူဖို့ ဆုံးဖြတ်ပြီးသားပါ၊ ဒီကုထုံးနဲ့ကုတဲ့ ဘယ်သူ့ကိုမှ ကျွန်တော် မယူဖို့ ဆုံးဖြတ်ထားပါတယ်၊ ဒီပညာ ကျွန်တော့်ကို သင်ပေးတဲ့ ဆရာကြီးတစ်ယောက်ဆိုရင် ကျွန်တော့်ထက်တောင် ပိုဆိုးသေးတယ်....

"သူက ငွေမယူရုံတင်မကဘူး၊ လူနာရှင်အိမ်က ကျွေးတဲ့ ထမင်းကိုလဲ မစားဘူး၊ လက်ဖက်ရည်၊ ကော်ဖီတို့လဲ မသောက်ဘူး၊ ကုန်ကုန်ပြောမယ် ဦးရယ်၊ ရေတစ်ခွက်တောင် မသောက်ဘဲ ပြန်တဲ့ လူစားမျိုး"

"ဟာ....ဒီလောက်တော့ လွန်လွန်းပါတယ် မောင်ငွေနှင်းရယ်"

"ဒါက ဆရာတွေရဲ့ သတ်မှတ်ထားချက်ပဲလေ၊ ဦးသဘောပေါက်မှာပါ၊ စေတနာအပြည့်အဝနဲ့ကုတဲ့ ပညာရပ်ကမှ ပိုပြီး တန်ဖိုးကြီးမှာ မဟုတ်လား၊ ငွေနဲ့မတိုင်းတာမဆုံးဖြတ်တာက ကောင်းပါတယ် ဦးရယ်"

ပြောပြောဆိုဆို ဒေါက်တာငွေနှင်းက ငွေစက္ကူထုပ်အား ဦးဖေခင်ဘက်သို့ ပြန်၍ တိုးရွှေ့ပေးလိုက်လေ၏။

ဦးဖေခင် အနေနှင့်လည်း ဒေါက်တာငွေနှင်း ပြောလိုက်သော စကားများမှာ ထိမိ အချက်ကျနေသောကြောင့် နောက်ထပ် တိုက်တွန်းရန် မဝံ့မရဲ ဖြစ်သွားလေတော့သည်။

"အင်းပေါ့လေ၊ ဦးကတော့ မောင်ရင့်ရဲ့ စေတနာကို ဘယ်လိုမှ မလွန်ဆန်နိုင်ပါဘူးကွယ်၊ ဒီအတွက်လဲ ကျေးဇူးအများကြီးတင်ပါတယ်၊ နောင်ကိုလဲ ဦးတို့အိမ်ကို မောင်ငွေနှင်း အချိန်မရွေး ဝင်နိုင် ထွက်နိုင်ပါတယ်၊ ဦးတို့မိသားစုကိုလဲ ဆွေမျိုးသားချင်းလိုသဘောထားပြီး မိသားစုဆရာဝန် အနေနဲ့လဲ ကူညီစောင့်ရှောက်ပေးပါ၊ အဲ....တစ်ခုတော့ ကြိုတင်ပြောထားမယ်နော်"

"ဘာများလဲ ဦး"

"ဩော်....အဲသလို မိသားစုဆရာဝန်အနေနဲ့ ကုသစရာရှိလို့ ကုသရပြီဆိုရင်တော့ မောင်ငွေနှင်း ယူသင့်ယူထိုက်တဲ့ အခကြေးငွေကို ယူပါလို့"

"ဩော်....ဟုတ်ကဲ့၊ ဆေးဖိုးဝါးခတွေ ကျလာပြီဆိုရင်တော့ ထိုက်သင့်သလောက် ယူသင့်ရင်လဲ ယူရမှာပေါ့ ခင်ဗျာ၊ ဒါပေမယ့် ဦး ပြောသလိုပဲ ဒီမိသားစုကို ကျွန်တော့် ဆွေမျိုးတွေလိုသတ်မှတ်ပြီး အကူအညီပေးသွားမှာပါ၊ စိတ်ချပါ"

"ကျေးဇူးတင်ပါတယ် မောင်ငွေနှင်း"



ဤကဲ့သို့ အချီအချပြောဆိုကြပြီးနောက်တွင် ထမင်းကို စားသောက်ကြလေ၏။

ထမင်းစားပြီးကြသောအခါ ဧည့်ခန်းတွင် ထိုင်ကြကာ စကားစမြည် ပြောဖြစ်ကြပြန်၏။ ထိုအခါ ဦးဖေခင်က မှုန်မှုန့်ဘက်သို့ လှည့်၍....

"ကဲ....သမီး၊ မောင်ငွေနှင်းက သမီးကို စေတနာ မေတ္တာနဲ့ ကုသပေးတာဆိုတော့ သမီးက ကျေးဇူးရှင် အနေနဲ့ ထိခြင်းငါးပါးနဲ့ သေသေချာချာ ကန်တော့လိုက်ပေတော့"

ဟု တိုက်တွန်းလိုက်လေရာ မှုန်မှုန်ကလည်း သွက်လက်စွာပင်....

"ဟုတ်ကဲ့ ဖေဖေ"

ဟု ပြောကာ ဆက်တီမှ ကြမ်းပြင်ပေါ်သို့ဆင်း၍ ထိုင်လိုက်လေ၏။

"ဟာ....ရပါတယ် မှုန်မှုန်၊ ကန်တော့စရာမလိုပါဘူး ထပါ"

"ဘယ့်နှယ် ကန်တော့စရာမလိုရမှာလဲလို့၊ လိုကိုလိုတယ် မောင်ငွေနှင်း၊ ကတညုတ ကတဝေဒီတဲ့ မောင်ငွေနှင်းရဲ့၊ သူတစ်ပါးရဲ့ကျေးဇူးကိုသိတတ်ခြင်းဟာ မင်္ဂလာ မည်ဘယ်ကွယ့်၊ ကျေးဇူးရှင်ကို ကန်တော့ကို ကန်တော့ရတယ်"

ဦးဖေခင်က ထိုကဲ့သို့ပြောနေစဉ် မှုန်မှုန်က ထိခြင်းငါးပါးဖြင့် ဦးသုံးကြိမ် ကန်တော့လေ၏။

ထို့နောက် ဒေါက်တာငွေနှင်းက ဦးဖေခင်ကို သတိပေးစကား ပြောရလေ၏။

"အခု မှုန်မှုန် နေကောင်းသွားပြီဆိုပေမယ့် နောင်ကို ဒါမျိုး ထပ်မဖြစ်ရအောင် ကြိုးစားဖို့လိုပါတယ်....

"အထူးသဖြင့် ဦးအနေနဲ့ မှုန်မှုန့်ကို ဆုံးမတဲ့အခါ ပါးစပ်နဲ့ပဲ ပဲ့ပြင်ဆုံးမဖို့ တိုက်တွန်းပါရစေ၊ မှုန်မှုန်က ငယ်တော့တဲ့အရွယ်လဲ မဟုတ်ပါဘူး၊ ဦးက ဒေါသကို လျှော့ပါ၊ ဒီလိုပြောရတဲ့အတွက် ကျွန်တော် အများကြီးစွန့်စားပြီးမှ ပြောရတာပါ၊ ဘုန်းကြီး စာချ၊ မိကျောင်းမင်း ရေကင်းပြ ဆိုသလိုမျိုး ဖြစ်နေမှာကြောက်လို့ပါ"

"ကိစ္စမရှိပါဘူး မောင်ငွေနှင်းရယ်၊ မှုန်မှုန့်အတွက် အမှန်တကယ်လိုအပ်လို့ ပြောတယ်ဆိုတာ ဦး နားလည်ပါတယ်"

ထို့နောက် ဒေါက်တာငွေနှင်းသည် ဦးဖေခင်၊ ဒေါ်ရွှေခင်၊ မှုန်မှုန်တို့ကို နှုတ်ဆက်ပြီးနောက် ထပြန်လေ၏။

မှုန်မှုန်က အိမ်ရှေ့အဝ ကားနားအထိ လိုက်ပို့လေ၏။ သူမ၏မျက်နှာ မကောင်းပေ။

ဒေါက်တာငွေနှင်းက သေသေချာချာ အကဲခတ်ကြည့်မိရာ....

မှုန်မှုန့်မျက်ဝန်းထဲတွင် မျက်ရည်ကြည်တွေ ဝေ့စီနေသည်ကို တွေ့ရလေ၏။



"ဪ....မှုန်မှုန်ရယ်"

ရင်ထဲမှာ ညည်းလိုက်မိသည်။

"ဆရာ....မကြာမကြာ လာလည်နော်"

ဒေါက်တာငွေနှင်းက ခေါင်းဆတ်ညိတ်ပြလိုက်မိသည်။

မှုန်မှုန့်ကို သူ နားလည်နေသည်။

သည့်အတွက် ဘယ်လို ဆုံးဖြတ်နေထိုင်သွားရမည်ကိုပါ ဒေါက်တာငွေနှင်းတစ်ယောက် နားလည်နေမိနေလေသည်။

●

## အခန်း (၁၆)

### လိပ်ပြာရှိရာ ပန်းအလှလာ

"ဒါတော့ မင်း မဘရားဘူးထင်တယ် ငွေနှင်း"

"ဘာကို မတရားတာလဲ"

"မှုန်မှုန့်ဆီကို ထပ်မသွားဘဲ သစ်စိမ်းချိုး ချိုးသလို လှုပ်လိုက်တာဟာ မင်း ရက်စက်ရာကျတယ်လို့ ငါ ထင်တယ်၊ မှုန်မှုန့်ဆီက ဖုန်းလာတဲ့အခါမှာလဲ မင်းက အလုပ်များနေသလိုလိုနဲ့ စကားတွေ ဖြတ်ဖြတ်ပစ်တယ်"

ဒေါက်တာရဲ့ထွန်းက မှုန်မှုန့်ကိုယ်စား သူငယ်ချင်းဖြစ်သူကို မကျေမနပ် ဖြစ်နေလေသည်။

“ပြောစမ်းပါဦး၊ မင်းက ဘယ်အချိုးနဲ့ လုပ်နေရတာလဲ၊ ဟိုက မင်းအပေါ်မှာ စွဲစွဲလမ်းလမ်း ဖြစ်နေရှာတယ် မဟုတ်လား ငွေနှင်း”

“ဒါကို ငါသိပါတယ် ရဲထွန်းရာ၊ မင်းကို ငါ ပြောပြီးပြီပဲ၊ လူနာနဲ့ဆရာဝန်ဆိုတာ စည်းကမ်းထားရတယ်လို့”

“ဟုတ်ပါပြီ၊ အဲဒါကို ငါ မငြင်းပါဘူး၊ ဒါပေမယ့် ခုဟာက တစ်မျိုးကွ၊ မင်း လှေနံဓားထစ်ဝါဒကို ကျင့်သုံးထားလို့ မရဘူး၊ မင်းလဲ လွတ်လပ်တဲ့လူ၊ မှန်မှန်ကလဲ လွတ်လပ်တဲ့လူ၊ အဲဒီလူအချင်းချင်း ငြိစွန်းသွားတော့ကော ဘာဖြစ်သလဲ၊ ဘယ်ဥပဒေနဲ့ တရားစွဲမလဲ၊ ဘာသာရေးအရကော အပြစ်ရှိသလား၊ မင်းတို့နှစ်ဦးက ဘယ်သူကမှ ကာမပိုင် မရှိကြဘူး”

“ဟုတ်ပါတယ်ကွာ၊ ဒါတွေ ငါ မငြင်းပါဘူး၊ ဒါပေမယ့် သူနဲ့ငါ နီးစပ်သွားမှာကို မလုံမလဲ ဖြစ်ချင်နေတယ်၊ ဒါကြောင့် မတွေ့ဖြစ်အောင် ရှောင်နေတာ”

ဒေါက်တာရဲထွန်းက သက်ပြင်းချရင်း ခေါင်းကို ယမ်းခါလိုက်သည်။

“မင်းလုပ်တာတွေ မဟုတ်သေးဘူးလို့ ငါထင်တယ် ငွေနှင်း”

“ငါ ဒီအသက်အရွယ်အထိ မဟုတ်တာ ဘာမှ မလုပ်သေးဘူးလို့ ငါထင်တယ်”



“မင်းပြောပုံအရ တွေးကြည့်ရရင်တော့ မှန်မှန့်အတွက် မလွယ်ဘူး”

ဒေါက်တာငွေနှင်းက သက်ပြင်းတစ်ချက်ရှိုက်လိုက်သည်။

ထိုကဲ့သို့ ဒေါက်တာရဲထွန်းနှင့် အချီအချ ပြောဆိုခဲ့ပြီး နောက်နေ့တွင်ပင် မမျှော်လင့်ဘဲ မှန်မှန် ဒေါက်တာငွေနှင်းအိမ်သို့ ရောက်လာသည်။ အဖော်အဖြစ် တွေးရီကို ခေါ်လာသည်။ ဒရိုင်ဘာကိုမှင်က လိုက်ပို့သည်။

မှန်မှန့်ကို ဖြုန်းခနဲ တွေ့လိုက်ရသောအခါ ဒေါက်တာငွေနှင်း ရင်ခုန်သွားသည်။

“မနေ့တုန်းက တစ်ခေါက်လာသေးတယ်၊ ဆရာအပြင်သွားနေတယ်ဆိုလို့”

“ဟုတ်တယ် မှန်မှန်၊ ဆရာဝန်အသင်း ညီလာခံသွားနေလို့”

“အဲဒါကြောင့် ဘယ်မှမထွက်ခင် အစောကြီး ဦးအောင်ရောက်လာတာ၊ အိပ်ရာကနိုးမိသလိုများ ဖြစ်သွားသလား”

မှန်မှန်က အားနာရိပ်မကင်းသော စကားကို ဆိုလိုက်သည်။

လှချင်တိုင်း ပွင့်လင်းစွာ လှပချောမွေ့သည့် မှန်မှန်ကို ဒေါက်တာငွေနှင်းက ရဲရဲမကြည့်ရဲချေ။

"ကျွန်တော် အိပ်ရာက နိုးနေတာကြာပါပြီ မှုန်မှုန်"

"ဘာမှတော့ မစားရသေးဘူး မဟုတ်လား"

"အင်း....ပေါင်မုန့်မီးကင်နဲ့ ကော်ဖီသောက်ဖို့ ရှိပါတယ်"

"အဲဒါတွေ ထားလိုက်ပါဆရာရယ်၊ မှုန်မှုန်တို့နဲ့ လိုက်ခဲ့ပြီး အပြင်မှာပဲ တစ်ခုခု စားပါလား"

"ဒီနေ့ အလုပ်လေးတွေများနေလို့ နောက်ကြုံမှပဲ...."

ဒေါက်တာငွေနှင်း၏ စကားကြောင့် မှုန်မှုန် မျက်နှာကွက်ခနဲ ပျက်သွား၏။

မှုန်မှုန့်လိုပင် ဒေါ်ရွှေခင်လည်း မျက်နှာမကောင်းပေ။

"ကိစ္စရောရှိသေးလား"

"မှုန်မှုန်တို့က ကိစ္စရှိမှ လာရမှာလား ဆရာရယ်"

မှုန်မှုန်ပြောသည့် လေသံကလေးက ငိုသံပါနေသောကြောင့် ဒေါက်တာငွေနှင်း စိတ်မကောင်းဖြစ်မိလေသည်။ သို့သော်လည်း မတတ်နိုင်၊ သူ့ကိုယ်သူ ချမှတ်ထားသည့် သံမဏိစည်းမျဉ်းကို ကျော်လွန်၍မဖြစ်။

ထို့နောက် မှုန်မှုန်တို့ တူဝရီးလည်း မျက်စိပျက် မျက်နှာပျက်နှင့် နှုတ်ဆက် ထပြန်သွားလေ၏။



လူမှုရေးအရ ကြည့်ကြည့်၊ ကိုယ်ချင်းစာ စိတ်နှင့်ပဲကြည့်ကြည့် ဖိတ်ခေါ်မှုကို လိုက်လျောသင့်ကြောင်း ဒေါက်တာငွေနှင်း နားလည်ပါသည်။

သို့သော် ယခုကဲ့သို့ မလိုက်လျောခဲ့ခြင်းမှာ သူ့ဆုံးဖြတ်ချက်ကြောင့်ဖြစ်သည်။

သူ့ရင်ထဲတွင် နားလည်နေသည်ကား တစ်ခုတည်းဖြစ်သည်။

မှုန်မှုန်က လူနာ၊ ဒေါက်တာငွေနှင်းက ဆရာ။

## အခန်း(၁၇)

### နှစ်ခါကွဲတဲ့အသည်း မဖြစ်စေချင်

"ဘာပြောတယ် ငွေနှင်း၊ မင်း ပြည်မှာသွားနေမယ် ဟုတ်လား"

"ဟုတ်တယ် ရဲဆွန်း၊ ပြည်မှာ ငါ့ညီမ ကြည်ကြည်တို့ လဲရှိတယ်လေ၊ ဒါပေမယ့် ငါသတ်သတ်နေဖို့ စီစဉ်မှာပါ"

"မင်းက ဘာသဘောလဲ၊ ဘာလဲ....မှုန်မှုန်ကို မင်း ရှောင်ချင်လို့လား"

ဒေါက်တာငွေနှင်းက ပြန်ဖြေရခက်နေသည်။

"ငါမေးနေတာ ပြောလေ ငွေနှင်း၊ မင်း မှုန်မှုန်နဲ့ ဝေးတဲ့နေရာမှာ သွားချင်နေလို့ မဟုတ်လား"

ဒေါက်တာငွေနှင်းက သက်ပြင်းရှိုက်လိုက်၏။

"အဲဒီလိုမလုပ်လို့ မဖြစ်တော့ဘူး"

"ဘာဖြစ်လို့လဲ"

"မှုန်မှုန် ငါ့ဆီကို အကြောင်းအမျိုးမျိုးပြပြီး ခဏခဏ လာနေတယ်၊ ကြာရင် မဖြစ်သင့်တာတွေ ဖြစ်ကုန်တော့မယ်"

"လာပြန်ပြီလား၊ ဒီမဖြစ်သင့်တာ ဆိုတဲ့ စကားကို ပြောပြန်ပြီလား၊ မင်းနဲ့ မှုန်မှုန်နဲ့ကြားမှာ မဖြစ်သင့်ဘူးဆိုတာ မရှိပါဘူးကွာ"

"ငါ့ဆုံးဖြတ်ချက်ကို မပြင်နိုင်ဘူး"

"ဒါဆိုရင်တော့ မင်းသဘောပဲ၊ ငါကတော့ လုံးဝ သဘောမတူဘူး၊ မင်းလိုပဲ ငါသဘောမတူတဲ့ အလုပ်ကို လုပ်တဲ့အတွက် မင်းပြည်သွားမယ့် ခရီးအတွက် အချိန် မပေးနိုင်ဘူး၊ လိုက်လဲ မပို့နိုင်ဘူး"

ဒေါက်တာရဲ့ထွန်းက ခါးခါးသီးသီးပင် ငြင်းလေ၏။

မတတ်နိုင်၊ ဆုံးဖြတ်ချက်ကိုတော့ ဒေါက်တာငွေနှင်း မပြင်တော့။

* * *

ဒေါက်တာငွေနှင်း ရန်ကုန်မှာ မရှိတော့ဘူး ဆိုသည့် သတင်းကို ကြားရသည်နှင့် မှုန်မှုန် အိပ်ရာထဲလဲလေတော့သည်။



ထုံးစံအတိုင်း မစားနိုင် မသောက်နိုင် တမှိုင်မှိုင်တတွေတွေ ပြန်ဖြစ်လာသည်။

ရက်ကြာလာတော့ ယူပစ်သလို ပိန်ချုံးကျသွားသည်။ ဒေါ်ရွှေခင်က တူမအတွက် စိတ်ပူရပြန်သည်။

အစ်ကိုဖြစ်သူနှင့် တိုင်ပင်ညှိနှိုင်းရပြန်တော့၏။

"နင် ဘယ်လိုသဘောရသလဲ ရွှေခင်"

"ကျွန်မ အထင်တော့ မှုန်မှုန်ဟာ မောင်ငွေနှင်းကို မတွေ့ရရင် ဒီပုံစံနဲ့ ကြာရင် လုံးပါးပါးလိမ့်မယ် ကိုကို"

ဒေါ်ရွှေခင့်စကားကြောင့် ဦးဖေခင် မျက်နှာ အကြီးအကျယ် ပျက်သွားသည်။

"ဒါဆိုရင် ငါတို့ ဘယ်လိုလုပ်ကြမလဲ၊ ဘယ်လိုလုပ်သင့်သလဲ"

ဦးဖေခင် လေသံက တုန်ယင်နေသည်။

"ဘယ်လိုလုပ်ရမလဲ ကိုကို၊ မောင်ငွေနှင်း ရှိတဲ့ဆီကို ကျွန်မတို့ လိုက်သွားကြရမှာပေါ့"

"ကောင်းပါ့မလား"

ဦးဖေခင်က သက်ပြင်းရှိုက်ရင်း ပြောလိုက်သည်။

"မကောင်းလဲ မတတ်နိုင်ဘူး၊ ဒီတစ်လမ်းပဲ ရှိတယ် ကိုကို၊ ကျွန်မတူမလေးရဲ့ အသည်းကို နှစ်ခါ အကွဲမခံနိုင်ဘူး"

ဦးဖေခင် မျက်မှောင်ကြီး ကြုတ်ထားလိုက်လေသည်။ ဒေါ်ရွှေခင်က အားမလိုအားမရဖြင့် အစ်ကိုဖြစ်သူအား ကြည့်သည်။

“ဘာယ်လိုလဲ ကိုကို၊ ကျွန်မနဲ့မှုန်မှုန်တို့ ပြည်ကို လိုက်သွားဖို့ ကိုကို သဘောတူလား”

“အခုမှတော့ ဘာဘတ်နိုင်တော့မှာလဲ၊ သဘောမတူရင် နင်ပြောသလို ငါလဲ သမီးတစ်ယောက်လုံး အရှုံးမခံနိုင်ဘူး ရွှေခင်”

ဦးဖေခင်က ငိုသံပါကြီးဖြင့် ပြောလိုက်သည်။

“ဪ….နေဦး ရွှေခင်၊ နင်တို့သွားရင် ငါ မောင်ငွေနှင်း အတွက် စာတစ်စောင်ပါ ရေးပေးလိုက်ဦးမယ်”

“အဲဒါ ပိုကောင်းတယ် ကိုကို၊ သူ့ရဲ့သူငယ်ချင်း ဒေါက်တာ ရဲထွန်းဆိုတဲ့ သူငယ်နဲ့ မောင်ငွေနှင်းရဲ့ဆေးခန်းမှာ တွေ့ခဲ့တယ်၊ မောင်ငွေနှင်း မရှိတုန်း သူ့ဆေးခန်းကလူနာတွေကို လာကူပြီး ကုပေးနေတာတဲ့”

“ဟုတ်လား၊ ဒေါက်တာရဲထွန်းက ဘာပြောသေးလဲ”

“သူက သေသေချာချာ ပြောလိုက်တာ၊ မောင်ငွေနှင်း အနေနဲ့လဲ မှုန်မှုန့်အပေါ်မှာ စိတ်ညွတ်နေပြီမို့ သမားကောင်းတစ်ယောက် ပီသစွာ လူနာတစ်ယောက်နဲ့ အငြိအစွန်း မခံချင်လို့ ရှောင်ပြေးတာ သေချာတယ်တဲ့ ကိုကို”

သည်တော့မှပင် ဦးဖေခင်၏ မျက်နှာကြီးမှာ လင်ပုပ်ဖမ်းရာမှ လွတ်သွားသည့် မြူတိမ်ကင်းစင်သည့် လမင်းကြီး သဖွယ် ဖြစ်သွားလေတော့၏။

“ဒါဆိုရင် နင်တို့တူဝရီးအမြန်ဆုံးလိုက်သွားဖို့ပြင်ဆင်၊ ငါလဲ စာအမြန်ရေးလိုက်မယ် ရွှေခင်”



မောင်နှမနှစ်ယောက်သား တိုင်ပင်ညှိနှိုင်း ဆုံးဖြတ်ပြီးကြသည်နှင့် ဒေါ်ရွှေခင်သည် မှုန်မှုန့်ကို အကျိုးအကြောင်း ပြောပြလေ၏။

မှုန်မှုန်လည်း အကျိုးအကြောင်း သိရသည်နှင့် ဝမ်းမြောက် ဝမ်းသာ ဖြစ်သွားကာ အစားအစာများကို ချက်ချင်း စားလေ၏။ ဖြိုးဖြိုးလိမ်းလိမ်း ပြင်ပြင်ဆင်ဆင် လုပ်တော့၏။

အမြန်ဆုံး ကျန်းကျန်းမာမာ ပြည့်ပြည့်ဖြိုးဖြိုးဖြစ်လာမှ ဒေါက်တာငွေနှင်းဆီကို အမြန်ဆုံးလိုက်သွားနိုင်မည် မဟုတ်ပါလား။

## အခန်း (၁၈)

### ငွေနှင်းမှုန်မှုန်

နေဝင်ရိတရော အချိန်ကလေးတွင် ဧရာဝတီမြစ်ကမ်းနဖူးတွင် ထိုင်လျက် မြစ်ရေပြင်ကို ငေးမျှော်ကြည့်ရှုရသည့်အခါ လွမ်းစရာ ကောင်းလွန်းလှလေသည်။

အထူးသဖြင့် ဒေါက်တာငွေနှင်းကဲ့သို့ အလွမ်းဓာတ်ခံရှိသူ တစ်ယောက်အတွက် ပို၍လွမ်းစရာ ကောင်းနေလေတော့သည်။

မြစ်ထဲတွင် ခုတ်မောင်း သွားလာနေကြသည့် ပဲ့ချိတ်မော်တော်လေးများ၊ လှေကလေးများကို ကြည့်ကာ သက်ပြင်းအကြိမ်ကြိမ် ချနေမိသည်။

ဤနေရာတွင် သူထိုင်နေသည်မှာ အကြာကြီးရှိနေပြီ....

မြည်မြို့ရှိ ရောဝတီမြစ် အလှသည် ပန်းချီကားတစ်ချပ်ကဲ့သို့ ကြည့်၍မရိုးနိုင်ချေ။

ဤကဲ့သို့ လှပသော ရှုမျှော်ခင်း ပန်းချီများကို မိမိတစ်ဦးတည်းမဟုတ်ဘဲ မိမိချစ်မြတ်နိုးရသူနှင့်အတူ ကြည့်ငေး မြိုးလျက် ပျော်လျက်နေရပါလျှင် အဘယ်မျှ ကြည်နူးဖွယ်ကောင်းမည်နည်း။

"ဆရာ....ဆရာ"

ဒေါက်တာငွေနှင်း သူ့ကိုယ်သူ သံသယ ဖြစ်သွားမိသည်။

စိတ်စွဲလမ်းစိတ်တွေ များလွန်းလို့ မှုန်မှုန့်အသံကလေးတွေ ကြားယောင်နေမိသည်လား....

"ဆရာ....ဆရာ"

ဟော....ထပ်ပြီး ကြားရပြန်ပြီ။

ဒေါက်တာငွေနှင်း ငြိမ်မနေနိုင်တော့၊ သူ့နောက်သို့ ဖျတ်ခနဲ လှည့်ကြည့်မိသည်။

သူ့မျက်စိကို သူမယုံချင်။

မှုန်မှုန် တကယ် လျှောက်လာနေပါရောလား။



ဒေါက်တာငွေနှင်းက ထိုင်နေရာမှ ဖျတ်ခနဲ ထရပ်လိုက်ပြီး....

မှုန်မှုန်က အနားရောက်လာသည်နှင့် အပြေးတစ်ပိုင်းပို၍ မြန်လာသည်။

ဒေါက်တာ ငွေနှင်းကလည်း ပြောမပြတတ်သော လှိုက်လှဲဝမ်းသာမှုမျိုးဖြင့် ဆီးကြိုခေါ်ငင်လိုက်သည်။

"မှုန်မှုန်ရယ်....မှုန်မှုန်ရယ်"

"မှုန်မှုန်....မှုန်မှုန်ရယ်"

"လိုက်လာတယ်နော်...."

မှုန်မှုန် ဘာမှပြန်မဖြေနိုင်ဘဲ ဒေါက်တာငွေနှင်း အရှေ့တွင် ရပ်တန့် ငြိမ်သက်လျက် မျက်ရည်များ စီးကျလာသည်။

"ဆရာ....မှုန်မှုန့်ကို ရက်စက်တယ်"

မှုန်မှုန့် စွပ်စွဲချက်ကို ဒေါက်တာငွေနှင်းက ခေါင်းယမ်းပြီး ငြင်းပယ်လိုက်၏။

"ကိုယ်....ရက်စက်တာ မဟုတ်ပါဘူး မှုန်မှုန်ရယ်၊ တကယ်တော့ ကိုယ်စောင့်ထိန်းခဲ့တာပါ"

"မှုန်မှုန် ဆရာ့ကို မခွဲနိုင်ဘူး ဆရာ"

“ကိုယ်နားလည်ပါတယ် မှုန်မှုန်၊ မှုန်မှုန့်ရင်ထဲမှာ စွဲစွဲလမ်းလမ်း ဖြစ်နေတဲ့အရာ၊ မှုန်မှုန့်ကို ထားခဲ့ပြီး ဘဝသစ်ထူထောင် အိမ်ထောင်ကျသွားပြီဖြစ်တဲ့ ကိုခိုင်ခန့်ကို မေ့လိုက်အောင်လုပ်ပြီးတဲ့ အချိန်မှာ မှုန်မှုန့် ရင်ထဲမှာ တစ်စုံတစ်ခု အစားထိုး ဝင်ရောက်သွားခဲ့ပြီလို့ နားလည်ခဲ့ပါတယ်”

“ဒါနဲ့များ ဆရာရယ်”

“ကုသပေးတဲ့ဆရာနဲ့ လူနာဟာ သာမန်မေတ္တာမျိုးထက် မပိုသင့်ဘူးလို့ ယူဆဆုံးဖြတ်ခဲ့မိလို့ ခုလိုဝေးရာကို ထွက်လာခဲ့မိတာပါ မှုန်မှုန်၊ တကယ်တော့ ကိုယ်ရက်စက်တာမဟုတ်ဘူး မှုန်မှုန်၊ မှုန်မှုန့်ကို ကိုယ်မရက်စက်နိုင်ပါဘူး”

“ဒါဖြင့်....”

“မှုန်မှုန့်ကို ကိုယ့်အမှန်အတိုင်း ဝန်ခံရမယ်ဆိုရင် မှုန်မှုန် အံ့ဩသွားလိမ့်မယ်”

“ဘာဖြစ်လို့”

“မှုန်မှုန့်ကိုကိုယ်စမြင်ရတဲ့နေ့ အလှူကို မှုန်မှုန် ဒေါ်လေးရွှေခင်နဲ့အတူ ပါလာတဲ့နေ့မှာပဲ ကရုဏာစိတ်နဲ့ စိတ်ဝင်



စားမိတယ်၊ ပြီးတော့ တစ်ပြိုင်တည်းမှာပဲ ချစ်ခဲ့မိတယ် မှုန်မှုန့်ရယ်”

“အို....ဆရာရယ်”

ဒေါက်တာငွေနှင်းက မှုန်မှုန့် လက်ကလေးကို တယုတယ ဆုပ်ကိုင်လိုက်မိသည်။

မှုန်မှုန်ကလည်း ကျေနပ် ရင်ခုန်စွာဖြင့် မရုန်းမဖယ်ဖြစ်....

‘ဩော်....ဒေါ်လေး ရွှေခင်ဆိုလို့ ဒေါ်လေးကော ပါခဲ့တယ် မဟုတ်လား မှုန်မှုန်”

“ပါတာပေါ့၊ ဟို ပန်းခြံထဲမှာ စောင့်နေတယ်လေ ဆရာ”

“ခုအချိန်ထိ ဆရာလို့ ခေါ်တုန်းပဲလား”

“ဆရာလို့ မခေါ်ရဘူးလား”

“ဟင့်အင်း”

“ဒါဖြင့် ဘယ်လိုခေါ်ရမလဲ”

“ကိုကိုလို့ခေါ်ရင် မကောင်းဘူးလား”

“ကိုကိုဆရာလို့ ခေါ်မယ်လေ”

"အင်း....ဒါလဲ ကောင်းသားပဲ"

သူတို့နှစ်ဦးသား နီးကပ်သွားကြချိန်တွင် မှောင်ရိပ်သန်းလာပြီဖြစ်၏။

ဆောင်းတွင်းကာလဖြစ်၍ ငွေနှင်းကလေးတွေ မှုန်ဝေစွာ ကျလာနေကြပြီဖြစ်၏။

ထိုအချိန်တွင် ဒေါက်တာငွေနှင်းနှင့် မှုန်မှုန်တို့သည်....

ဇေယျတု သဗ္ဗမင်္ဂလာ

လင်းဆောင်ဆင်